www.burmeseclassic.com



www.burmeseclassic.com

ရယ်သောသူ အာပြမည်...ဆိုတဲ့

# အချစ်တော်

## ဟာသလုံးချင်းဝတ္ထုသစ်များ

- အေးရာအေးကြောင်းနေ့် ..ချစ် (ထွက်ပြီး)
- ချစ်မှာပဲ (ထွက်ပြီး)
- မန်းမြို့သူ (ထွက်ပြီး)
- မင်းနဲ့ကြိုက်တဲ့ငါ့ရည်းစား (ထွက်ပြီး)
- မချစ်ဘူးလို့ မပြောရဘူး (ထွက်ပြီး)
- မော်ဒယ်လ်ဆယ်ယောက် ကိုယ်တစ်ယောက် (ထွက်ပြီး)
- မိန်းမဟူသမျှ ငါတို့၏စကားမြစ်၌ မျောကြစေသတည်း (ထွက်ပြီး)
- ချစ်တယ်ဆို ငိုမှာပဲ (ထွက်ပြီး)
- မင်းလက်လေးကို ကိုင်ချင်လွန်းလို့ (ထွက်ပြီး)
- တစ္ဆေချစ်သော ကျွန်တော် (ထွက်ပြီး)
- ရင်ဘတ်ထဲမှာစေတဲ့နှင်း (ထွက်ပြီး)
- ချစ်ဖူးတဲ့လား (ထွက်ပြီး)
- ရိုက်ကွင်း (ထွက်ပြီး)
- တိုင်ပတ်တဲ့အသည်း (ထွက်ပြီး)
- ကျွန်တော်ချစ်သော ဖူးပွင့်စေ (ထွက်ပြီး)
- နေခြည်တွေးမှ နွေးမည်ထင် (ထွက်ပြီး)
- ရာသီသစ်နဲ့ချစ်ပါ့မယ် (ထွက်ပြီး)
- နာဂစ်မွှေတဲ့နှလုံးသား (ထွက်ပြီး)
- မင်းကိုချစ်တယ် (ထွက်ပြီး)
- တောင်ပြုန်းမှာမောင်ပုန်းပါနဲ့ (ထွက်ပြီး)

BURMESE CLASSIC

### ယခုလ

ချစ်လွန်းလို့မှန်း

### ဆက်လက်၍

- ☐ အချစ်မိုင်ပေါင်း ထောင့်ခြောက်ရာ
- ☐ လမှတန်းက မလွမ်းပုံ
- ☐ သိသိကြီးနဲ့

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁)

"ရှင့်ကို ကျွန်မမုန်းတယ်"

"ရှင့်ကို ကျွန်မမုန်းတယ်. ."

"ရှင့်ကို ကျွန်မမုန်းတယ်. . မုန်းတယ်. . မုန်းတယ်. . မုန်းတယ်. . မုန်းတယ်. . မုန်းတယ်. ."

ဖူးငုံနှင်းဆီရဲ့အသံများက လေထဲမှာ ဟိန်းထွက်ပျံ့လွင့်နေတယ်။

သူမရဲ့အသံကြောင့် အနီးရှိသစ်ပင်မှ ကျီးကန်းတစ်အုပ် လန့်ပျံပြေးကြတယ်။

ပျံပြေးရင်း သူတို့ကျီးဘာသာ (မာဂဓ) စကားဖြင့် စဉ်းစားမိတာက. .

'ဟိုက်. . ငါတို့ထက်တောင် အသံစာနေပါလား။ သူ့ကိုကြည့်ရင်တော့ လှတပတနဲ့ စွဲမက်စရာ. .'



www.burmeseclassic.com

www.burmeseclassic.com



အရေးထဲ ကျိုးကန်းက ဘူးကျနေသေးတယ်။ လောက်လေးစာ မိမှ လှတာပတပြုတ်ကျရမှာ သူမတွေး..။

ဘာပဲဖြစ်ဖြစ် ဒီကျိုးအုပ်ထဲမှာ သူက ခေါင်းဆောင်ကျိုးဖိုဆို တော့ ကျန်ကျိုးတွေ ဒုက္ခမဖြစ်စေဖို့ သတိပေးသံဖြင့် အော်ရာပါသေး တယ်။

"အ..အာ..အား..အ..အ..အ..အ.."

အမိပ္ပာယ်မှာ..

"လှတာမမက်နဲ့။ ညစာခက်မယ်။ ပြေးကြ..ပြေးကြ" ဟူ သတည်း။ (ယုံ)

ကျိုးကန်းတွေတောင်လန့်ပျံပြေးကြပါလျက် မပြေးဘဲ ငေါင်စီစီ နှင့် ရပ်နေသူ လူသားတစ်ယောက်ရှိလေရဲ့။

နေလင်း (ခ) သူရိန်မင်း..။

လူပုံစံက တစ်မျိုး..။

အသားက မညိုတညို။ မျက်ခုံးက မကောင်းတကောင်း။ နှာတံ ပွစိစိ။ မျက်လုံးက မွေးသလိုလို၊ မမွေးသလိုလို။ ဆံပင်က ကောက်ချိတ် ချိတ်၊ တိုနံ့နံ့။ နှုတ်ခမ်းမွေးက ခပ်ရေးရေး။ အရပ်က ငါးပေလေးလက်မ။

ဘယ်လိုကြည့်ကြည့် သိပ်အဆင်မပြေလှ။ ဒီကြားထဲမှာ..

လည်ကတုံးရှပ်အကျီအဖြူလက်တိုနဲ့ ယောလုံချည်အညိုဝတ် ထားတယ်။ လွယ်အိတ်ခပ်ကြီးကြီးတစ်လုံးကို ထုံး၍လွယ်ထားသေးတယ်။

ပါဝါပါလား၊ မပါလား မသိရတဲ့ မျက်မှန်ကြီးက တဝင်းဝင်း။ စတိုင်လ်ကတော့ စာရေးဆရာ၊ အယ်ဒီတာကြီးစတိုင်လ် ပီသတယ်။ သူ့အလုပ်နဲ့ သူ့ရုပ်က အံဝင်ခွင်ကျ။

နေလင်းက ငေါင်စီစီရပ်နေရင်း သူ့ရှေ့မှာရှိနေတဲ့ ဖူးငုံနှင်းဆီ ကို အူကြောင်ကြောင်နဲ့ လှမ်းကြည့်တယ်။

"နှင်းဆီ..မင်းဘာတွေဒေါ်နေတာလဲ။ ကျိုးခြောက်နေတာ လား။ ရှူး..ရှူးလို့ အော်ရမှာလေ"



www.burmeseclassic.com

www.burmeseclassic.com



သူ့စကားကြောင့် ဖူးငုံနှင်းဆီတင်းသွားတယ်။ ခါးထောက်ပြီး
မုန်တွေ့လိုက်တယ်။

"ဘာမှ ကြောင်လိုလို၊ ကျားလိုလို လာလုပ်မနေနဲ့။ ဘာကျိုးမှ
ခြောက်ဘူး။ ရှင့်ကိုခြောက်နေတာ"

"ဟီး . . မနောက်နဲ့ကွာ။ မင်းက ခြောက်ရအောင် တစ္ဆေလည်း
မဟုတ်ဘဲနဲ့"

"ဒီမှာကိုနေလင်း . . ။ ကျွန်မပြောနေတာ ရှင့်ကို။ ရှင့်ကို မုန်း
တယ် . . သိပ်မုန်းတယ်။ ရှင် . . ကျွန်မမျက်နှာကို မထောက်ဘူး"

"ရှင့်ကိုမုန်းတယ် . . မုန်းတယ် . . မုန်းတယ်"

ဖူးငုံနှင်းဆီက တုန်ခါစွာအော်လေတော့ သူမကိုကြည့်ပြီး နေ
လင်းစဉ်းစားမိတာက . !

'ဩော် . . ဒါ . . ဟိုသီချင်းခွေထဲက သူထူးစံနဲ့ပုလဲဝင်း တဲ့တား
အေးမှာ သရုပ်ဆောင်ထားတာကို လာလုပ်ပြနေတာကိုး။

နေပါဦး . . ။ အဲဒီထဲမှာ သူထူးစံက မင်းကိုမုန်းတယ်လို့အော်၊
ပုလဲဝင်းက နားပိတ် ငိုပြေး။ အခု ဘယ့်နှယ် . . သူက မုန်းတယ်အော်နေ
ရတာလဲ၊ မဖြစ်ပါဘူး။ မှားနေတယ်။ အော်ချင်းအော် ငါက အော်ရမှာ'

တွေးလည်းတွေး၊ လက်တွေ့လည်း အကောင်အထည်ဖော်ပစ်
လိုက်တယ်။

"ဖူးငုံ . . မင်းမှားနေတယ်။ မင်းပါးစပ်ပိတ်။ မင်းကို ငါမုန်း
တယ်"

"ရှင် . . "

"မရှုပ်နဲ့။ မင်းကို ငါမုန်းတယ်။ မင်း . . ငါ့မျက်နှာကို မထောက်
ဘူး။ မင်းကို ငါမုန်းတယ် . . မုန်းတယ် . . ဟဲ . . ဟဲ . . "

တကယ်တော့ သူထူးစံပြောတဲ့ထဲမှာ 'ဟဲ . . ဟဲ' မပါဘူး။ သူက
အဆစ်ထည့်လိုက်တာ။ မှတ်ကရောပဲ။

နေလင်းရဲ့အပြုအမူကြောင့် ဖူးငုံနှင်းဆီ ကြောင်သွားတယ်။



www.burmeseclassic.com

www.burmeseclassic.com



ပြောရင်း ချာခနဲလှည့်ပြေးသွားတဲ့ နေလင်းကိုကြည့်ပြီး နှင်းဆီ မကျေမနပ်ပြောလိုက်တယ်။

"တောက်. . အရှိန်လေးရတုန်း ဖိတွယ်မလို့ဟာ။ ထွက်ပြေး သွားတယ်။ မသကာဆို သူက ရှင်းပြတောင်းပန်။ ငါက မျက်နှာချို လေးသံမြှင့်။ ဒေါ်စန်းစန်းနွဲ့လို စတိုင်လ်ဖမ်းလုပ်ပြရမှာကို။ ဟင်း. . အကွက် တွေကျန်သွားပြီ"

ဖူးငုံနှင်းဆီ ဘာတွေပြောပြော နေလင်းကတော့ လှည့်ကြည့် ဖော်ပင် မရတော့ဘူး။

နားပိတ်ပြေးရမယ့်အစား ဗိုက်နှိပ်ပြေးလေသူ အူကြောင်ကြား ချစ်ရလွန်းသူ နေလင်းကို နှင်းဆီမျက်စိတစ်ဆုံးကြည့်နေမိတယ်။

နေလင်းပြေးရာအရပ်ကို ကွက်ကွက်ကွင်းကွင်းသိလိုက်ရချိန် မှာတော့ နှင်းဆီ 'ဟိုက်' ခနဲဖြစ်သွားရရှာပေ့ါ။

ဟုတ်ပ့ါ. . ။

နေလင်းဗိုက်နှိပ်ပြေးရာအရပ်က 'ကျားအိမ်သာ' ဆီသို့။

"တောက် . . သူမခံစားနိုင်တော့ဘူးဆိုတာ ဒါကြောင့်ကိုး၊ မနေ့က ဘာတွေအလကားရတိုင်း အစားကြူးထားသလဲပဲ၊

"ဝို. . ဝို. . ဝို. . "

"ဟောတော့်. . ငါ့ဗိုက်ထဲကလည်း အချက်ပြနေပြီ၊ ငါလည်း ပြေးမှ. . "

ဆိုပြီး ဗိုက်ကလေးနှိပ်၊ ရှုံ့မဲ့မဲ့နဲ့ သုတ်ခြေတင်နေသူ လုံတပတ လေးရဲ့ ဦးတည်ရာအရပ်ကလည်း 'မအိမ်သာ" ဆီသို့. . ၊

မနေ့က သူလည်း အိမ်မှာ အကင်တွေ အပြတ်စားပြီး အအေးတွေ ခွသောက်ထားသည်ကိုး။

ဤသို့ဖြစ်ရလေခြင်းကို ဇာတ်ရည်လည်အောင် ရှင်းပြရမယ် ဆိုရင်ဖြင့်. . ၊

***



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂)

"ဒိုင်းညှောင့် အရိုးညွန့် . . ဟွန့် . . ဟွန် . . ဟွန့် . . "

နေလင်းက ပါးစပ်သေနတ်ပစ်ပြနေတယ်။ သူ့သူငယ်ချင်းတစ်စုကတော့ ဝိုင်းအားပေးနေကြတယ်။

"ဟော့ကောင် နေလင်း . . ။ ကျော်ရဲအောင်အသံနဲ့ နေတိုးအသံ ရောပြီးသရုပ်ဆောင်ပြ"

"အေး . . ဟုတ်တယ်။ ဖက်စပ်အသံ ကြားချင်တယ်"

ဝိုင်းကျပ်နေကြတာ။ ဘယ့်နှယ် . . ကျော်ရဲအောင်ဆိုလည်း ကျော်ရဲအောင်ပေ့ါ။ နေတိုးဆိုလည်း နေတိုးပေ့ါ။

ကျော်ရဲအောင်က အသံကျယ်တယ်။ ဝမ်းခေါင်းသံပါတယ်။ နေတိုးက အသံတိုးချင်တယ်။ လည်ချောင်းသံလောက်ပဲ ပါချင်တယ်။ အဲဒ်နှစ်မျိုး ဘယ်လိုစပ်ပြီး ပြောရမလဲ။ ပြော . . ။

ဘယ်အသံတုဆရာမှလည်း အဲဒီလိုမျိုး မပြောခဲ့ဖူးဘူး။ ဒါပေမဲ့



www.burmeseclassic.com

www.burmeseclassic.com



နေလင်းက နပ်တယ်။

သူက အသံတုလုပ်တာ ဝါသနာပါတယ်။ တခြားဟာတွေတော့ အတုမလုပ်တတ်ပါဘူး။ လေးရာ့နှစ်ဆယ်နဲ့ ငြိသွားမှာစိုးလို့လေ။

သူ့ဝါသနာက အသံတုရယ်၊ စာရေးဆရာအလုပ်ရယ်။ ဒါပါပဲ။

ရွာမှာ ဘုရားပွဲတို့ မီးထွန်းပွဲတို့ဆို သူက ပြဇာတ်ကသေးတာ။ ဒါရိုက်တာလုပ်တယ်။ ကိုယ်တိုင်မင်းသားလုပ်တယ်။ အသံတုလည်း လုပ်ပြလိုက်သေးတာ။

ရွာဘုရားပွဲ ပြဇာတ်ကရင်း အသံတုလုပ်ပြကောင်းလို့ ရွာလူကြီးရဲ့ ဆုပေးတာတောင် ခံလိုက်ရသေးတယ်။ ထိတ်တုံးတစ်နေ့အခတ်ခံလိုက်ရတာလေ။

ဖြစ်ပုံက ဒီလို. . ။

ရွာဘုရားပွဲမှာ နေလင်းက ပြဇာတ်ကတယ်။

ပြဇာတ်နာမည်က 'မင်းမပြောနဲ့၊ ငါသိတယ်'. . တဲ့။

အဲဒါက ရွာလူကြီးဦးဖိုးကြွာရဲ့လက်သုံးစကား။ ရွာမှာ ဘာလုပ်လုပ်၊ ဘာဖြစ်ဖြစ် စကားပြောရင် 'မင်းမပြောနဲ့၊ ငါသိတယ်'ဆိုတဲ့ စကားနဲ့ ရှေ့ကပိတ်ပိတ်ပြောတတ်တယ်။

ဇာတ်ဝင်ခန်းမှာက ရွာသူကြီးရဲ့သမီးက တစ်ရွာသားနဲ့ ခိုးရာလိုက်ဖို့ ပြင်နေတယ်။

အဲဒီအချိန်မှာ သူကြီးတပည့်တစ်ဦးက သိလို့ သူကြီးကိုပြောဖို့ အချိန်မီပြေးလာတယ်။

သူကြီးကလည်း ရွာသားတွေနဲ့ အစည်းအဝေးလုပ်နေတယ်။ ရွာသားတွေက ဘာပြောပြော သူကြီးက 'မင်းမပြောနဲ့၊ ငါသိတယ်' ချည်း လုပ်နေတာ။

အဲဒီအချိန်မှာ အပြေးဝင်ချလာတဲ့ သူ့တပည့်က မောကြီးပန်းကြီးနဲ့ သူကြီးသမီးကိစ္စ ပြောမယ်လုပ်တယ်။

"သူ. . သူ. . သူကြီးခင်ဗျာ. . "



www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲ. .။ မင်းမပြောနဲ့။ ငါသိတယ်"

"အန်. ."

"အန်ချင် အပြင်သွားအန်။ မင်းမပြောနဲ့။ ငါသိတယ်"

"ဟုတ်. . ဟုတ်ကဲ့"

သူ့တပည့် ကုပ်ချောင်းချောင်းနဲ့ လှည့်ထွက်သွားရတယ်။ စဉ်းစားသေးတာက. .

'သူကြီးအပါးပဲ။ သူ့သမီးကိစ္စ သူကြီးသိနေပုံပဲ။ သူစီစဉ်ပြီးပြီမို့ အေးနေတာနေမှာ'

လို့ တွေးပြီး ထန်းရည်တဲမှာ သွားမော့နေတော့တယ်။

နောက်တော့မှ သူ့သမီးလင်နောက်လိုက်သွားတာကို သူကြီးသိရတော့တယ်။ သိရချိန်မှာ တစ်ရွာသားနဲ့ သူ့သမီးက ဘေးကင်းရာရောက်နေကြပြီ။ တွတ်ထိုးရင်း တိုးတိုး တိုးတိုးနဲ့ ပျိုးနေကြပြီ။ (ရှေ့ခရီးဆွဲးနွေးဖို့ အစပျိုးနေကြတာပါခင်ဗျ။)

အဲဒီအချိန်မှာ သူကြီးကတော်ကသိလို့ သူကြီးကိုပြောဖို့ ဖွင့်လိုက်တယ်။

"ကိုဖိုးကြာ. . ရှင်သိပြီးပြီလား"

"သိပြီးပြီ။ မင်းမပြောနဲ့။ ငါသိတယ်"

သူကြီးစကားကြောင့် သူကြီးကတော် ဘာမှမပြောတော့ဘူး။

ဒါပေမဲ့ ပရိသတ်ဘက်လှည့်ပြီး စကားတစ်ခွန်းတော့ ပြောလိုက်တယ်။

"ဟွန့်. . သိပေလို့ပဲ။ မသိများမသိရင်တော့ ခုလောက်ရှိ သူ့သမီး ကလေးတစ်ဒါဇင်လောက် မွေးပြီးပေါ့"

ပရိသတ်တွေ ဝါးခနဲပွဲကျသွားကြတယ်။ ဝါးခနဲ ပွဲမကျဘဲ ရဲခနဲ မျက်နှာပျက်သွားတာကတော့ ရွာလူကြီးပဲ။

နေလင်း သူ့ကိုဖွဲ့နေပြီဆိုတာ သိတယ်။ ဒါပေမဲ့ ဘေးထိုက လုပ်တာဆိုတော့ ဘာမှမပြောသာဘူး။



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့. .

ရွာပွဲပြီးတော့ ဦးဖိုးကြာရဲ့သမီး တကယ်ပဲ တစ်ရွာသားမောင်ရွှေသွားနဲ့ ခိုးရာလိုက်သွားတော့တယ်။

ဒါဟာ နေလင်းရဲ့စနက်၊ ကြိုတင်လမ်းပြမှုကြောင့်ပဲဆိုပြီး ရွာလူကြီးက နေလင်းကို ခေါ်မေးတယ်။

"ငါ့သမီး ကြာပွင့်ခိုင် ဖြားယောင်းသွေးဆောင်ခံရတာ မင်းကြောင့်မဟုတ်လား"

"ဟို. . ဟို. . ဒါ. . ဒီလိုရှိပါတယ်"

"တော်. . မင်းမပြောနဲ့။ ငါသိတယ်"

"ဟင်. . ဘာမှမပြောရသေး. ."

"မင်းမပြောနဲ့။ ငါသိတယ်။ အခု ငါ့သမီးဘယ်မှာလဲ"

"ရင်ခွင်နန်းတော်မှာ"

"ဘာ. . ဘယ်မှာ. ."

"ရင်ခွင်နန်းတော်မှာပါဆို"

"မန္တလေးနန်းတွင်းမှာ. . ဟုတ်လား"

"ဟုတ်ဘူး"

"ဒါဆို ဘယ်နန်းတော်လဲ။ နန်းတော်က မန္တလေးမှာပဲရှိတာ။ မှန်မှန်ပြော။ သူတို့ မန္တလေးမှာလား"

"ဟုတ်ဘူး. .။ ရင်ခွင်နန်းတော်မှာ"

နေလင်း ရွှတ်နေတာ။ ရွှတ်တယ်ဆိုပေမယ့် သူပြောတာလည်း ဟုတ်တုတ်တုတ်။ အခုဆို ကြာပွင့်ခိုင်တစ်ယောက် မောင်ရွှေသွားရဲ့ ရင်ခွင်နန်းတော်ထဲမှာ မှေးစက်ရင်း ပျိုးနေလောက်ပေါ့။(နှမ်းပင်၊ ဧရှတ်ပင်တွေစိုက်ဖို့ ပျိုးတာနေမှာပါ)

နောက်ဆုံးတော့ ရွာလူကြီးက နေလင်းကို အမြင်ကတ်ကတ်နဲ့ ထိတ်တုံးခတ်ခိုင်းလိုက်တော့တာ။

ဇနလင်းဖခင် ဦးနေထက်နဲ့ မိခင်ဒေါ်သဇင်မွှေးတို့က အာမခံ



www.burmeseclassic.com

www.burmeseclassic.com



နဲ့ လာထုတ်သွားကြရတာ။ အာမခံကြေး ကြက်ဖတစ်ကောင် အပေါင်တင်သွားကြတာ။

"ကျုပ်သားအစား အဲဒီကြက်ဖကိုပဲ ထိတ်တုံးခတ်ထားလိုက်ပါဗျာ။ တကယ်လို့ ကျုပ်သားမလိမ္မာတာမြင်ရင် အဲဒီကြက်ဖကြီးကိုသာ ရိုက်သတ်ချက်စားလိုက်ပါဗျာ"

ဒီလိုဆိုတော့လည်း ဦးဖိုးကြာမနေသာဘူး။ နေလင်းကို ထိတ်တုံးဖွင့်ပေးပြီး ကြက်ဖကြီးကို ထိတ်တုံးမှာ ကြိုးချည်ထားလိုက်တယ်။

နေလင်းတို့သားအဖ ပြန်ထွက်သွားကြတော့ ကြက်ဖကြီးက သနားစရာအော်မြည်နေရှာတယ်။

"ကတော့် . . ကတော့် . . အောက်အီးအွတ် . . မဂွတ် . . "

ဂွတ်မလား . . ။ သူ့ကို သေစေညွှန်းလို့ ထားခဲ့ကြသကိုး။

***



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၃)

"နေလင်း. . မင်းအတော်ပြဿနာရှာတယ်"

"သား ဘာပြဿနာမှ မရှာပါဘူး အဘရာ။ ပြဿနာက သားကို လာလာရှာနေတာ"

"အွန်. . "

နေလင်းရဲ့ ဆင်ခြေကြောင့် ဦးနေထက် မျက်ခုံးတွေမြင့်တက်သွားတယ်။ ဒေါ်သဇင်မွှေးကတော့ ငါးဖယ်ပြုံးကလေးနဲ့ ရှေ့နေလိုက်တယ်။

"ဟုတ်တယ်. . ။ သားက စာတတ်ပေတတ်၊ အသံတုလည်း တတ်တော့ ပြဿနာတွေက သူ့ကိုလာရှာတာနေမှာ၊ သားက လူအေးပါ။ မအေတူသားဟာကို"

"ဒေါ်သဇင်မွှေး. . မင်းပါးစပ်ပိတ်။ ဒီကောင့်အကြောင်း ငါသိတယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲ. . ။ ရှင်က မင်းမပြောနဲ့၊ ငါသိတယ် အချိုးချိုးချင်တာလား"

"အေး. . သိတယ်။ မင်းမပြောလည်း ငါ့သားအကြောင်း ငါသိတယ်။ ဒီကောင့်ကို ဒီမှာထားလို့မဖြစ်ဘူး"

"ဒီမှာမထားလို့ ဘုန်းကြီးကျောင်းသွားထားမှာလား။ မကောင်းကျောင်းပို့ မလုပ်ပါနဲ့။ ကျွန်မအစ်ကို ဘုန်းဘုန်း လူထွက်ချင်စိတ်ပေါက်သွားပါဦးမယ်"

"အေး. . မင်းသိတယ်မဟုတ်လား။ ဒီကောင့်ကို ဒီရွာမှာတို မထားဘူး"

"ဘယ်မှာထားမှာလဲရှင်။ကျွန်မသားလေးကို. . "

"ရန်ကုန်ပို့ပစ်မယ်"

"ခင်ဗျာ. . ။ ရန်ကုန်ပို့မယ်"

တစ်ချိန်လုံး ငြိမ်နေတဲ့ နေလင်း ထခုန်မလိုဖြစ်သွားတယ်။ ရန်ကုန်ဆိုတာ သူသွားချင်လှတဲ့အရပ်။ သူ့အိပ်မက်တွေ မက်ခဲ့တဲ့အရပ်ပဲ။

သူ့ရည်ရွယ်ချက်က ရန်ကုန်မှာဆို သူစာရေးမယ်။ ပေါက်အောင်လုပ်မယ်ပေါ့။

အခုတော့ ဟန်ကျပြီ။ သို့သော် ဟန်လုပ်ရဦးမည်ပ။

"အဘ. . "

"ဘာလဲ"

"သားကို အဘတို့နဲ့ဝေးတဲ့ ရန်ကုန်တော့ မပို့ပါနဲ့ အဘရယ်။ သား အဘတို့၊ အစ်မတို့နဲ့ ခွဲနိုင်ဘူးဗျ"

နွဲ့တာ. . နွဲ့တာ. . ။ အမှန်တော့ သွားချင်နေတာ ခြေကိုယားလို့။ ဒါကို ဦးနေထက်သိတာပေါ့။

"ဟေ့ကောင်. . နွဲ့မနေနဲ့။ မင်းဘွဲ့ရပြီးကတည်းက ရန်ကုန်လွှတ်ဖို့ ငါတွေးထားတာ"



www.burmeseclassic.com

www.burmeseclassic.com


"တကယ်. ."

"အေး. . တကယ်ပဲ။ အခု ရန်ကုန်က ဂျာနယ်တိုက်တစ်တိုက်မှာ တို့ရွာက အောင်မျိုးတစ်ယောက် ဓာတ်ပုံဆရာလုပ်နေတယ်"

"သိတယ်. .။ ကိုအောင်မျိုးက သားနဲ့သောက်ဖက်ပဲ။ ထန်းရည်ပါ အဘရာ"

နေလင်းက လျှောချတယ်။ သူ တစ်ချိန်က အောင်မျိုးနဲ့ နိုးသောက်ခဲ့တာတွေ ပေါ်မှာလည်း စိုးသကိုး။

"အေး. . မင်းရန်ကုန်ကိုသွား။ အောင်မျိုးနဲ့တွေ့။ သူလုပ်တဲ့ ဂျာနယ်တိုက်မှာ အလုပ်ဝင်လုပ်"

"အဘ. . နေရေးထိုင်ရေး စားရေးသောက်ရေး. ."

"မင်းမပြောနဲ့။ ငါသိတယ်။ ငါအကုန်စီစဉ်ပြီးပြီ။ မင်းသွားဖို့သာပြင်"

ဦးနေထက်စကားပြောနေချိန်မှာတော့ နေလင်းက ကိုယ့်အတွေးနဲ့ကိုယ် ပြုံးစစနဲ့ရယ်။

ပြုံးဆို သူ့အတွေးထဲမှာက. .

"ကျွန်တော် မြင်းခြံက နေလင်းပါ။ အဘက စာပေးခိုင်းလိုက်လို့ပါ"

နေလင်းပေးတဲ့စာကို တိုက်ပိုင်ရှင်သူဌေးကြီးက ယူဖတ်တယ်။ စာက. .

သို့. .

သူငယ်ချင်း ဝင်းမောင်. .

မင်း ရန်ကုန်မှာ ကြီးပွားနေတယ်လို့ ငါသိရတယ်။ အခု စာနဲ့လာတာ ငါ့သား နေလင်းပဲ။ မင်းမှာလည်း သမီးတစ်ယောက်ရှိတယ် မဟုတ်လား။ တို့ရဲ့ကတိအတိုင်း ငါ့သားနဲ့ မင်းသမီးကို နီးစပ်စေချင်တယ်။


www.burmeseclassic.com

www.burmeseclassic.com



ဒီဆန္ဒနဲ့ ငါ့သားကို လွှတ်လိုက်တာပဲ။ အစစအဆင်ပြေအောင် မင်းစီစဉ်ပေးပါ။

မင်းရဲ့ သူငယ်ချင်း
နေထက်

စာက အဲဒီလိုကြီး။ သူ့အတွေးထဲမှာ ပြောပါတယ်။ တွေးနေရင်းပဲ တိုက်ကြီးထဲက သူဌေးသမီးကလေး ထွက်လာတယ်။

လှတပတလေးပဲ။ ဖြူးပြည့်သင်္ဂဇ်နဲ့ ခပ်ဆင်ဆင်ပဲ။ သူဌေးသမီးက နေလင်းကို စူးစမ်းသလို ကြည့်တယ်။

အဲဒီအချိန်မှာပဲ နေလင်းက သွားသုံးဆယ့်နှစ်ချောင်းပေါ်အောင် ပြုံးပြလိုက်တယ်။

"ဟေ့ကောင်. . ငါ့ကို ဘာပြုံးပြတာလဲ"

"ဟို. . ဟို. . သူဌေးသမီး. ."

"ဘယ်က သူဌေးသမီးလဲ။ အူကြောင်ကြောင်လုပ်မနေနဲ့"

"မဟုတ်ပါဘူး အဘ။ ဟို. . ဟို. ."

"တိတ်စမ်း. .။ မင်းမပြောနဲ့။ ငါသိတယ်"

"အယ်. ."

"မအယ်နဲ့။ မင်းက ငါရန်ကုန်လွှတ်တာနဲ့ ဗီဒီယိုတွေ၊ ဝတ္ထုတွေထဲကလို ငါ့သူငယ်ချင်းဆီ ငါက စာရေးပေး။ မင်းနဲ့ ကတိအတိုင်း ငါ့သားနဲ့ မင်းသမီး ပေးစားချင်တယ်။ မင်းတို့ ဇာတ်လမ်းထွင်။ ခွင်ထည့်။ အဲဒါတွေးပြီး ပြုံးနေတာမဟုတ်လား"

"အယ်. . သိနေတယ်ဗျ"

"မင်းမပြောလည်း ငါသိတယ်။ အဲဒါတွေက ရိုးနေပြီ။ ရန်ကုန်မှာ မင်းနဲ့ပေးစားခိုင်းရမယ့် သူငယ်ချင်းသမီး မရှိဘူး။ အောင်မြင်ပိမ့်ရှိတယ်။ မင်းနဲ့အောင်မျိုး အဆင်ပြေဖို့ပဲလိုတယ်"

"ဟင်. . ယောကျ်ားချင်း"



www.burmeseclassic.com

www.burmeseclassic.com



"ဟော့ကောင်. . ချော်တွေးမနေနဲ့။ အောင်မျိုးနဲ့ အဆင်ပြေမှ မင်းအကုန်အဆင်ပြေမှာ။ ဒါကိုပြောတာ"

"အဘမပြောလည်း ကျွန်တော် သိပါတယ်။ ကိုအောင်မျိုးနဲ့ အဆင်ပြေအောင် နေရမှာပေါ့။ သားဘယ်တော့သွားရမှာလဲ"

"နောက်အပတ်ထဲမှာ သွားရမယ်"

***



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၄)

## အမှတ်တမဲ့ဂျာနယ်

ဂျာနယ်တိုက်ရဲ့ ဆိုင်းဘုတ်ကို မော့ကြည့်ပြီး နေလင်းမျက်နှာ ဝင်းသွားတယ်။ သူရှာနေတဲ့ဂျာနယ်တိုက် တွေ့ပြီကိုး။

ဆိုင်းဘုတ်ကို အသံထွက်ဖတ်ရင်း အတွေးလှိုင်းတွေကို လွှင့်ထုတ်နေသေးတာ။

'ဟွန့် . . အမှတ်တမဲ့ဂျာနယ်တဲ့။ မနိပ်လိုက်တာ။ နမော်နမဲ့ဂျာနယ်၊ သတိမမူဂရုမပြုင်ဂျာနယ်၊ ဝါးတားတားဂျာနယ်၊ မှုန်ဖျဖျဂျာနယ်တွေများ ရှိဦးမလားပဲ'

နေလင်းမော့ကြည့်တွေးနေတုန်းပဲ ဂျာနယ်တိုက်ထဲက လူငယ်တကောင်မလေးတစ်ယောက် ဆင်းချလာတယ်။ လက်ထဲမှာသည်းခိုင်တွဲလေးပိုက်လို့။



www.burmeseclassic.com

www.burmeseclassic.com



'အိုး. . သိပ်ကိုလှတဲ့ ကောင်မလေးပါလား'

လို့ တွေးရင်း နေလင်းငေးကြည့်နေမိတယ်။

ကောင်မလေးက ဆံပင်နက်မှောင် မတိုမရှည်လေးကို နောက်က စုစည်းထားတယ်။

မျက်တောင်လေးတွေကော့ပြီး မျက်ဝန်းလေးရွှန်းလဲ့တောက်ပနေတယ်။ နှာတံလေးက စင်းပြီး နှုတ်ခမ်းလေးက လေးကိုင်းလို လှနေတယ်။

ဘယ်လိုကြည့်ကြည့် လှမှလှ။ မျက်နှာလေးကလည်း ပြည့်ဖောင်းဖောင်း။ အသားလေးက မဖြူ့ဖြူ့သို့ ဖြူ့ဖြူ့သို့. . ။

*"တစ်နေကုန်ထိုင်ပြီး××တစိမ့်စိမ့်ကြည့်×××"*

နေလင်းရင်ထဲမှာ သီချင်းလေးဆိုဖြစ်သွားတယ်။ ရင်တွင်းမှာ သီချင်းဖြစ်ရင်း ငေါင်စီစီရပ်နေတဲ့ နေလင်းကို ကောင်မလေးက သမင်လည်ပြန်ကြည့်သွားတယ်။

"စိုးပြည့်သဇင်နဲ့ စွပ်ချွတ်ပဲ"

နေလင်းက မှတ်ချက်တွေ ပေးနေသေးတာ။ ဟိုကတော့ တစ်ချက်မဲ့ပြီး သူ့လမ်း သူဆက်သွားတယ်။

ထိုစဉ်မှာပဲ. .

အပေါ်ထပ် ဂျာနယ်တိုက်ထဲက ဓာတ်ပုံအောင်မျိုးဆင်းလာတယ်။ လည်ပင်းမှာလည်း ကင်မရာကြီးနဲ့။

ကိုအောင်မျိုးက ငေးနေတဲ့ နေလင်းကိုမြင်တော့ ရပ်လိုက်တယ်။ နေလင်းငေးရာကို ကြည့်လိုက်တော့ သူ့ဂျာနယ်တိုက်က ဖူးငုံနှင်းဆီကို မြင်လိုက်တယ်။

ဖူးငုံနှင်းဆီက ရေအိုးလေးလှုပ်သလို သူ့လမ်းသူသွားနေတာ။

ဒါကိုပဲ နေလင်းက သူ့ရှာက အပျိုချောတွေ ရေအိုးလေးခါးစောင်းတင်သွားတာကို မြင်ယောင်ပြီး. .

*"အိုးလေးလှုပ်တယ်ဟေ့××အိုးလေးလှုပ်တယ်ဟေ့××"*



www.burmeseclassic.com

www.burmeseclassic.com



လို့လည်း ရင်တွင်းမှာ သီချင်းဆိုနေသေးတာ။

ကိုအောင်မျိုးက နေလင်းကို မှတ်မိတယ်။ သူတို့ရွာမှာ စာရေးဆရာရယ်လို့ နေလင်းပဲ ရှိတာပဲဟာ။

နေလင်းပုံစံကလည်း ရွာတုန်းကအတိုင်းပဲ။ ဆံပင်တွန့်လိမ်ဖွာတာ၊ လည်ကတုံးအကျႌပွယောင်းယောင်း၊ ယောလုံချည်ကလည်း ညစ်ထေးထေး၊ လွယ်အိတ်ကြီးတကားကား၊ နှုတ်ခမ်းမွေးက ရေးတေးတေး၊ မျက်မှန်ကြီးက ဝင့်ထည်ထည်နဲ့လေ။

မျက်လုံးကျွတ်မတတ် လိုက်ကြည့်နေတဲ့ နေလင်းရဲ့ဘေးတိုက်မျက်နှာထားကို အောင်မျိုးက ကင်မရာနဲ့ ချိန်လိုက်တယ်။ ရိုက်လိုက်တယ်။

"ကလစ်. ."

ကင်မရာသံကြောင့် နေလင်းလှည့်ကြည့်တော့ ကင်မရာမှန်ဘီလူးကြီးနဲ့ မျက်နှာချင်းဆိုင်မိလို့ နေလင်းလန့်အော်တယ်။

"အမယ်လေး. . မှန်သရဲဗျ"

နေလင်းအော်သံကြောင့် ကိုအောင်မျိုးညစ်သွားတယ်။ ဘယ့်နှယ်. . သူ့ကင်မရာက မှန်ဘီလူးပဲရှိတာ။ နေလင်းနဲ့ကျမှ မှန်သရဲဖြစ်သွားရတာကိုး။

"ဟိတ်. . မင်း နေလင်းမဟုတ်လား"

"ဟင်. . ကိုအောင်မျိုး"

နှစ်ဦးသား မှတ်မိသွားကြတယ်။ ရပ်ဆွေရပ်မျိုးတွေပဲကိုး။

"နေလင်း. . မင်းဘယ်တုန်းက ရောက်လဲ။ ဘယ်ကိုလာတာလဲ"

"ဒီနေ့ပဲရောက်တယ်။ မင်းဆီကိုပဲ လာတာ။ ရန်ကုန်သူတွေ ...တယ်နော်"

ဘာမှမဆိုင်လှဘူး။ ပြောချင်ဇောနဲ့ ပြောမိတာ။ ပွယောင်းယောင်းဖြစ်နေတဲ့ နေလင်းနှာခေါင်းကိုကြည့်ပြီး အောင်မျိုး...တယ်။



www.burmeseclassic.com

www.burmeseclassic.com



"ဘာပြုံးတာလဲ"

"မင်း ဖူးငုံနှင်းဆီကို ရှူးနေတာ ငါမြင်တယ်။ ဒီကင်မရာထဲမှာ ဓာတ်ပုံသက်သေရှိတယ်။ အဲဒါ တို့ဂျာနယ်တိုက်က ငွေစာရင်းမှူးကွ။ သူဌေးတူမ"

"လှတယ်ကွာ။ ချောတယ်နော်။ မှတ်နေတာပဲ။ ငါ့ပြောပေးပါလား"

"ဘာပြောရမှာလဲဟ"

"အမှတ်တမဲ့ဂျာနယ်တိုက်မှာ မှတ်မှတ်ရရဖြစ်သွားအောင် လျှပ်တစ်ပြက်အလုပ်ဝင်ချင်တယ်။ ပြောပေးပါလား"

"အဲဒါ သူ့ပြောလို့ မရဘူး။ သူဌေးကိုပြောမှ ရမှာ။ ပြောပေးပါမယ်။ ကဲ. . လာ. . တိုက်ပေါ်တက်"

အောင်မျိုးခေါ်ရာ နေလင်းပါသွားတယ်။ အောင်မျိုးက တစ်ခါတည်းပဲ သူဌေးကိုပြောလိုက်တယ်။

အိုကေ. . ။

နေလင်း အိုကေမှာ စိုပြည်သွားတယ်။ အောင်မျိုးမျက်နှာနဲ့ သူဌေးက နေလင်းကို စာပြင်အယ်ဒီတာခန့်လိုက်တယ်။ တစ်လ အစမ်းခန့်။

တစ်လပြည့်လို့ ကျေနပ်ရင် တွဲဖက်အယ်ဒီတာခန့်မယ်လို့ ဆိုတယ်။

နောက်နေ့မှာ အလုပ်ဆင်းရမယ့် နေလင်းအတွက် အောင်မျိုးကပဲ အစစအရာရာ စီစဉ်ပေးတယ်။

နေလင်းက သူထိုင်ရမယ့်စားပွဲကို ဖူးငုံနှင်းဆီရဲ့ စားပွဲတည့်တည့်မှာ ထားပေးဖို့ အောင်မျိုးကို ပူဆာတယ်။

"မင်းမပြောနဲ့။ ငါသိတယ်"

အောင်မျိုးက အပြတ်ပြောလိုက်တယ်။ ဟုတ်ပ့ါ။ သိနေတယ်လေ။ ဟိုယုန်မလေးကိုမြင်လို့ ဒီချိုထွင်တယ်ဆိုတာ သိနေတာပဲ။



www.burmeseclassic.com

www.burmeseclassic.com



ဒါတောင် ဖူးငုံနှင်းဆီ အပြင်ကပြန်မလာသေးဘူး။ ဖူးငုံနှင်းဆီ ရဲ့ စားပွဲဆိုတာ အောင်မျိုးပြောလို့ သိတာ။ သိတာနဲ့ သူထိုင်ရမယ့် စားပွဲကို နှင်းဆီရဲ့ စားပွဲရှေ့တည့်တည့် ထားခိုင်းတာ။

"ရိုက်ပေါက်တော့ ရိုက်ပေါက်ပဲ"

အောင်မျိုးညည်းတာ။ ဘာကိုရိုက်မှာလဲတော့ တိတိပပမပြော ဘူး။

ခတ်ပုံရိုက်မှာလား။ လူရိုက်မှာလား။

တစ်ခုခုတော့ တစ်ခုခုပါပဲ။

***



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၅)

"ကဲ . . ဒါ . . ငါနေတဲ့ အဆောင်ပဲ"

"အကျယ်ကြီးပဲနော်"

"အေး . . ကျယ်လည်းကျယ်၊ ကြီးလည်းကြီးတယ်။ အဆောင်ပိုင်ရှင် မမကြီးက ပိုကြီးကျယ်တယ်"

"မမကြီးက အဆောင်ပိုင်ရှင်လား"

"မင်းသိလို့လား"

"သိဘူးလေ"

"မသိရင် မပြောနဲ့။ မမကြီးက စည်းကမ်းကြီးတယ်။ အဆောင်မှူးက သူ့ဦးလေး။ နားလေးတယ်"

"ဟင် . . ကောင်းတာလည်း တစ်ကွက်မှမရှိ . ."

"စကားမများနဲ့။ လာ . . အဆောင်မှူးနဲ့ အရင်တွေ့မယ်။ ပြီးရင် မမကြီးနဲ့ တွေ့ရမယ်"



www.burmeseclassic.com

www.burmeseclassic.com



အောင်မျိုးက နေလင်းကို သူ့အခန်းထဲမှာ နေရာချပေးပြီး အဆောင်မှူးဆီ ခေါ်သွားတယ်။

အဆောင်မှူးက စားပွဲမှာ စာရင်းစာအုပ်တစ်အုပ်နဲ့ အလုပ်ရှုပ်နေတယ်။

အောင်မျိုးက အဆောင်မှူးကို ခပ်အုပ်အုပ်လေးခေါ်လိုက်တယ်။

"အဆောင်မှူး. . အဆောင်မှူး. . "

မကြားဘူး။ မော့မကြည့်ဘူး။ စာကုန်းရေးနေဆဲပဲ။

"အဆောင်မှူး. . "

ကျယ်ကျယ်အော်မှ မော့ကြည့်တယ်။

"ဘာလဲ. . ဘာကိစ္စလဲ"

"ဟို. . ဒါ. . ရွာက ကျွန်တော့်ညီဝမ်းကွဲ"

"ဘာ. . ဝမ်းဘဲဆေးလိပ်ခုံက မားကက်တင်းဆင်းတာလား"

"မဟုတ်ဘူး။ ညီ. . ညီ. . ညီဝမ်းကွဲ"

"ဝမ်းကွဲနေလို့။ ဟ. . ဆေးရုံအမြန်ခေါ်သွားလေ။ ငါမှ မချုပ်တတ်တာ"

နေလင်းတစ်ယောက် နေရင်းထိုင်ရင်း ဝမ်းကွဲပက်လက်ဖြစ်သွားရတယ်။ နေလင်းက သူ့ဗိုက်ကို လှန်ပြပြီး. .

"ဟင့်အင်း. . ကျွန်တော်ဝမ်းမကွဲပါဘူး"

လို့ ရှင်းပြရှာတယ်။

"ဟ. . ဘာဝမ်းမှ မကွဲဘဲ ဘာတွေလာပြောနေတာလဲ"

"မဟုတ်ဘူး။ ဒါ. . ရွာက ညီလေး"

အောင်မျိုး ဝမ်းမကွဲရဲတော့ဘူး။ အရင်းကြီးလိုပဲ လုပ်ပစ်လိုက်တော့တယ်။

"သြော်. . မင်းရွာက. . "

"မင်းရွာက မဟုတ်ဘူး။ ထန်းပင်စုရွာကပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဪ. . ထန်းပင်ပုရွာ။ ကြားဖူးတယ်။ ထန်းပင်ပုပုလေးတွေ ရှိတဲ့ရွာ မဟုတ်လား"

"မဟုတ်ဘူး"

နေလင်းဝင်ပြောတာ။ သူ့ရွာက ထန်းပင်တွေက ရှည်မှရှည်။ ဒါကို ထန်းပင်ပုပုလေးတွေ ရှိတဲ့ရွာလိုလို ရမ်းတုတ်နေလို့ စိတ်မရှည်ချင်တာ။

"သူ အဆောင်နေမလို့"

"မင်းမပြောလည်း ငါသိတယ်။ ရော့. . ဒီပုံစံမှာဖြည့်။ သုံးလစာ ငွေတစ်ခါတည်းသွင်း"

အဆောင်မှူးစကားကြောင့် နေလင်းမျက်လုံးပြူးသွားတယ်။

'ဘယ့်နှယ်. . ရွာက စကားလုံးတွေ ဒီရောက်နေပါလိမ့်' လို့လည်း တွေးနေမိတယ်။

အဆောင်မှူးပေးတဲ့ပုံစံဖြည့်၊ သုံးလစာငွေသွင်းပြီး ပြန်ခဲ့ကြတယ်။ သူနေရမှာက အောင်မျိုးနဲ့ တစ်ခန်းတည်းပဲ။ ခုတင်ချင်းကပ်လျက်။

အဆောင်မှူးထံက ထွက်လာပြီးတော့ အဆောင်ပိုင်ရှင် မမကြီးရှိရာ သီးခြားတစ်ထပ်တိုက်လေးဆီ ပြေးရသေးတယ်။

"မမကြီးရှိလား"

"ရှိတယ်။ အထဲမှာ"

တံမြက်စည်းလှည်းနေတဲ့ ကလေးမလေးက တိုက်တံခါးဖွင့်ပေးလို့ အောင်မျိုးနဲ့နေလင်း ဝင်လိုက်ကြတယ်။

ဧည့်ခန်းဆက်တီမှာထိုင်တုန်း မမကြီးဆိုသူ ထွက်ချလာတယ်။

အပါးပါး. . ။ မလှမပ မမဝဝကြီးပါလား။ ပွင့်ထက်တောင်ကြီးမယ်ထင်ပါရဲ့။ (လူကောင်ထွားတာ ပြောတာပါ)

"မောင်အောင်မျိုး. . သူက လူသစ်လားဟင်"

"လူသစ်မဟုတ်ဘူးခင်ဗျ။ ကျွန်တော် နေလင်းပါ"



www.burmeseclassic.com

www.burmeseclassic.com


နေလင်းပြောတော့ မမကြီးက ပြုံးတယ်။

"ဟယ်. . ချော်သွားပြီ။ လူသစ်ဆိုတာ နာမည်မဟုတ်ဘူးလေ။ နယူးမင်းကိုပြောတာ"

"ဟုတ်ပါတယ် မမကြီး။ ဒါ. . ရွာက ကျွန်တော့်ညီဝမ်းကွဲပါ။ နေလင်းတဲ့။ သမိုင်းနဲ့ ကျောင်းပြီးထားတယ်"

"ဟယ်. . သမိုင်းနဲ့ ပြီးထားတာလား။ အတော်ပဲ။ တို့ကို ပုဂံရာဇဝင်ရှင်းပြရမယ်နော်"

"ဟုတ်ကဲ့ပါ"

နေလင်းက ရှတ်သလို၊ ရွံ့သလိုပြောတာ။ ဒါကို မမကြီးက သဘောကျသွားဟန်ရှိတယ်။

"ဟယ်. . သိပ်ညက်တာပဲ။ ဘယ်ရွာသားလဲဟင်"

"မြင်းခြံ၊ ထန်းပင်စုရွာကပါခင်ဗျ"

"အညာသားလေးပေါ့နော်။ လူပုံကလည်း ဆန်းတယ်။ စာရေးဆရာဂိုက်ပဲ။ အဲဒါ မမအကြိုက်"

"ဗျာ. ."

နေလင်း 'ဗျာ' တ,သွားတယ်။ သူ့ပုံစံက မမဝကြီးရဲ့အကြိုက်ဖြစ်နေတာကိုး။

နေလင်းတစ်ယောက် တိုးတိုးလေးလည်း ညည်းလိုက်ပုံက. .

"မှားပါတယ်"

***


www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၆)

နေလင်း အလုပ်စဆင်းမယ့်နေ့။

ရင်တွေလည်းခုန်၊ နှလုံးတွေလည်းတုန်သလို ဖြစ်နေတယ်။

ဘာပဲဖြစ်ဖြစ် . .

သူ့ဒီဇိုင်းကို အပြတ်ရှိုင်းထားတယ်။ ဒီဇိုင်းကတော့ ရွာကတည်းက ဒီဇိုင်းဟောင်းပါပဲ။

အဝတ်အစားအသစ်တွေနဲ့ ရှိုင်းထားတာ။ သူ ဒုလ္လဘရဟန်းတက်တုန်းက ဝတ်တဲ့အဝတ်တွေနဲ့ကို ရှိုင်းထားတာ။

ပိုးဆန်ဆန် လက်ရှည်အင်္ကျီလည်ကတုံးအဖြူ၊ ယောဆင် ရှားရောင် ခပ်ပြောင်ပြောင်ပုဆိုးသစ်လေးနဲ့လေ။

မျက်မှန်ကိုလည်း ရေဆေးလိုက်သေးတယ်။ ကျကျနနသုတ်သင်နေတယ်။

ခေါင်းမှာ ဆီအရွှဲသားထည့်ပြီး လှည့်ပတ်ဖြီးလို့။ ဘယ်လိုဖြီးဖြီး



www.burmeseclassic.com

www.burmeseclassic.com



ဆံပင်ကတော့ တွန့်တွန့်ပဲ။

"နေလင်း. . မပြီးတော့ဘူးလား။ သွားမယ်။ အလှူသွားမှာ မဟုတ်ဘူး။ အလုပ်သွားမှာ"

"မင်းမပြောနဲ့။ ငါသိတယ်။ ပြီးပြီ။ ငါရှိုင်းတာ သူ့အတွက်"

"ဘာ. : ဘယ်သူ့အတွက်"

"သူလေးအတွက်လေ. . သူလေး. ."

"ဘူလေးလဲ. . ဘူလေးလဲ. ."

"သူလေးကွာ. .။ ဖူးငုံနှင်းဆီလေ"

"ဒါဆိုရင်တော့ နားထား"

"ဘာလို့. ."

"မင်းဒီဇိုင်းကို သူကြိုက်ဖွယ်ရာမရှိ"

"ဘာလို့. . ရို. . ရို. ."

"မင်း ဒီဇိုင်းက ဟိုသီချင်းလို ဖြစ်နေမယ့်ဒီဇိုင်း"

"ဘယ်သီချင်းလဲ"

"ဟိုကွာ. .။ အရမ်းမိုက်တယ်. . အရမ်းခိုက်တယ်. . နဖား ကြိုးပြတ်တဲ့. . ကိုရွှေနသိုးရယ်. . ဆိုတဲ့ သီချင်း"

"မကြားဖူးပါဘူး။ ဒါ. . မင်းထွင်တာ"

"အေးလေ. . မင်းကိုမြင်ရင် ဖူးငုံက အဲဒီလိုသီချင်းစာသား ပြောင်းဆိုမှာ မြင်ယောင်လို့"

အောင်မျိုးနိမိတ်ပြပြောသလိုပဲ တကယ်ဖြစ်လာတယ်။

ဖြစ်ရမယ်လေ. .။

ဖူးငုံနှင်းဆီက ရာထူးကြီးကြီးသာ ယူထားတာ။ အသက်က ဆယ့်ကိုးနှစ်စွန်းစွန်းပဲ ရှိသေးတာ။

ဘွဲ့ရပြီး သူ့ဦးလေးကျောနယ်တိုက်မှာ ဆရာမကြီးဝင်လုပ်နေ တာ။

ဖူးငုံနှင်းဆီ ငယ်တယ်။ လှတယ်။ ချမ်းသာတယ်။ မာနရှိတယ်။



www.burmeseclassic.com

www.burmeseclassic.com



မင်းသား၊ မင်းသမီး၊ အဆိုတော်၊ မော်ဒယ်လ်တွေဆိုလည်း ငယ်ငယ်ချောချောလေးတွေပဲ သူကြိုက်တယ်။

နေလင်းလို ရုပ်ကြမ်းဂိုက်ကြမ်းကြမ်းကြီးကို ဖူးငုံနှင်းဆီကြိုက်ဖို့ဆိုတာ ဘယ်လိုမှ မဖြစ်နိုင်ဘူး။

နောက်. .

နေလင်းအသက်ကလည်း မှော်ဘီ၊ တိုက်ကြီး၊ ဥက္ကံကျော်လို့ သုံးဆယ်နားကပ်နေပြီ။ သာယာဝတီနဲ့တောင် နီးပေါ့။

အဲသလိုကွာတာ။

ဒါကြောင့် နေလင်း အလုပ်စဆင်းတဲ့နေ့က အဖြစ်ကိုကြည့်။

အောင်မျိုးက ရှေ့ဆုံးကနေ ရုံးခန်းကို ဝင်တယ်။ နေလင်းက နောက်ကကပ်လိုက်လာပြီး စလိုးမိုးရှင်းနဲ့ ဝင်လာတယ်။

အခန်းဝမှာ ရပ်တယ်။ မျက်မှန်ကိုပင့်ပြီး အခန်းထဲဝေ့ကြည့်တယ်။

ပြီး. . လွယ်အိတ်ကိုဆွဲတင်ပြီး သူ့စားပွဲရှိရာကို သွားတယ်။ စားပွဲပေါ် လွယ်အိတ်တင်လိုက်တယ်။

သူ့လှုပ်ရှားမှုတွေကို ဝန်ထမ်းတွေက လိုက်ကြည့်နေကြတယ်။

ဖူးငုံနှင်းဆီနဲ့ အင်ကြင်းခိုင်တို့ကလည်း တိုးတိုးလေး ဝေဖန်နေကြလေရဲ့။

"နှင်းဆီ. . ဘာဒီဇိုင်းလဲဟ"

"ရွာဒီဇိုင်းပေါ့"

"အေးဟ. . ။ ရွာမှာဆိုရင်တော့ အရမ်းမိုက်တယ်. . အရမ်းခိုက်တယ်. . နဖားကြိုးပြတ်တဲ့. . ကိုရွှေနွားသိုးရယ်ပဲနေမှာ"

"တိုးတိုး. . ။ ကြားသွားလို့ လာဝှေ့နေဦးမယ်"

ပြောနေကြတာများ အားမနာ လျှာမကျိုး။ ရက်ရက်စက်စက် တစ်တစ်ခွခွကြီးကို ပြောနေကြတာ။

အောင်မျိုးထင်တဲ့အတိုင်းပဲလေ။



www.burmeseclassic.com

www.burmeseclassic.com



ဘာပဲဖြစ်ဖြစ်. .

အောင်မျိုးက သူ့အလုပ် သူလုပ်တယ်။

နေလင်းဘေးသွားရပ်ပြီး ဝန်ထမ်းအားလုံးနဲ့ မိတ်ဆက်ပေးလိုက်တယ်။

"ဝန်ထမ်းတွေ. . နားထောင်ကြပါခင်ဗျာ"

"ပြောပါရှင်"

"နားထောင်လျက်ပါနော်"

"ကိုအောင်မျိုး. . ပြောမနေနဲ့။ သိတယ်။ ဝန်ထမ်းအသစ်နဲ့ မိတ်ဆက်ပေးမလို့မဟုတ်လား"

အဲဒါ ဖူးငုံနှင်းဆီက ပြောလိုက်တာ။ စာပြင်အယ်ဒီတာအသစ်ခန့်တဲ့ကိစ္စ သူသိပြီးသား။ သူ့ဦးလေးက အကုန်ပြောပြီးသား။

ကိုအောင်မျိုးကို ကျွေးသလိုပဲ မနက် ကော်ဖီနဲ့ မနက်စာထမင်းကျွေးဖို့ မှာထားပြီးသား။

သည်ဂျာနယ်တိုက်မှာက ငွေကြေးကိစ္စ၊ စားရေးသောက်ရေးကိစ္စ၊ သွားရေးလာရေးကိစ္စတွေက ဖူးငုံနှင်းဆီစီစဉ်ရတာ။ ဆရာမကြီးလေ။

"ဟုတ်တယ် ကိုအောင်မျိုး. . ။ ကိုအောင်မျိုးမိတ်ဆက်ပေးမယ့်အစား ကာယကံရှင်ကိုယ်တိုင် မိတ်ဆက်တာ ပိုကောင်းပါလိမ့်မယ်"

လို့ ကျပ်ပေးသူက အင်ကြင်းခိုင်ပဲ။ ဒီတော့ အောင်မျိုးက နေလင်းနားကပ်ပြီး. .

"ကဲ. . ပွဲတောင်းနေကြပြီ။ ကိုယ့်ဟာကိုယ်ပဲ မိတ်ဆက်ပေတော့"

ဆိုပြီး တွန်းပို့လိုက်တယ်။

နေလင်းကလည်း မခေပါဘူး။ ရွာမှာ ပြဇာတ်ဒါရိုက်တာလုပ်လာတာပဲဟာ။ ဒီလောက်တော့ အပျော့ပေါ့။

ကိုယ့်ကိုယ်ကိုယ် မိတ်ဆက်ဖို့ ချောင်းဟန့်လိုက်တယ်။ မျက်လုံး



www.burmeseclassic.com

www.burmeseclassic.com



တွေကတော့ ဖူးငုံနှင်းဆီထံ ပို့ထားတယ်။

"အဟမ်း . . အဟမ်း . ."

"ချောင်းဆိုးရင် ပါးစပ်ကို လက်ကိုင်ပဝါနဲ့ အုပ်ပါ"

ဖူးငုံနှင်းဆီက ပြောတာ။ နေလင်းကတော့ အကြည့်စူးစူးနဲ့ ကြည့်ပြီး ပြောတယ်။

"ဟုတ်ကဲ့ပါ . .။ အသည်းကောင်းလို့ ပွဲတောင်းလာကြသူများ အတွက် မိတ်ဆက်ပွဲလေးတစ်ရပ် ပြုလုပ်ပါရစေ"

"လျှာရှည်လိုက်တာ"

"ရစ်ပြီထင်တယ်"

'နေရင်းထိုင်ရင်း ငါက အသည်းကောင်းလို့ ပွဲတောင်းသူကြီး ဖြစ်သွားပြီ။ စိန်ခေါ်ပွဲများ နွှဲရဦးမလားမသိ'

အင်ကြွင်းခိုင်တွေးနေတာ။ ဒီပွဲကို သူက တောင်းမိလိုက်တာ ကိုး။ နေလင်းက ပြောတယ်။

"ကျွန်တော့်နာမည် နေလင်း။ မွေးချင်းတစ်ယောက်ထဲမှာ ကျွန် တော်က အကြီးဆုံး။ နေတာက မြင်းခြံ"

"မသိလို့ မေးပါရစေ။ မြင်းခြံထဲမှာ မြင်းတွေနဲ့ အတူနေတာ လား"

အင်ကြွင်းခိုင်က မေးတာ။ သူက ဖဲ့မေးတော့ နေလင်းက ရွှဲ့ ဖြေတယ်။

"အဲဒီလို ခပ်ပိန်းပိန်းမေးလာရင် ဖြေရမှာကတော့ အထက် မြန်မာပြည်က မြင်းခြံမြို့ဆိုတာ အူဝဲကအစ သိပါတယ်"

'အူဝဲကအစ သိပါတယ်' ဆိုတာ အိန္ဒြာကျော်ဇင်သိတယ်လို့ ညွှန်းတယ်ထင်သွားတာကလည်း အင်ကြွင်းခိုင်ပဲလေ။ အိန္ဒြာကျော်ဇင် ကို အူဝဲလို့ သိထားကြတာကိုး။

"မသိလို့ မေးပါရစေ။ အိန္ဒြာကျော်ဇင်က မြင်းခြံသူလား"

"ရုပ်ရှင်မင်းသမီး အိန္ဒြာကျော်ဇင်ဟာ မြင်းခြံသူလား နွားခြံ



www.burmeseclassic.com

www.burmeseclassic.com


သူလား၊ ဆိတ်ခြံသူလား ကျွန်တော်မသိပါဘူးခင်ဗျ။ အိန္ဒြာကျော်ဇင်ကို ဗျူးတဲ့အခါကျ ထည့်မေးပေးပါ့မယ်"

အင်ကြင်းခိုင် ပါးစပ်ပိတ်သွားတယ်။ ဆက်မမေးတော့ဘူး။ ဖူးငုံနှင်းဆီက အင်ကြင်းခိုင်ရဲ့ပေါင်ကို ဆွဲလိမ်ထားတာကိုး။ နေလင်းကတော့ ဖူးငုံနှင်းဆီကို ကြည့်ဆဲ။

"နေပါဦး။ ကျွန်တော့်စကား ဘယ်ရောက်သွားပြီလဲ"

"ဟိုလေ. . မြင်းခြံရောက်နေပြီ"

"ဪ. . ဟုတ်ပြီ။ မြင်းခြံကနေ ဆယ်မိုင်ကွာ ထန်းပင်စုရွာမှာ ကျွန်တော့်ကိုမွေးတယ်။ ခုန ကျွန်တော်ပြောပြီးပါပြီ။ မွေးချင်းဘယ်နှယောက်. . "

"တစ်ယောက်"

ဝန်ထမ်းကောင်မလေးတစ်ယောက်က ဝင်ထောက်ပေးတယ်။

"ဟုတ်ပြီ. . ။ မွေးချင်းတစ်ယောက်မှာ ကျွန်တော်က အကြီးဆုံး။ ကိုယ့်ထက်ငယ်တာလည်း မရှိတော့ ကျွန်တော်အငယ်ဆုံး။ နားရှုပ်သွားကြပြီလား"

"မရှုပ်ဘူး။ ရှင်းတယ်။ မြန်မြန်ပြော"

အင်ကြင်းခိုင်က ပြောတာ။ နေလင်းက သူ့အကြည့်တွေကို ဖူးငုံနှင်းဆီထံက မရွှေ့ဘဲ ညောင်းလို့ လက်ကို စားပွဲပေါ်မှာ ထောက်ဖို့ပြင်တယ်။

အဲဒါ သူ့အမှား။ စားပွဲကိုမကြည့်ဘဲ ငမ်းကြောလိုက်ရင်း လက်ထောက်လိုက်တော့ စားပွဲစွန်းလေးကိုသာ ထောက်မိပြီး ချော်သွားပါလေရော။

"ကျွန်တော် ရန်ကုန်ကို. . အို. . ဟို. . ဟို. . အဲ. . ဟိုက်. . "

"ဝုန်း. . ဒုန်း. . "

"အင့်. . ဟင့်. . ဟင့်. . "

"ဝါး. . ဟား. . ဟား. . "


www.burmeseclassic.com

www.burmeseclassic.com



"ခစ်. . ခစ်. . ခစ်. . ခစ်. ."

နေလင်းအဖြစ်က မသက်သာဘူး။ လက်ချော်၊ အရှိန်လွန်ပြီး မေးစေ့နဲ့ စားပွဲစွန်း မိတ်ဆက်သွားလို့ သွေးတောင်ထွက်လာတယ်။

အောင်မျိုးက ကပျာကယာဖေးမကူညီတယ်။ ပွစိပွစိလုပ်ရင်း ဆေးခန်းခေါ်သွားတယ်။

စာပြင်အယ်ဒီတာရဲ့ စားပွဲမှာတော့ လွယ်အိတ်ကြီးပဲ ကျန်ခဲ့တယ်။

သိပ်မကြာဘူး။

တိုက်ပိုင် သူဌေးဦးဟန်ညွန့် ရောက်လာတယ်။

"ဝန်ထမ်းအသစ်ရော"

ဘယ်သူမှ မဖြေကြဘူး။ သူဌေးက ဖူးငုံနှင်းဆီကိုကြည့်တော့ ဖူးငုံနှင်းဆီက မရဲတရဲပြောတယ်။

"ဟို. . ဟို. . ဆေးခန်းသွားတယ်။ ဆေးခွင့်တင်ပေးလိုက်ရမလားဟင်"

"ပေးနဲ့. .။ ငါ့ဆီလွှတ်လိုက်"

***



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၇)

မြင်ကွင်းက မလှဘူး။

ဂျာနယ်တိုက်ပေါ်ပြန်တက်လာတဲ့ နေလင်းကိုကြည့်ဦး။

မေးစေ့က ဒဏ်ရာအတွက် စည်းထားတဲ့ ပတ်တီးဖြူဖြူက ခေါင်းကိုပါ တွဲစည်းထားတယ်။

ကြည့်ရတာ ဘယ်လိုမှအဆင်မပြေဘူး။

နေလင်းကိုကြည့်ပြီး အားလုံးပြုံးစေ့စေ့ဖြစ်နေကြတယ်။ အင်ကြင်းခိုင်က တိုးတိုးပြောတယ်။

"မြင်းခြံသားကြည့်ရတာ မြင်းကန်ခံထားရသလိုပဲနော်"

"တိုးတိုးပြော။ ကြားသွားလို့ ရှက်ကန်ကန်နေဦးမယ်"

ဖူးငုံနှင်းဆီက သတိပေးတာ။ နေလင်းနောက်က အောင်မျိုး ကိုလည်း ဆက်ပြောလိုက်တယ်။

"ကိုအောင်မျိုး... ကိုအောင်မျိုးလူကို ဘော့စ်က သူ့ဆီလွှတ်



www.burmeseclassic.com

www.burmeseclassic.com



လိုက်တဲ့။ ခေါ်သွားလိုက်ပါ"

အောင်မျိုးခေါင်းညိတ်တယ်။ ခေါင်းကုတ်၊ ခေါင်းခါတယ်။ ပြီးမှ နေလင်းကို ခပ်တိုးတိုးကပ်ခေါ်သွားတယ်။

"လာ. . ပြဿနာဆရာလေး. . ။ အလျှောက်ကောင်းမှ အထောင်းသက်သာမယ်။ သူ့တူမကို ငမ်းရင်း ဖြစ်တာ မပေါ်လွင်စေနဲ့။ ကြားလား"

နေလင်း ပါးစပ်က မဖြေဘူး။ ခေါင်းညိတ်တယ်။ ပါးစပ်က သိပ်ဟလို့လည်း မရဘူးကိုး။

သူဌေးအခန်းထဲရောက်တော့ နှစ်ယောက်သား မတ်တတ်လေး တွေရပ်လို့။ သူဌေးက သူတို့ကို မော့ကြည့်တယ်။ အောင်မျိုးက စကားစ ဖွင့်ပြင်တယ်။

"ဒီလိုပါ ဆရာ။ ဟို. . ဟို. . "

"မင်းမပြောနဲ့။ ငါသိတယ်။ သူပြော"

နေလင်းကိုပြောခိုင်းတော့ နေလင်းက ပါးစပ်သိပ်ဟမရတော့ တိုးတိုးလေးပဲ ရှင်းပြရှာတယ်။

"ဒီလိုပါဆရာ။ ကျွန်တော် အလုပ်ကို အရမ်းဇောကပ်သွားပြီး လုပ်မဟာလို့ ထိုင်မယ်အလုပ်မှာ. . "

"ဘာဖြစ်လဲ"

"စားပွဲပေါ်က ပန်းအိုးလေးကို အမှတ်တမဲ့ခိုက်မိပြီး ကျကွဲမယ် အလုပ်မှာ ကျွန်တော်က လျှပ်တစ်ပြက် ဒိုင်ဗင်ထိုးဖမ်းလိုက်ပါတယ်"

"မင်းက ဂိုးသမားလား"

"ဟုတ်ကဲ့။ ရွာမှာ ဂိုးဖမ်းပါတယ်။ ဒါပေမဲ့ ဝါသနာက စာပေ မှာပဲပါတော့ အာဆင်နယ်က ကမ်းလှမ်းတာတောင် လက်မခံဘဲ ရန်ကုန်ဆင်းလာတာပါ"

"တိုရှင်းလိုရင်းပြော"

"အဲဒါ စားပွဲစောင်းနဲ့ မေးနဲ့ ခိုက်မိပြီး မေးကွဲသွားတာပါ။



www.burmeseclassic.com

www.burmeseclassic.com



မျှော်ပါဘူး။ သုံးချက်ပဲ ချုပ်ရပါတယ်”

“ဘာ. . သုံးချက်တောင်ချုပ်ရတယ်။ ဒါဆို မင်းသုံးရက်နား၊ ဆေးခန်းစရိတ် သုံးသောင်းထုတ်သွား။ ကြားလား”

သူ့ကိုမဆူဘဲ သုံးရက်နား၊ သုံးသောင်းထုတ်ခိုင်းတော့ နေလင်း အံ့ဩသွားတယ်။ တွေးမိနေသေးတာက. .

‘ဟ. . သုံးချက်ချုပ်၊ သုံးရက်နား၊ သုံးသောင်းပေးတယ်ဆိုတော့ လေးချက်ဆို လေးရက်နဲ့ လေးသောင်းပဲ’

တွေးပြီးတာနဲ့ ဆက်ပြောလိုက်ပုံက. .

“ဟုတ်ကဲ့. . ။ ကျွန်တော်ချုပ်ခဲ့ရတာ သုံးချက်လား၊ လေးချက်လားတောင် မသိတော့ပါဘူး။ ကိုအောင်မျိုး. . ကျွန်တော့်ကိုချုပ်ပေးလိုက်တာ သုံးချက်လား၊ လေးချက်လား။ အား. . ကျွတ်. . ကျွတ်. . ”

ပြောလည်းပြော၊ ညည်းလည်းညည်းသေးတာ။ အောင်မျိုးက နေလင်းခွင်ဖန်နေတာသိလို့ ရွဲ့ဖြေတယ်။

“သုံးချက်လည်း မကဘူး။ လေးချက်လည်း မဟုတ်ဘူး။ သုံးချက်ခွဲ”

အောင်မျိုးအဖြေကြောင့် ဦးဟန်ညွှန့်ပြုံးတယ်။ ဒဏ်ရာချုပ်တာ တစ်ဝက်တည်းချုပ်တဲ့စနစ် ကမ္ဘာမှာမပေါ်သေးမှန်း သူသိတယ်။ ဒါ. . သူ့တပည့်တွေ တမင်ခွင်ဖော်နေကြမှန်း သူသိတယ်။ သူက စကားဖြတ်ပြောလိုက်တယ်။

“ကဲ. . မင်းတို့ ဘာမှမပြောကြနဲ့တော့။ ငါသိတယ်။ ဒီနေ့တော့ သုံးသောင်းထုတ်သွားကြ။ နောက်နေ့ ဆေးစာတင်ပြလို့ လေးချက်ချုပ်ရတယ်ဆို တစ်သောင်းထပ်ထုတ်ကြ။ ဟုတ်ပြီလား”

“ဟုတ်ကဲ့ပါ”

“ကျေး. . ကျေးဇူးပါပဲ ဘော့စ်”

“ဟေ့. . ဟေ့. . ငါ့ကို ဘော့စ်မခေါ်နဲ့။ ဆရာပဲခေါ်။ ငါလည်း ခင်းတို့လို စာရေးဆရာကနေ တက်လာတဲ့သူကွ။ ဒါကြောင့် စာရေး



www.burmeseclassic.com

www.burmeseclassic.com



ဆရာ၊ စာပေသမားဆို ငါက အမြဲအားပေးကူညီတာ။ နားလည်လား"

"ဟုတ်ကဲ့ပါ ဆရာ"

"လေးစားပါတယ်ဆရာ"

သူ့ကို ဂါရဝပြုပြီး ပြန်ထွက်သွားကြတဲ့ တပည့်နှစ်ယောက်ကို ကြည့်ပြီး ဦးဟန်ညွန့် ပြုံးတယ်။

တကယ်တော့ ဦးဟန်ညွန့်က စာရေးဆရာ၊ ဂျာနယ်လစ်ကနေ ကြီးပွားတိုးတက်ပြီး ဂျာနယ်တိုက်ထောင်ထားတာ။ ဒါကြောင့် သွေးမကြီးဘူး။

ဘဝတူ စာရေးဆရာတွေ၊ စာနယ်ဇင်းသမားတွေကို လေးစားတယ်။ နေရာပေးတယ်။ တရေးတယူဆက်ဆံတယ်။

ဒါကြောင့်လည်း နေလင်းကိုမြင်ကတည်းက ပုံစံကိုကြည့်ပြီး စာရေးဆရာပိုး အပြည့်ရှိသူဖြစ်မှန်းသိလို့ အလုပ်ခန့်လိုက်တာ။

သူတို့ပြောတာဆိုတာတွေကိုလည်း သိသိနဲ့ သည်းခံခွင့်လွှတ် နားလည်ပေးထားခဲ့တာ။

သူလည်း တစ်ချိန်က ဒီလိုပဲ ဂွကျကျ၊ ရွတ်တွတ်တွတ်၊ ရွံ့တဲ့တဲ့၊ ခနဲ့တဲ့တဲ့၊ မဲ့တဲ့တဲ့တွေ လုပ်ခဲ့ဖူးတာကိုး။

စာရေးဆရာညဉ်လေ။ ဘယ်မှာကောင်းလိမ့်မတုံး။ လူတိုင်းနဲ့ အဆင်ပြေအောင် ပေါင်းဖို့ဆိုတာ မလွယ်ဘူး။ လူတွေကတော့ ပေါင်းချင်ပါတယ်။ သူတို့ကိုက ဘာကြီးမှန်းမသိ ဖြစ်နေကြတာ။

တစ်ခါတစ်ခါ အသိအကျွမ်းတွေကို မျက်နှာချင်းဆိုင်တွေ့လျက်နဲ့ နှုတ်ဆက်ချင်မှ နှုတ်ဆက်တာ။ နှုတ်ဆက်ချင်လည်း နသားပါယား ဖက်နမ်းမတတ်ပဲ။

စာရေးဆရာဆိုတာ အဲဒီလို။

နေရာတကာမှာ သူဆရာပဲ။ လုပ်ပါဟဲ့ဆို ဘာမှမလုပ်တတ်တော့ဘူး။

ထင်းမခွဲတတ်၊ ရေမခပ်တတ်၊ သစ်ပင်မတက်တတ်၊ ပန်းပင်



www.burmeseclassic.com

www.burmeseclassic.com



မစိုက်တတ်ကြဘူး။

အဲ. . ပန်းပင်လေးတွေပွင့်လို့ လှနေရင်တော့ ကြည့်ပြီး ခံစားတတ်ကြတယ်။

"ပန်းပွင့်လေးရယ်. . လှလိုက်တာ။ မင်းနားမှာ ပိတုန်းတွေဝဲနေတယ်။ မဝဲစေနဲ့။ မောင်းထုတ်"

ဆိုပြီး ပိတုန်းကို လိုက်ရိုက်ရင် ရိုက်နေတတ်ကြတာ။

ပိတုန်းခမျာ ပြေးရင်း ဘယ်လိုတွေးမိလဲဆို. .

'ဘယ်လိုလူကြီးလဲဟ။ သူစိုက်ထားတာလည်း တစ်ပင်မှမပါဘဲ တိုနေတယ်။ ကိုတို. .'

ဗျားပိတုန်းတွေတောင် စိတ်ညစ်ရတာ စာရေးဆရာပဲ။ လူဆိုတာတော့ ပြောမနေနဲ့တော့။

ဦးဟန်ညွန့်ဆို သူစာရေးတဲ့အခန်းဝမှာ မီးလုံးအနီနဲ့အစိမ်းတပ်ထားတယ်။

မီးနီဖွင့်ထားရင် သူစာရေးနေတယ်။ အိမ်သားတွေ စကားကျယ်ကျယ်မပြောရဘူး။ လမ်းလျှောက်ရင် ခြေသံမပြင်းရ။ သူ့ရှေ့ လာမရပ်ရ။ ဖြတ်မလျှောက်ရ။

ထမင်းစားလည်း ခေါ်ခွင့်မရှိဘူး။ သူစာရေးနားလို့ မီးစိမ်းဖွင့်ထားမှ ထမင်းစားခေါ်။

တစ်ခါက မီးနီဖွင့် စာရေးနေတုန်း နေ့လယ်ဆယ့်နှစ်နာရီရှိနေပြီမို့ သူ့မခေါ်တော့ဘဲ မိသားစုထမင်းစားလိုက်ကြတယ်။

နေ့တစ်နာရီထိုးခါနီးအထိ မီးလည်းမစိမ်း၊ ထမင်းလည်းမစားလို့ သမီးငယ်က သွားကြည့်တယ်။

"ဟောတော့"

"ခလူး. . ခလော. ."

"အဖေ. . ထ. . ထ. . ထမင်းစားမယ်လေ"

စာရေးတယ်ဆိုပြီး ဒရင်းဘက်မှာ အိပ်ပျော်နေလို့ သမီးငယ်



www.burmeseclassic.com

www.burmeseclassic.com



က နှိုးတယ်။

အဲဒါ ဘယ်လိုထပြောက်တယ်မှတ်လဲ။

"ဘာလို့ လာနှိုးတာလဲ။ အိပ်မက်ခန်းရေးမလို့ အိပ်ကြည့်နေတာကို"

"ဟောတော့"

သမီးငယ် လျှာတစ်လစ်ဖြစ်သွားတယ်။ စာရေးဆရာဆိုတာ အဲဒီလိုမျိုး။

အခု စာရေးဆရာတွေ၊ အယ်ဒီတာတွေ၊ ဂျာနယ်လစ်တွေ စုနေတဲ့ သူ့တိုက်မှာ ဘယ်လိုနေမလဲ စဉ်းစားကြည့်. .။

***



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၈)

ဖူးငုံနှင်းဆီ အုံ့ညြနေတယ်။

မအုံ့ညြလို့ မဖြစ်ဘူး။

ဒီနေ့မှ အလုပ်စဆင်းမယ်ကြံတဲ့ ပုဂ္ဂိုလ်ထူးကို ဆေးခွင့်သုံးရက်နဲ့ စရိတ်သုံးသောင်းကျပ် ထုတ်ပေးဖို့ သွန်ကြားချက်ဝင်လာတာကိုး။

"ဘယ်လိုဖြစ်တာလဲဟ"

အင်ကြင်းခိုင်က မေးတော့ ဖူးငုံနှင်းဆီမဖြေတတ်ဘူး။ ခေါင်းခါနေမိတယ်။

သူ့ရှေ့က စားပွဲမှာတော့ နေလင်းက သူ့ကို ကွက်ကြည့်ကွက်ကြည့်လုပ်နေတယ်။ သူ့ကို စရိတ်ခေါ် ပေးမလားလို့ စောင့်နေတာ။

ဖူးငုံနှင်းဆီ ဆတ်ခနဲဆို ထလိုက်ပြီး သူ့ဦးလေးအခန်းထဲ ဝင်သွားတယ်။



www.burmeseclassic.com

www.burmeseclassic.com


"ဦးလေး. . လူသစ်ကို ခွင့်သုံးရက်နဲ့ စရိတ်သုံးသောင်းပေးရမယ်။ ဟုတ်လား"

"အေး. . ဟုတ်တယ်။ ခုနပဲ ငါညွှန်ကြားလိုက်ပြီလေ"

"မဟုတ်သေးဘူးဦးလေးရဲ့။ ဒီလို. ."

"ညည်းမပြောနဲ့။ ငါသိတယ်။ လုပ်စရာရှိတာသာ ဆက်လုပ်လိုက်"

ဦးဟန်ညွှန့်ရဲ့ ယတိပြတ်စကားကြောင့် ဖူးငုံနှင်းဆီပါးစပ်ပိတ်သွားတယ်။

"စာရေးဆရာတွေအားလုံးဟာ ဒီလိုပဲလားမသိဘူး။ ငါတော့ ရူးချင်ပြီ"

စိတ်ထဲက ပြောပြီး တကယ်ပြောလိုက်တာကတော့. .

"ဟုတ်ကဲ့ ဦးလေး. . ။ ဦးလေး သင့်တော်လို့ စီစဉ်ညွှန်ကြားတာပဲဟာ။ သမီးလုပ်ပေးရမှာပေါ့။ အမြန်စီစဉ်ပေးလိုက်မယ်နော်"

"အေး. . အေး. . ။ ဪ. . သူဆေးစာတင်ပြလာရင် ဆေးစာထဲမှာ ချပ်ရတာ လေးချက်လို့ပါရင် နောက်ထပ်တစ်သောင်း ထုတ်ပေးလိုက်"

"ဟုတ်. . ဟုတ်ကဲ့"

ဖူးငုံနှင်းဆီ ခေါင်းကုတ်ပြီး ပြန်ထွက်လာတယ်။ သူ့စားပွဲမှာ ဆောင့်ဆိုပြီး ထိုင်ချလိုက်တယ်။

နေလင်းကတော့ သူ့ကိုကြည့်ပြီး ဇက်ကလေးပုထားတယ်။ ခေါင်းလေးငုံ့ထားတယ်။ မျက်လုံးရွဲကြီးနဲ့တော့ လှန်ကြည့်နေတယ်။

ဖူးငုံနှင်းဆီက ဆောင့်ဆောင့်နဲ့ စာရင်းရေး၊ ငွေထုတ်ပြီး နေလင်းကို လှမ်းခေါ်တယ်။

"ကိုနေလင်း. . "

"ခင်ဗျာ"

"ဒီကိုလာ"


www.burmeseclassic.com

www.burmeseclassic.com


"ဟုတ်. ."

"ဒီမှာထိုင်"

"ဟုတ်. ."

"ဒီမှာလက်မှတ်ထိုး"

"ဟုတ်. .။ ဘောပင်လေး ခဏ"

"စာရေးဆရာ၊ အယ်ဒီတာတဲ့။ ဘောပင်လေးတစ်ချောင်းတောင် မပါဘူးလား"

"အဟီး. . မေ့လာလို့ပါ"

"ရော့. ဘောပင်။ အပိုင်သာယူလိုက်တော့"

"သိပ်သဘောကောင်းတာပဲဗျာ။ ဉစ္စာပေါ၊ ရုပ်ချော၊ သဘောကောင်းဆိုတာ ကြားဖူးတာကြာပြီ။ အခုမှ တွေ့ဖူးတော့တယ်"

"အပိုအရှိုးတွေကို ခိုညည်းသလို ညည်းပြမနေနဲ့။ ရော့. . သုံးသောင်း။ ရေကြည့်ဦး။ လက်မှတ်ထိုးပြီး ပြန်တော့"

"ဟင်. . ဘယ်ကိုပြန်ရမှာလဲ"

"အိမ်ပြန်ပေ့ါ။ ခွင့်သုံးရက်ပေးလိုက်ပြီ။ သုံးရက် လာစရာမလိုတော့ဘူး"

"ဟင့်အင်း. . ပြန်ဘူး"

"ရှင်က ခွင့်လေ။ ကိုယ့်အိမ်ကိုယ်ပြန်"

"ဟင့်အင်း. . ပြန်ဘူး။ ဒီမှာပဲ ထိုင်နေမယ်။ အဆောင်မှာ တစ်ယောက်တည်း မနေရဲဘူး"

နေလင်း တကယ်မပြန်ရဲတာ။ အဆောင်မှာ သူတစ်ယောက်တည်းရှိတုန်း မမကြီးလာရင် ဘယ်လိုလုပ်ရမှာလဲ။ ပြော. .။

"ပြန်ဘူးဗျာ. .။ အဆောင်တော့ မပြန်ဘူး။ ဒီမှာပဲ ထိုင်ခွင့်သုံးမယ်"

သူ့လက်ထက်ကျမှပဲ 'ထိုင်ခွင့်'ဆိုတာ ပေါ်လာတော့တာ။

တကယ်လည်း မပြန်ဘဲ ပေကပ်ပြီး သူ့စားပွဲမှာထိုင်နေတာ


www.burmeseclassic.com

www.burmeseclassic.com



ညနေလေးနာရီထိုးရော။

ဦးဟန်ညွန့် အခန်းထဲက ထွက်လာတော့ သူ့ကို မြင်လို့ တအံ့တသြမေးတယ်။

"ဟ. . ခွင့်ပေးထားတာ ဘာလုပ်နေတာလဲ"

ဖြေပုံက သင်းတယ်။

"ကျွန်တော် ခွင့်နဲ့ထိုင်နေတာပါခင်ဗျာ"

ကဲ. . ဘာပြောမလဲ။ ဘာမှမပြောဘူး။ ဦးဟန်ညွန့် ပြုံးစေ့စေ့နဲ့ ထွက်သွားတော့တယ်။

***



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၉)

"မင်းတော်တော်ပြောင်မြောက်ပါလား။ မင်း အဲဒီလောက် ဆေါရှုံးမှန်း ငါမသိဘူး"

အောင်မျိုးစကားကြောင့် နေလင်းမဲ့သွားတယ်။ အချစ်ကြောင့် ခံရှုံးနေတာကို ပေါ်ရဲတယ်ဆိုတော့လည်း မခံနိုင်ဘူး။

"အဲဒီလိုမပြောပါနဲ့ အောင်မျိုးရာ။ မင်းက မချစ်တတ်ဘဲကိုး ကွ"

"ငါမချစ်တတ်တာ ဝန်ခံတယ်။ ငါက ကင်မရာတစ်လုံးနဲ့ ဓာတ်ပုံရိုက်နေရရင် ပျော်တယ်။ အချစ်ကိုတောင် မေ့နေတာ"

"ငါလည်း မင်းလိုပါပဲကွာ။ ရွာမှာနေတုန်းက အချစ်ကို မသိခဲ့ပါဘူး"

"အခု ရန်ကုန်ရောက်မှ သိတယ်ပေါ့"

"ဟုတ်တယ်။ ရန်ကုန်ရောက်မှ အချစ်ကို သိတော့တာ။ သိတာ



www.burmeseclassic.com

www.burmeseclassic.com



မှ ရင်းရင်းနှီးနှီးကို သိတော့တာ"

"လဲသေလိုက်ကွာ။ မင်းတော့ ရင်ကွဲပက်လက်ဖြစ်ဦးမှာ မြင်ယောင်သေး"

"ဘာလို့ဖြစ်ရမှာလဲ"

"မင်းချစ်မိသူရဲ့အကြောင်း မင်းသိလို့လား"

"ဟင့်အင်း. . ချစ်ဖို့ကောင်းတာပဲ သိတယ်"

"အေး. . ငါပြောပြမယ်"

"ပြောကွာ. .။ မြန်မြန်ပြော"

"ဖူးငုံနှင်းဆီက ဘွဲ့ရပညာတတ်။ ငယ်တယ်။ ချောတယ်။ သူ့မိဘများကလည်း ထိုက်သလောက် ချမ်းသာတယ်"

"ထိုက်သလောက်ချမ်းသာတယ်ဆိုတာ ဘယ်လောက်လဲ"

နေလင်းရစ်တာ။ တကယ်လည်း ထိုက်သလောက်ချမ်းသာတာကို သူမရှင်းဘူး။ သူဌေးလား၊ မသူဌေးလား သူတွေးရင်း မေးလိုက်တာ။

"ထိုက်သလောက်ဆိုတာ သူတို့မှာရှိသလောက် အကုန်ချမ်းသာတာ မှတ်လိုက်"

"ဒါဆို သိပြီ။ ဌေးသည်လည်းမမည်။ ဆင်းရဲသည်လည်း မဆိုအပ်။ ချမ်းသာသည်ဟု မှတ်ရန်ခက်။ မွဲတေသည်ဟု ဆိုရန်မဖြစ်။ ဒါဆို လူလတ်တန်းစားပေါ့"

"ဟင့်အင်း. . လူလတ်တန်းစားထက်လည်း နည်းနည်းပိုတယ်။ ဟိုကွာ. . တစ်ထပ်တိုက်တစ်လုံးရယ်၊ ကားတစ်စီးရယ် ရှိတယ်။ ကားက ကကကွာ။ အငှားပေးထားတယ်။ သူ့အဖေက ရှေ့နေကွာ။ သူ့အမေက နောက်နေ။ နောက်မှာ အနေများတယ်။ ထမင်းဟင်းချက်နေရတာကိုး"

"သိပြီ. .။ ဒါဆို ရှယ်လူလတ်တန်းစား"

"အေး. . ဟုတ်မယ်။ သူဌေးလည်းမဟုတ်၊ လူလတ်တန်းစားလည်းမဟုတ်တော့. .၊ လူလတ်တန်းစားထက်လည်း ပိုနေပြီတော့ ရှယ်လူလတ်တန်းစားပဲဖြစ်မယ်"



www.burmeseclassic.com

www.burmeseclassic.com



နှစ်ယောက်သား လူတန်းစားစစ်တမ်း ကောက်နေကြတယ်။

"နေဦး. . ။ လိုရင်းကိုစွ ဆက်ပြော။ ဖူးငုံနှင်းဆီက လှတယ်၊ ချောတယ်။ ဥစ္စာမပေါ်တပေါ်ဖြစ်တယ်။ နောက်ကော. ."

"မာနကြီးတယ်။ အသက်ငယ်တယ်။ သူနဲ့ အသက်ရွယ်တူ ငယ်သူတွေကိုပဲ သူစိတ်ဝင်စားတယ်"

"ဘာကိုကြည့်ပြောတာလဲ"

"နောက်တော့ သိလိမ့်မယ်။ သူက မင်းသား၊ မင်းသမီးဆို ငယ်မှ၊ ချောမှ။ မော်ဒယ်လ်တွေဆိုလည်း ငယ်မှ၊ ချောမှ ကြိုက်တာ။ နောက်ဆုံး ကုန်ကုန်ပြောရရင် ကာတွန်းစာအုပ်ကြည့်တာတောင် ဇာတ်လိုက်ငယ်ချောလေးမှ ကြည့်တာ"

"ဟုတ်လား"

"ဟုတ်တယ် ငါ့ကောင်။ မင်းဘာဆက်လုပ်မလဲ"

"ငါ့ဒီဇိုင်းကို သူယိုင်ဖွယ်ရာမရှိဘူးပေါ့"

"ဝေးသေး. . ။ မင်းက အဘိုးကြီးအိုရုပ်"

အောင်မျိုးစကားကြောင့် နေလင်းငိုင်သွားတယ်။ စကားပြန်ပြောဖော် မရတော့ဘူး။

သွားပြီ. . ။

ငေးပြီ. . ဆွေးပြီ. . ။

ဇာတ်လမ်းက အဲဒီကစတာပဲ။

***



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁၀)

ဧအောင်မျိုးတားနေတဲ့ကြားထဲကနေ နေလင်း ရုံးကိုလိုက်လာတယ်။

ရုံးခန်းက သူ့စားပွဲမှာ ပုဂ်တုတ်ထိုင်နေတယ်။

ရုံးခန်းမဝင်ခင် သူတို့ဆေးခန်းဝင်ခဲ့ကြသေးတယ်။ ဆေးခန်းမှာ အနာကိုကြည့်တဲ့ ဆရာမလေးကို နေလင်းက ဘာပြောတယ်မှတ်လဲ။

"ဆရာမ . ."

"ပြော"

"ကျွန်တော့်ဒဏ်ရာ ဘယ်နှချက်ချုပ်ထားရတာလဲ"

"သုံးချက်"

"နောက်တစ်ချက် ထပ်ချုပ်ပေးပါလား"

"ရှင် . ."

"တကယ်ပြောတာပါ။ တစ်ချက်လောက် ထပ်ချုပ်လို့ မရ



www.burmeseclassic.com

www.burmeseclassic.com



ဘူးလား"

"မရပါဘူး။ မချုပ်ဘဲ ဆေးထည့်ပေးလိုက်ရင်တောင် ရတာ၊ ပါးစပ်အငြိမ်မနေရင် အနာပြဲသွားမှာစိုးလို့ ချုပ်ပေးလိုက်တာ"

နေလင်းငြိမ်သွားတယ်။ အောင်မျိုးကတော့ ပြုံးနေတယ်၊ နေလင်း ခွင်ဖန်နေတယ်ဆိုတာ သူသိတယ်။

'ငါထက်ကဲတဲ့ ငါ့ရွာသား' ပါလားလို့လည်း တွေးနေမိတယ်၊

ဆေးခန်းက ပြန်ထွက်လာတော့ ရုံးကိုလိုက်လာပြီး ငုတ်တုတ် ထိုင်နေတာ။ ဘယ်သူမေးမေး. .

"ခွင့်ထိုင်နေတာလေ". . တဲ့။

ကဲ. . မခက်လား။

ခက်တယ်။ ဖူးငုံနှင်းဆီရောက်လာတော့ ပိုခက်တယ်၊

ဖူးငုံ့ရှေ့မှာ သွားရပ်ပြီး ဆေးစာတင်ပြရင်း လျှာရှည်တော်မူ တယ်။

"ဒီမှာ ဆေးစာပါ။ သုံးချက်မက ချုပ်ရမှာကို လျှော့လျှော့ပေါ့ ပေါ့ချုပ်ပေးလိုက်တာလို့ ဆရာမက ပြောလိုက်ပါတယ်"

"အို. . ဟုတ်လား။ ပါးစပ်ပါ တွဲချုပ်ပေးလိုက်ရင် ကောင်းမှာ"

မှတ်ကရော။ ဖူးငုံနှင်းဆီ ဖွဲ့ထည့်လိုက်တာ။ နေလင်း ငြိမ်ပဲ၊ ဖူးငုံက ဆေးစာကိုကြည့်ပြီး ပြန်ပေးလိုက်တယ်။

"ရပြီ။ ပြန်တော့"

"ပြန်ဘူး"

"ရှင် ဆေးခွင့်လေ"

"သိတယ်။ ရုံးမှာပဲ ခွင့်ထိုင်မယ်"

ပြောလည်းပြော၊ သူ့စားပွဲမှာလည်း သွားထိုင်နေတော့တာ၊ ပုံစံကတော့ ပေကပ်ကပ်ပုံစံပဲ။

ထိုစဉ်မှာပဲ ဘော့စ်ဦးဟန်ညွှန့် တက်လာတယ်။ နေလင်းကို မြင်တော့ အံ့သြသွားတယ်။



www.burmeseclassic.com

"မင်းအနာ သက်သာရဲ့လား။ ခွင့်ပေးထားတယ်လေ"

"ဟုတ်ကဲ့ဆရာ။ ဆေးစာလာပြတာပါ။ ခွင့်ကလည်း ဒီမှာပဲ ထိုင်မှာပါ"

"ဟေ. . ဘယ်လို. ."

"ဟုတ်ကဲ့။ ဒီလိုပါ. ."

"မင်းမပြောနဲ့။ ငါသိပြီ. . ။ မင်းက လုပ်ငန်းကို သံယောဇဉ်ရှိတော့ ခွင့်ပေးထားတာတောင် မယူနိုင်ဘဲ ရုံးလာတက်တယ်ပေါ့"

"ဟုတ်ကဲ့. . ။ အဲဒီလိုပဲ ပြောရမလားပဲ"

"ကြိုက်ပြီကွာ။ မင်းစိတ်ဓာတ်ကို ကြိုက်သွားပြီ"

"ပါးပါးလေးပါ ဆရာ"

"ဟုတ်ပါပြီ။ ဟဲ့. . ဖူးငုံ"

"ရှင်. ."

"သူ့ကို အိုဗာတိုင်သုံးရက်ခ ထုတ်ပေးလိုက်။ ကြားလား"

"ဟို. . ဟို. . ဒါက. ."

"ညည်းမပြောနဲ့။ ငါသိတယ်။ ပေးဆို ပေးလိုက်"

"ဟုတ်. . ဟုတ်ကဲ့"

"ကဲ. . ကြိုးစားကွ။ မင်တို့လိုလူမျိုးတွေရှိမှ တို့လုပ်ငန်း တိုးတက်မှာ"

လို့ ပြောပြီး ဦးဟန်ညွှန့်အခန်းထဲဝင်သွားတယ်။ အားလုံးကတော့ ပါးစပ်အဟောင်းသား။

အင်ကြင်းခိုင်က မနေနိုင်ဘူး။ တိုးတိုးလည်း ပြောလိုက်သေးတယ်။

"လုပ်ငန်းမတိုးတက်ဘဲ သူ့တူမပါသွားမှ ဟုတ်ပေ့ဖြစ်နေမယ်။ တို့ဆရာတော့ နာတော့မယ်ထင်တယ်။ ဟင်း. ."

ဒါကို အားလုံးကြားတော့ ပြုံးကြတယ်။ ဖူးငုံနှင်းဆီက မျက်စောင်းထိုးပြီး တိုးတိုးပြန်ပြောတယ်။



www.burmeseclassic.com

www.burmeseclassic.com



"ဝေးသေး. .။ ဒီပုံစံမျိုးနဲ့များ"

ဘယ်သူတွေ ဘာပြောပြော နေလင်းက မကြားဟန်ပြုနေတယ်။ ဂျာနယ်ကိုင့်ဖတ်ရင်းက ဖူးငုံနှင်းဆီကို ခိုးခိုးကြည့်ရတာ အမော။

သူ့ရှေ့မှာလာပြီး သူ့ကိုရှိုးနေတော့ ဖူးငုံမနေတတ်ဘူး။ နှုတ်ခမ်းကိုက်ပြ၊ မဲ့ပြလိုက်လုပ်လည်း ကျေးဇူးရှင်က မလှုပ်ဘူး။

ဆောင့်အောင့်ပြီး မာန်လိုက်၊ မဲလိုက်၊ ဖြဲပြလိုက် လုပ်တာလည်းမရဘူး။ (စက္ကူတွေကို ဆွဲဖြဲပြတာပါခင်ဗျ။ အဲဒီလို အဖြဲခံချင်လို့လားလို့ပြတဲ့ နိမိတ်ပုံပါခင်ဗျ)

မထုံတက်တေး နေလင်းကိုကြည့်ပြီး အောင်မျိုးခေါင်းကုတ်ပြီးညည်းရှာတယ်။

"ငါတို့ရွာတော့ နာမည်ပျက်ပါပြီ"

ညည်းလည်းညည်း၊ တွေးလည်းတွေးသေးတာ။ သူ့အတွေးထဲမှာက. .

နေလင်းက နို့ဘူးကြီးစို့လို့။ ကလေးကြီးလေ. .။

ရွာက လူကြီးနှစ်ယောက် ရန်ကုန်ရောက်တုန်း ဝင်လည်လို့အောင်မျိုးက ပြောနေတယ်။

"ဦးကြီးထုံ. . ဦးကြီးထုံကို ယုံလို့ လူကြုံပါးပါရစေ"

"ဘာလဲကွာ။ ပြော. ."

"အဲဒီကလေးကို ဒီမှာမနိုင်လို့ ရွာပြန်ထည့်ပါရစေ"

"ဘူလေးလဲ"

"သူလေးပဲ"

နေလင်းကို လက်ညှိုးထိုးပြတော့ နေလင်းက ကလေးလို နွဲ့ဆိုတန်နဲ့. .

"ဟင့်အင်း. . လိုက်ဘူး. .။ ရွာပြန်လိုက်ဘူး"

"သားရယ်. . ပြန်လိုက်သွားနော်။ ရန်ကုန်မှာ သားနေလို့ မဖြစ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဟင့်အင်း. . လိုက်ဘူး။ ရန်ကုန်မှာပဲ မိန်းမယူမယ်"

"ဟ. . မိန်းမယူတာ လူကြီးတွေအလုပ်ပါ။ ကလေးက မိန်းမ မယူရဘူးလေ"

"ဟင့်အင်း. . ပြန်ဘူး။ မိန်းမရမှ ပြန်လိုက်မယ်"

"တောက်. . နေလင်း။ မင်းသာ ကလေးဆို ရွာကို လူကြီးနဲ့ ပြန်ထည့်လိုက်ချင်တာ။ ဟင်း. ."

အတွေးလွန်ပြီး အောင်မျိုးအသံထွက်သွားလို့ အားလုံးက ဝိုင်းကြည့်ကြတယ်။

အောင်မျိုးလျှော့ချတယ်။

"ဟော့ကောင်နေလင်း. .။ ရွာက ကလေးတွေကို သတိရတယ်ကွာ။ လူကြုံရှိရင် ပြော။ သကြားလုံးဝယ်ပေးလိုက်ချင်တယ်"

"ရွာမှာ သကြားလုံးတင်မက ထန်းလျက်တွေလည်း ပေါပါတယ်ကွာ"

နေလင်းအဖြေက သိပ်အံမဝင်ချင်ဘူး။ အောင်မျိုးကလည်း ဘာမှဆက်မပြောတော့ဘူး။ အားလုံးထင်တာကလည်း သူတို့ရွာသားနှစ်ယောက် ရွာစကားပြောနေကြတယ်ပဲထင်တာ။ အေးတာပဲ။

မဆီမဆိုင် ရုံးလာပြီး ခွင့်ထိုင်နေတဲ့ နေလင်း ထမင်းစားချိန်ကျတော့ ပြဿနာတစ်ရပ် ကြုံရသေးတယ်။

သူတို့ရုံးမှာက သာမန်ဝန်ထမ်းတွေက ကိုယ့်ထမင်းချိုင့်နဲ့ကိုယ် လာရတယ်။

မန်နေဂျာတို့၊ ငွေကိုင်တို့၊ အယ်ဒီတာတို့၊ ဓာတ်ပုံဆရာတို့ကိုတော့ မနက်စာထမင်းကျွေးတယ်။

ထမင်းကျွေးရမယ့် လူစာရင်းမှာ နေလင်းပါတာတော့ မှန်တယ်။ ဒီနေ့အတွက် သူ ထမင်းစာရင်းမပါဘူး။ သူက ခွင့်လေ။

ခွင့်လာထိုင်နေတဲ့ နေလင်းတစ်ယောက် ငုတ်တုတ်ထမင်းငတ်မလို ဖြစ်နေတယ်။

www.burmeseclassic.com



အောင်မျိုးကလည်း အပြင်သွားတာ ပြန်မလာသေးဘူး။

ဝန်ထမ်းတွေ ထမင်းချိုင့်လေးတွေနဲ့ ထမင်းစားခန်းမှာ လှုပ်ရှ လှုပ်ရှလုပ်နေကြတာမြင်တော့ နေလင်းဗိုက်ဆာလာသလို ခံစားလာရတယ်။

"ဂွီ. . ဂွီ. ."

ဟုတ်ပ့ါ။ ဗိုက်ထဲက အချက်တောင်ပြနေပြီ။

မန်နေဂျာမမ၊ ငွေကိုင်မမတို့ကို ကြည့်လိုက်တော့ တုတ်တုတ်မှုတို မလှုပ်ကြသေးဘူး။ အလုပ်ထဲ အာရုံရောက်နေကြတဲ့ပုံပဲ။

"မမ. . ထမင်းစားမယ်"

အင်ကြင်းခိုင်ရဲ့အသံ။ မန်နေဂျာမမကို ခေါ်တာ။ ပြီးတော့ ဖူးငုံနှင်းဆီကို ခေါ်တယ်။

"နှင်းဆီ. . ထမင်းစားလို့ရပြီ"

"အေး. . လာခဲ့မယ်"

ဖူးငုံနှင်းဆီ ထသွားတယ်။ ထမင်းစားခန်းက သီးသန့်ခန်းမှာ။

နေလင်းက အင်ကြင်းခိုင်ကို လှမ်းကြည့်တယ်။ တိုးတိုးလှမ်းခေါ်တယ်။

"မအင်ကြင်းခိုင်. ."

"ရှင်. ."

"ကျွန်တော့်ဗိုက်ထဲမှာ မအီမလည်ဖြစ်နေတယ်"

"အိမ်သာက ဟိုဘက်မှာလေ"

"မဟုတ်ဘူး။ ဂွီဂွီနဲ့ အော်နေတာ"

"တော်ပြီ။ မပြောနဲ့တော့။ သိတယ်။ ထမင်းဆာနေပြီမဟုတ်လား"

"ဟုတ်သလိုပဲ"

"ဟုတ်လည်း စာရင်းမပါဘူး။ ကိုအောင်မျိုးခွဲတင်မှတော့ ရှိတယ်။ တစ်ဝက်ယူစား"



www.burmeseclassic.com

www.burmeseclassic.com



"အာ. . ဖြစ်တယ်။ ကျေးဇူးပဲ။ လိုက်ခဲ့မယ်နော်"

ပြောလည်းပြော၊ တောက်တဲ့လိုလည်း ကပ်လိုက်သွားတော့တယ်။

သူဝင်လာတော့ ဖူးငုံနှင်းဆီက မော့ကြည့်တယ်။ နောက်. . မသိသလို ထမင်းဆက်စားနေတယ်။

နှင်းဆီရဲ့ မျက်နှာချင်းဆိုင်စားပွဲထိပ်မှာ ထမင်းပန်းကန်နဲ့ ဇွန်း၊ ခက်ရင်းရှိတယ်။ ထမင်းအုပ်ရှိတယ်။ ဟင်းပန်းကန်ကတော့ ခပ်သေးသေးပဲ။ ကြက်သားနှစ်တုံးပဲ။ ခွဲတမ်းလေ။

နေလင်းက နှင်းဆီနဲ့တည့်တည့် ထမင်းပန်းကန်ရှေ့မှာ ဝင်ထိုင်လိုက်တယ်။

ပန်းကန်ကိုလှန်ပြီး ထမင်းခူးနေတုန်း အသံတစ်သံထွက်လာတယ်။

"အင်ကြင်းခိုင်. . သူ့ခွဲတမ်း ပါလို့လား။ အဲဒါ ကိုအောင်မျိုးခွဲတမ်းမဟုတ်လား"

ဖူးငုံနှင်းဆီရဲ့အသံပဲ။ အားလုံးက နေလင်းကို အားနာစွာနဲ့ ကြည့်ကြတယ်။ ဖူးငုံနှင်းဆီကတော့ မျက်နှာတင်းတင်းနဲ့ ကြည့်နေတယ်။

နေလင်းရင်ထဲမှာ နင့်ခနဲဖြစ်သွားတယ်။ ထမင်းခူးအုံ့ဆဲဆဲလက်ကလည်း အလိုလိုတန့်သွားတယ်။

"ဖူးငုံ. . ကိုနေလင်းက ကိုအောင်မျိုးခွဲတမ်းထဲကတစ်ဝက်. ."

"မပြောနဲ့ အင်ကြင်းခိုင်။ ရုံးဆိုတာ စည်းနဲ့ကမ်းနဲ့ နေရတာ။ ဝင်ချင်သလိုဝင်၊ စားချင်သလိုစားလို့ မရဘူးလေ"

အင်ကြင်းခိုင်ကို ပြောသလိုလိုနဲ့ နေလင်းကို ပြောနေတာ။ နှင်းဆီနားထဲမှာတော့ နေလင်းရောက်ရောက်ချင်း ပြောခဲ့တဲ့. .

"ဟုတ်ကဲ့ခင်ဗျာ. . ။ အသည်းကောင်းလို့ ပွဲတောင်းလာကြသူများအတွက် မိတ်ဆက်ပွဲလေးတစ်ရပ် ပြုလုပ်ပါရစေ"

ဆိုတဲ့ စကားသံနဲ့အတူ နေလင်းရဲ့ မချိုမချဉ်မျက်နှာကို မြင်



www.burmeseclassic.com

www.burmeseclassic.com


ယောင်နေတာ။

ဒါကြောင့်လည်း တမင်နှိပ်ကွပ်လိုက်တာ။

ဖူးငုံနှင်းဆီပစ်လိုက်တဲ့ နှင်းဆီဆူးက နေလင်းရဲ့နှလုံးသားကို စူးဝင်သွားဟန်ရှိလေရဲ့။

နေလင်းက တောင်းပန်စကားဆိုတယ်။

"ကျွန်တော်တောင်းပန်ပါတယ်။ ဆန္ဒစောသွားတဲ့အတွက် တောင်းပန်ပါတယ်ဗျာ"

ပြောပြောဆိုဆို နေလင်းက ထမင်းပန်းကန်လေးကို ပြန်ကောက်ထားခဲ့ပြီး ထိုင်ခုံကနေ ထသွားတော့တယ်။

မန်နေဂျာမမနဲ့ အင်ကြင်းခိုင်တို့က တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ဖြစ်ကြတယ်။

ဖူးငုံနှင်းဆီကတော့ ထမင်းငုံ့စားနေဆဲ။

***



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁၁)

အောင်မျိုးရုံးပြန်ရောက်တော့ နေလင်းမရှိတော့ဘူး။ ထမင်းစားခန်းထဲက ပြန်ထွက်လာပြီး တန်းပြန်သွားတာတဲ့။

ဟုတ်တယ်။ ဖူးငုံနှင်းဆီတို့ ထမင်းစားပြီးလို့ ပြန်ထွက်လာကတည်းက မတွေ့တော့တာ။

အောက်ဆင်း ထမင်းစားသလားလို့ ထင်နေကြသေးတာ။ အတော်ကြာမှ အင်ကြင်းခိုင်က မနေနိုင်လို့ ဝန်ထမ်းကောင်မလေးတစ်ယောက်ကို မေးတော့မှ အပြီးပြန်သွားမှန်း သိရတာ။

"ကိုအောင်မျိုးပြန်လာရင် ပြန်နှင့်ပြီလို့ ပြောပေးပါ" လို့ မှာသွားသတဲ့။

ဖြစ်စဉ်အားလုံးကို အောင်မျိုးသိလိုက်ရတော့ အတော်လေးစိတ်မကောင်းဖြစ်သွားတယ်။

နေလင်းအတော်ခံစားသွားရပြီဆိုတာ နားလည်လိုက်ရတယ်။



www.burmeseclassic.com

www.burmeseclassic.com



ဖူးငုံနှင်းဆီကိုကြည့်တော့ အေးဆေးပဲ။ ဘာမှမဖြစ်သလိုပဲ။

'ဖူးငုံနှင်းဆီ. . မင်းဟာ နာမည်နဲ့လိုက်အောင်ပဲ ဆူးတွေနဲ့ပါလားဟင်။ မင်းရဲ့ဆူးက ငါ့သူငယ်ချင်းရဲ့ နှလုံးသားကို စူးနစ်စေခဲ့ပြီပေါ့။ ဟုတ်လား. .'

အောင်မျိုးက စားပွဲကနေထိုင်ပြီး ဖူးငုံနှင်းဆီကိုကြည့်ရင်း ရင်ထဲက ပြောနေတာ။

"အေး. . မင်းလေး တစ်နေ့ ကိုယ့်ဆူးနဲ့ကိုယ် ပြန်မစူးပါစေနဲ့လို့ ငါဆုတောင်းပါတယ် ဆူးတွေနဲ့ကောင်မလေးရေ"

အောင်မျိုး မကျေမနပ်နဲ့ တီးတိုးပြောရင်း ပါးစပ်က ပွစိပွစိ လုပ်နေတာ မြင်လိုက်တဲ့ အင်ကြင်းခိုင်က လာကပ်မေးတယ်။

"ကိုအောင်မျိုး. . ဘာတွေမကျေနပ်လာလို့ ပွစိပွစိလုပ်နေတာလဲ"

"ဟိုဟာ. . ဓာတ်ပုံသွားရိုက်တာ အဆင်မပြေခဲ့လို့ပါ"

လျှောချတာ။ ပြောမယ့်သာ ပြောရတယ်။ အမှန်တော့ ဒီကိစ္စ ဟာ သူ့အလုပ်တော့ မဟုတ်ဘူးရယ်။

ကာယကံရှင်တွေရဲ့ ကိစ္စပဲလေ။

***



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁၂)

"သမီးမှားတယ်။ စားခါနီး သောက်ခါနီးမှာ မဟန့်တား ကောင်းဘူးသမီးရဲ့။ ငရဲကြီးတတ်တယ်။ ပြိတ္တာဖြစ်တတ်တယ်"

ဖူးငုံနှင်းဆီရဲ့မေမေ ဒေါ်နှင်းဆီက သမီးကို ဆုံးမနေတယ်။

ဖူးငုံနှင်းဆီက ရုံးမှာဖြစ်ပျက်သမျှကို ညစာထမင်းဝိုင်းမှာ အိမ် သားတွေကို ပြန်ပြောလေ့ရှိတယ်။

အမှန်ကတော့ ဖူးငုံနှင်းဆီက ငယ်ဂုဏ်ငယ်သွေးနဲ့ မာန်တက် တာလည်း ပါတာပေါ့။

ဒါကြောင့် သူ့မေမေက အမြဲဆုံးမတယ်။

အခုလည်း နေလင်းကိစ္စကို အိမ်မှာပြောပြတော့ သူ့ကိုပဲ ဝိုင်း ဆူကြတယ်။

"ညီမလေးမကောင်းဘူး။ တစ်နယ်တစ်ကျေးက အလုပ်လာ လုပ်တဲ့သူကို ဝိုင်းကူရမယ့်ဟာကို နှိပ်ကွပ်ရတယ်လို့. ."

www.burmeseclassic.com

www.burmeseclassic.com



"အို. . မမက ဘာသိလို့လဲ။ လူပုံက ထောင့်မကျိုးဘူး မမရဲ့၊ ညီမလေးကိုကြည့်တာလည်း ဗိုအားပြင်းတယ်"

"ကြည့်တာပဲဟယ်. . ။ ငါ့လာကြည့်စမ်းပါစေ။ တစ်နေကုန် ထိုင်ပြီး တစိမ့်စိမ့်ကြည့်လေ။ ဘာဖြစ်လဲ. . ။ လှလို့ကြည့်တယ်ဆိုပြီး ဝှက်ယူရဦးမယ့်ဟာကို"

"မမပဲ လာအကြည့်ခံ။ ညီမကတော့ ညီမကိုကြည့်တာ မကြိုက်ဘူး။ လူပုံကလည်း စာရေးဆရာဂိုက်တဲ့။ တောဂိုက်ကြီးနဲ့"

"သူများသားသမီးကိုဟယ်. ."

ညီအစ်မနှစ်ယောက် အချီအချပြောနေကြတာကို ဧည့်ခန်းထဲမှာ ရှိနေတဲ့ သူတို့အဖေဦးကျော်စွာ ကြားသွားတယ်။ လှမ်းခေါ်တယ်။

"သမီးဖူးငုံ. . ဒီကိုလာစမ်း"

"ဟုတ်ကဲ့. . လာပါပြီဖေဖေ"

ဖူးငုံနှင်းဆီ ပြေးထွက်လာတယ်။

"ဖေဖေဘာခိုင်းမလို့လဲဟင်"

"ဘာမှမခိုင်းဘူး။ ထိုင်ဦး. . ။ ပြောစရာရှိလို့"

ဦးကျော်စွာ ထိုင်ခိုင်းလို့ ဖူးငုံနှင်းဆီ ယို့ယို့လေးထိုင်လိုက်ရတယ်။ သူ့အဖေ သူ့ကိုဆူတော့မယ်ဆိုတာလည်း သိနေတယ်။

တကယ်လည်း ဆူပြီ။

"သမီးတို့ပြောနေကြတာတွေ ဖေဖေအကုန်ကြားတယ်။ သမီးမှားတယ်"

"သမီးဘာမှားလို့လဲဖေဖေ"

"သမီးအကုန်မှားတယ်။ မလုပ်သင့်တာတွေ လုပ်ခဲ့တယ်"

"သမီးဘာလုပ်ခဲ့လို့လဲဖေဖေ"

"ကိုယ်လုပ်ခဲ့တာ ကိုယ်သိမှာပေါ့။ ဝန်ထမ်းအသစ်က ထမင်းဆာလို့ စားမယ့်ဆဲဆဲ သမီးဟန့်တားခဲ့တယ်ဆို"

"ဒါကတော့ ဖေဖေရယ်. ."



www.burmeseclassic.com

www.burmeseclassic.com


"သမီး ဘာမှမပြောနဲ့။ ဖေဖေအကုန်သိတယ်။ သမီးက ရုံးမှာ ဦးလေးအရှိန်နဲ့ မောက်မာနေတာလား"

"သမီး မမောက်မာပါဘူး"

"ဒါဆို ဘာလို့ ဝန်ထမ်းတစ်ယောက်ကို ပြေပြေလည်လည် မဆက်ဆံရတာလဲ"

"ဒါကတော့. ."

"သမီး မပြောနဲ့။ ဖေဖေသိတယ်။ ကြည့်တာ ပဲ့ပါမသွားဘူး။ စော်ကားမော်ကားလုပ်ရင်တော့ တစ်မျိုးပေါ့။ အခုဟာက တစ်ရုံးတည်း သားချင်း"

"သမီး နည်းနည်းမှားသွားပါတယ် ဖေဖေ"

"နည်းနည်းမဟုတ်ဘူး။ များများမှားတာ။ အဖေ့ညီ ဟန်ညွန့်က လူကဲခတ်မညံ့ဘူး။ သင့်တော်လို့သာ သူ့အလုပ်ခန့်ထားတာနေမှာ။ သမီးက အရှည်ကိုမကြည့်ဘဲ ချက်ချင်း ကွက်ကွက်လေးကိုပဲကြည့်ပြီး လုပ်ချလိုက်တာ"

"သမီး နည်းနည်းများများ မှားသွားပါတယ် ဖေဖေ"

အမယ်လေး. . ။ မှားကာကိုများ တစ်ရစ်ချင်းတက်နေတယ်။

"သမီးမှားမှန်းသိရင် အမှန်ပြင်။ သမီး သူစားခါနီးမှာ ပိတ်ပင် လိုက်တဲ့ကိစ္စဟာ နောင်ဘဝမှာ ပြိတ္တာဖြစ်ဖို့ များနေပြီ"

"ဟင်. . အဲဒီလိုကြီးလား။ သမီးပြိတ္တာမဖြစ်ချင်ဘူး ဖေဖေ"

"မဖြစ်ချင်ရင် သူ့ကိုတောင်းပန်ပြီး သမီးပိုက်ဆံနဲ့ ထမင်းတစ် နပ်ဝယ်ကျွေးလိုက်"

"ဟင်. . ရုံးက ပိုက်ဆံနဲ့ ကျွေးလို့မရဘူးလား"

"မရဘူး။ သမီးငွေနဲ့ဝယ်။ စေတနာနဲ့ကျွေး။ အမှားကို ဝန်ချ တောင်းပန်။ သူကျေနပ်ခွင့်လွှတ်မှ သမီးပြိတ္တာမဖြစ်ဖို့ သေချာမှာ"

"ပြဿနာပဲ"

"ဒါတော့ ကိုယ်မွေးထားတဲ့မီးပဲ သမီးရယ်။ နောင်သံသရာ


www.burmeseclassic.com

www.burmeseclassic.com



အရှည်မပါရအောင် ငြိမ်းသတ်တတ်ဖို့ လိုပါတယ်။ မာနတွေကို ခဝါချ ထားလိုက်စမ်းပါ သမီးရယ်"

"ဟုတ်. . ဟုတ်ကဲ့ဖေဖေ"

ဖူးငုံနှင်းဆီ တကယ်ပဲဝိုင်ဆင်းသွားတယ်။ သူ့ဖေဖေပြောတာ သူသဘောပေါက်တယ်။

ဖေဖေက သူငယ်စဉ်ကတည်းက ပုံပြင်လေးတွေပြောပြလေ့ ရှိတယ်။ ပုံပြင်တွေထဲမှာ အလျှုအတန်း စားရေးသောက်ရေးမှာ ပိတ်ပင် ဟန့်တားတဲ့သူတွေဟာ သေရင်ပြိတ္တာဖြစ်တတ်ကြတယ်လို့ သိထားခဲ့ဖူး တာကိုး။

သူက အဝတ်ဆို ပါတိတ်မကြိုက်သလို ပြိတ္တာလည်း မကြိုက် ဘူး။ မဖြစ်ချင်ဘူး။

သူ့ဖေဖေ တရားပြမှပဲ ဖူးငုံနှင်းဆီ ခါင်းလေးတညိတ်ညိတ်နဲ့ တရားရသူလေးလို ငိုက်ဖမ်းသွားတော့တယ်။

ဘယ်လောက် ကြာကြာခံမယ်တော့မသိရ။

***



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁၃)

"ဘာယ်လိုဖြစ်ရတာလဲ နေလင်းရာ။ မင်းဟာက ဟုတ်မလိုလို နဲ့ ပွဲမှ မစရသေးဘူး အလဲအကွဲဖြစ်လာရတယ်လို့"

အောင်မျိုးက မကျေမချမ်းနဲ့ ပြောနေတာ။ သူပြောမယ်ဆို လည်း ပြောစရာပဲ။ ဝန်ထမ်းအချင်းချင်း ယှိုင်းပင်းရမယ့်အစား နှိပ် ကွပ်တယ်။ ထမင်းဆာလို့ စားအံ့ဆဲဆဲမှာ အရှက်ခွဲသလို ဟန့်တားခဲ့ တယ်။ နောက်ပြီး သူ့ပုံစံက သူဘာမှမသိသလို အေးဆေး။

ခုတင်ပေါ်မှာထိုင်ပြီး ငေါင်စီစီလုပ်နေတဲ့ နေလင်းကို အောင် မျိုးက အားမလိုအားမရ ခေါ်လိုက်တယ်။

"ဟေ့ကောင်နေလင်း. ."

"ဘာလဲကွာ"

ထူးသံက အားမပါဘူး။ အိုရာမင်ဂျီတိုက်ရမယ့်ကိန်း ဖြစ်နေ တယ်။



www.burmeseclassic.com

www.burmeseclassic.com



"မင်းဘာဖြစ်နေလဲ။ ဘာဖြစ်ချင်လဲ"

"ဘာဖြစ်မှန်းလည်း မသိ။ ဘာမှလည်း မဖြစ်ချင်ဘူး"

"မင်း. . အဲဒီလိုကြီး တင်းခံမထားနဲ့"

"ငါက တင်းမခံပါဘူး။ ရင်ထဲမှာ သူ့ဟာသူတင်းနေလို့ အခံရခက်နေတာ"

"ဟုတ်ပြီ။ ဒါဆို မင်းရင်တံခါးကို ဖွင့်ချလိုက်"

"ဘယ်လိုဖွင့်ရမှာလဲကွာ"

"ရင်ထဲက ခံစားနေရတာကို ဖွင့်အော်ပြောပြီး ငိုချလိုက်"

"တောက်. . ရင်နာတယ် အောင်မျိုးရာ။ အီး. . ဟီး. . ဟီး"

သူ့နာမည်တ,ပြီး အော်ငိုချလို့ အောင်မျိုးခမျာ မနည်းပါးစပ်လိုက်ပိတ်လိုက်ရတယ်။

"ဟေ့ကောင်. . ဘယ်လိုပြောငိုတာလဲ။ ငါသေတယ်မှတ်နေကြဦးမယ်"

"မင်းပဲ ခံစားရတာကို ဖွင့်အော်ငိုဆို"

"အေးလေ. . ငါ့နာမည်မပါရဘူးလေ"

"ဒါဆို ဘယ်လိုအော်ရမှာလဲ။ ဒီပတ်တီးကြီးနဲ့ အော်ရတာအားမရဘူးကွ"

နေလင်းက အခုမှ သူ့မေးက ပတ်တီးကို သတိရသွားဟန်ရှိတယ်။ ခုနကတော့ ဘာမှမဖြစ်သလို ပြောဆိုနေပြီးတော့။

"ပတ်တီးကြီးနဲ့ပဲ ခုနအော်ငိုပြီးမှ. . ။ စိတ်ပါကွာ. . ။ စိတ်ကိုတင်းမထားနဲ့"

"သူ့ဟာသူ တင်းနေတာပါဆို"

"ဒါဆို ဒီလိုလုပ်ကွာ"

"ဘယ်လိုလုပ်ရဦးမှာလဲ"

"ကိုရီးယားကားတွေထဲကလို ပင်လယ်ကြီးရှေ့ သွားအော်လိုက်"

www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လို. . ဘယ်လို. . ပင်လယ်ကြီးရှေ့ သွားအော်ရမယ်"

"ဟုတ်တယ်။ ဒါ. . နောက်ဆုံးပေါ်ပဲ။ သူ့နောက် အော်နည်းစနစ်သစ် မရှိသေးဘူး"

"လကမ္ဘာပေါ် တက်အော်ရင်ရော"

"နောင်ဖြစ်ကောင်းဖြစ်လိမ့်မယ်။ လောလောဆယ်တော့ မင်းပင်လယ်ကြီးရှေ့မှာပဲအော်"

"ဒါဆို ချောင်းသာတို့၊ ငပလီတို့ သွားရဦးမှာပေါ့"

"မလိုဘူး။ ဒါပဲလိုတယ်"

ဆိုပြီး အောင်မျိုးက ခေါင်းကို လက်နဲ့ထောက်ပြတယ်။ ဦးနှောက်လိုတယ်ပေါ့။

နေလင်းက ခေါင်းညိတ်ပြီး ပြောတယ်။

"ဒါဆို ဘယ်လိုလုပ်ရမှာလဲ။ ပြော. ."

"လာ. . ငါ့နောက်လိုက်ခဲ့"

အောင်မျိုးခေါ်ရာနောက် နေလင်းလိုက်သွားတယ်။ ဧည့်ခန်းထဲ ခေါ်သွားတာ။

ဧည့်ခန်းထဲမှာ ဘယ်သူမှမရှိဘူး။ နံရံမှာတော့ ဓာတ်ပုံပိုစတာကြီးတစ်ချပ် ကပ်ထားတယ်။

ချောင်းသာပင်လယ်ကမ်းခြေရဲ့ ရှုခင်းအလှပုံပဲ။ ပုံထဲမှာ ပင်လယ်ပြာကြီးက လှိုင်းတွေတောင် ထလို့။

အောင်မျိုးက နေလင်းကို ပိုစတာရှေ့ရပ်ခိုင်းပြီး ပြောတယ်။

"တွေ့လား ပင်လယ်. . ။ အဲဒါ ချောင်းသာက ပင်လယ်ပြင်ကြီးပဲ"

"အေးကွ. . ။ ငါမရောက်ဖူးဘူး။ လိုက်ပို့နော်"

"နောက်တော့ ပို့မယ်။ လောလောဆယ်မှာတော့ မင်းကိုယ်မင်း ချောင်းသာရောက်နေတယ် မှတ်လိုက်"

"မှတ်ပြီးပြီ"



www.burmeseclassic.com

www.burmeseclassic.com

"ပင်လယ်ကြီးကိုကြည့်"

"ကြည့်နေတယ်"

"မြင်လား"

"မြင်တယ်"

"ဘာမြင်တာလဲ"

"သဲသောင်ပြင်မှာ ကောင်မလေးတွေ ကုန်းကွကွနဲ့ ဘာလုပ်နေကြသလဲပဲ"

"တောက် . . အရေးထဲ။ အဲဒါတွေကို ကျော်ကြည့်။ ပင်လယ်ကြီးကိုပဲ ကြည့်"

"ကြည့်နေပါတယ်။ ပြာပြာကြီးဟာ ပင်လယ်ကြီးမဟုတ်လား"

"ဟုတ်တယ်။ အဲဒီပင်လယ်ကြီးကိုပဲကြည့်ပြီး မင်းအော်ပေတော့"

"ဘယ်လိုအော်ရမှာလဲ"

"ဝိန်းပါ့ကွာ။ ရင်ထဲမှာခံစားနေရတာကိုအော်။ ပင်လယ်ပြင်ကို သက်သေပြုတဲ့သဘောပဲ"

"ဒီလိုလား"

"အဲဒီအတိုင်းပဲ"

"သိပြီ . . ။ အော်မယ်"

"အေး . . အော် . . ။ နေဦး . . နေဦး . . "

ဆိုပြီး အောင်မျိုးက နောက်ဆုတ်တယ်။ ခပ်ဝေးဝေးမှာ သွားနေတယ်။

အဲဒီအချိန်မှာ သူတို့နှစ်ယောက်လုပ်ကိုင်ပြောဆိုနေကြတာကို ပိုစတာနံရံနောက်က အဆောင်နေဘော်ဒါတစ်စု ချောင်းနားထောင်နေကြတာကို သူတို့မသိဘူး။

"ဟော့ကောင် နေလင်း . . အော်တော့"

"အေး . . အော်ပြီ"


www.burmeseclassic.com

www.burmeseclassic.com


ဆိုပြီး နေလင်းက ပင်လယ်ပြင်ကြီးကို မမှိတ်မသုန်ကြည့်နေတယ်။ ပြီး. . အော်လိုက်တယ်။

"ပင်လယ်ကြီးရေ. . "

"ဟေ. . "

ပိုစတာနောက်က 'ဟေ' ထူးသံကြောင့် နေလင်းကြောင်စီစီဖြစ်သွားတယ်။ အောင်မျိုးကိုလှည့်ကြည့်တယ်။ အောင်မျိုးက အားပေးတယ်။

"မင်းမုဝင်သွားလို့ ပိုစတာလည်း မုဝင်ပြီး ထူးတာနေမှာကွ။ ဆက်အော်. . ဆက်အော်. . "

ဒါနဲ့ နေလင်းအဟုတ်မှတ်ပြီး ဆက်အော်တယ်။

"ပင်လယ်ကြီးရေ"

"ဟေ. . "

"ပင်လယ်ကြီးလား"

"ဗျား. . "

"ပင်လယ်ကြီးရေ"

"ဟေ. . "

"မင်းကိုငါချစ်တယ်ဟေ့"

"ဗုဒ္ဓေါ"

နောက်ဆုံးအသံကြောင့် နေလင်းကြောင်သွားတယ်။ အောင်မျိုးကိုလှည့်ကြည့်တော့ အောင်မျိုးက အမှားထောက်ပြတယ်။

"ဟကောင်ရ. . ။ ပင်လယ်ကြီးကို ချစ်တယ်သွားမပြောရဘူးလေ။ ဖူးငုံနှင်းဆီကို ငါချစ်တယ်လို့ အော်ရမှာဟ"

"အေး. . ဆောရီး။ ငါသိပြီ"

"ကဲ. . ပြန်အော်။ ပြင်အော်နော်"

"အေးပါ"

နေလင်း ပိုစတာကို သေချာကြည့်ပြီး ပြင်အော်တယ်။


www.burmeseclassic.com

www.burmeseclassic.com



"ပင်လယ်ကြီးရေ့ . ."

"ဟော . ."

"ဆောရီးနော်"

"ရပါတယ်"

ပင်လယ်ကြီးက 'ရပါတယ်' ဆိုတော့ နေလင်းပျော်သွားတယ်။ နောက်က ကောင်တွေ မျက်နှာပြောင်နေကြတာ သူမသိဘူး။ တကယ်ကို မူဝင်နေတာ။ အောင်မျိုးကိုတောင် လှည့်ပြောနေသေးတာ။

"ဟော့ကောင် အောင်မျိုး . .။ ပင်လယ်ကြီးက ရပါတယ်တဲ့ကွ။ သဘောကောင်းတယ်နော်"

"ဒါပေါ့ကွ။ မူဝင်နေတာကိုး။ ဆက်အော်"

"အေး . . ဒီတစ်ခါ အပီအပြင်အော်ပြီ။ ပင်လယ်ကြီးရေ့ . . မဟောနဲ့ဦး။ ဆုံးအောင်နားထောင်"

ဆိုတော့ နောက်ကကောင်တွေ 'ဟော'လုဆဲဆဲ ပါးစပ်လေးတွေ သက်နဲ့ပိတ်လိုက်ကြရတယ်။ နေလင်းဘာအော်မလဲ နားစွင့်နေကြတယ်။

နေလင်းက အပါး။ အော်ပုံက သင်းတယ်။

"မဟောနဲ့ ပင်လယ်ကြီးရေ။ ဆုံးအောင်နားထောင်ဦး။ ငါ့မှာ ချစ်သူရှိတယ်ကွ။ ဘယ်သူလဲ . . သိလား"

"သိဘူး"

နောက်က အုပ်စု ပါးစပ်ပိတ်နေတဲ့ကြားက အသံထွက်သွားတာ။ နေလင်းကတော့ ဆက်အော်တယ်။

"မသိရင်မှတ်ထား။ ငါ့ချစ်သူက ဖူးငုံနှင်းဆီတဲ့ဟော့။ ဖူးငုံနှင်းဆီကို ငါချစ်တယ်ဟော့"

နေလင်း မျက်လုံးမှိတ်အော်နေတာ။ နောက်ကကောင်တွေမှာ ပြုံးသနားတွေ တက်နေကြတယ်။

"ဟော့ . . သူ့ချစ်သူက နှစ်ယောက်တောင်လား"

"အေးကွာ . .။ ဖူးငုံနဲ့နှင်းဆီ နှစ်ယောက်တောင်ပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆိုရင်တော့ ကန့်ကွက်ရမယ်"

"ဟုတ်တယ်။ တို့ပင်လယ်မှာ ဒီလိုနှစ်ယောက်ပူးကြီး ချစ်တယ်ပြောတာ မကြားဖူးသေးဘူး"

"အေး. . ကန့်ကွက်မယ်"

နေလင်းက ဖူးငုံနှင်းဆီကို ချစ်ကြောင်းအော်ပြောပြီး မျက်လုံးလေးမှေးလို့ အကြောလိုက်သလို ဖြစ်နေတယ်။ ပါးစပ်ကလည်း ပွစိပွစိလုပ်နေသေးတာ။

"ဖူးငုံနှင်းဆီကို ငါချစ်တယ်။ ဘာဖြစ်လဲ. . ဘာဖြစ်လဲ. . ။ ပင်လယ်ကြီးကို ပြောလိုက်ပြီ။ ဘာဖြစ်လဲ. . ဘာဖြစ်လဲ. . "

"ဖြစ်တယ်. . ဖြစ်တယ်. . ။ ကန့်ကွက်တယ်"

"အယ်. . "

"ပင်လယ်ဥပဒေအရ နှစ်ယောက်မချစ်ရ"

"ဟင်. . "

"သင်ပြင်၍ အော်ပါလော့။ တစ်ယောက်ဆို တစ်ယောက်၊ ပိတောက်ဆိုပိတောက်၊ နှင်းဆီဆိုလည်းနှင်းဆီ။ ပြင်အော်ပါလော့ အို. . လူသား"

"ဟိုက်ရှားဘား. . ။ ပင်လယ်ကြီးက ငါ့ကိုပြဿနာလာရှာနေပါလား။ အောင်မျိုးရေ. . ပင်လယ်ကြီးက ငါ့ကို ပြဿနာရှာနေတယ်။ ဘာဆက်လုပ်သင့်လဲ"

အောင်မျိုးကို လှည့်တိုင်တယ်။ အောင်မျိုးက ခါတ်ပေါက်နေပြီ။ နောက်က ဇာတိတွေကိုလည်း မြင်ထားပြီးပြီ။ အချက်ပြဆက်သွယ်မှုတွေလည်း လုပ်ထားပြီးပြီ။

အောင်မျိုးက အားပေးအကြံပြုတယ်။

"ပင်လယ်ကြီးကို ရှင်းပြလိုက်လေကွာ"

အဲဒါပေါ့။ လူယုံသတ်တယ်ဆိုတာ။ နေလင်းကတော့ ပင်လယ်ကြီးကိုကြည့်တယ်။ ဆက်အော်ဖို့လုပ်တယ်။ အရမ်းတော့ မအော်ဘူး။

www.burmeseclassic.com

www.burmeseclassic.com


နည်းနည်းစူးစမ်းသလို လုပ်နေတယ်။ ပင်လယ်ကောင်တွေ ငြိမ်နေကြတယ်။ ရိပ်မိသွားပြီလားပေါ့။

နေလင်းအော်ကြည့်တယ်။ တိုးတိုးလေး။

"ပင်လယ်ကြီးရေ. ."

"ဟေ. ."

'ဟေ'သံကလည်း တိုးတိုးလေးပဲ။

"ပင်လယ်ကြီးလား"

"ဗျား. ."

ခပ်တိုးတိုးလေးတွေပဲ။ နေလင်းက အသံမြှင့်ပြီး ဆက်ပြောတယ်။

"အို. . ပင်လယ်ပြာပြာ ပိန်းချာချာ သေချာနားထောင်ပါလေလော့။ ဖူးငုံနှင်းဆီဆိုသည်မှာ ဖူးရာမှငုံ. . အဲ. . ငုံရာမှဖူး. . ဖူးရာမှ ပွင့်အာလာရသော တစ်ပွင့်တည်းသော နှင်းဆီတည်း။ တစ်ဦးတည်းသော ချစ်သူတည်း။ ဒါကို ပြဿနာလုပ်မည်ဆိုပါက သင်ပင်လယ်ပြင်ကြီးအနေဖြင့် ကျွန်ုပ်အား နှမ့ေးပရပေလိမ့်မည်"

မှတ်ကရော။ ပင်လယ်ကောင်တွေ ငြိမ်ပဲ။

'နှမေးပ'ရမယ်ဆိုတာ ဘာမှန်းမသိတဲ့ မိုးဇော်ဆိုတဲ့ကောင်က တိုးတိုးလေးမေးနေသေးတယ်။

"ဟေ့ကောင်သန်းစိုး. . နှမ့ေးပရမယ်ဆိုတာ ဘာပြောတာလဲ"

"ပိန်းပဲ့ကွာ။ မင်းမှာ နှမရှိရင် သူ့သာသွားပေးလိုက်ပေတော့"

"ဟုတ်ပ့ါ။ ဒါကြောင့် နေလင်းက တို့ကို ပင်လယ်ပြာပြာ ပိန်းချာချာလို့ ပြောသွားတာ။ တို့တော့ 'လစ်ပြီဟေ့"

"ဟုတ်ပ့ါ. . ပြေးမှ။ ငါ့နှမက ငယ်သေးတယ်"

အလှိုလှိုလစ်ကြတဲ့အထဲမှာ 'နှမ့ေးပ'ကို မရှင်းသေးတဲ့ မိုးဇော်က ပြေးရင်း တွေးနေဆဲ။

'အင်း. . နှမ့ေးပရမယ်။ 'နှမ့ေး'ဆိုတာ အိပ်တာလားဟာစ်မ့ေး


www.burmeseclassic.com

www.burmeseclassic.com



နှစ်မှေး. . ။ 'ပ' ကဘာလဲ။ ဆက်သ, ပသတာလား။

အင်း. . နှမှေးပ. . နှမှေးပ. . ။ သွားပြန်မေးရင် ကောင်းမလားပဲ။ မဖြစ်သေးပါဘူး။ ငါ့ကိုအုပ်ထည့်လိုက်မှ ဟုတ်ပေ့ဖြစ်နေမယ်"

မိုးဇော် နှမှေးပနဲ့ တိုင်ပတ်နေတယ်။

ဒီအချိန်မှာ အောင်မျိုးလည်း ပြေးပြီ။ ရွာမှာက သူ့နှမသုံးယောက်တောင် ရှိနေသေးတာ။ သူလည်း မလုံဘူးလေ။

နေလင်းလား. . ။

နေလင်းကတော့ တစ်ယောက်တည်း ငေါင်ဆဲ။

***



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁၄)

နေလင်းတကယ်ရုံးတက်ပြီ။

ခွင့်လည်း ပြည့်သွားပြီ။

ရုံးတက်လာတဲ့ပုံစံကတော့ ထုံးစံအတိုင်းပဲ။ လည်ကတုံးနဲ့ လွယ်အိတ်နဲ့ပဲ။ မျက်မှန်နဲ့ နှုတ်ခမ်းမွေးစစနဲ့ပဲ။

ဒါပေမဲ့..

ထူးခြားနေတာ တစ်ခုရှိတယ်။ မလန်းဘူး။ သူ့ပုံစံက နွမ်းနေသလိုပဲ။

သူ့စားပွဲမှာ ထိုင်နေတုန်းပဲ ဖူးငုံနှင်းဆီရုံးတက်လာတယ်။ သူ့ကို တစ်ချက်ဝေ့ကြည့်တော့ သူကပျာကယာခေါင်းငုံ့ပစ်လိုက်ရတယ်။

'ဒီနေ့ သူပိုလှလာတယ်'

လို့ တွေးရင်း နေလင်းခိုးကြည့်နေမိတယ်။ အလုပ်မရှိအလုပ်ရှာပြီး စားပွဲပေါ်က စာရွက်လွတ်မှာ စာသားလေးတွေ ရေးခြစ်နေမိ



www.burmeseclassic.com

www.burmeseclassic.com



တယ်။ မသိရင်တော့ ရုံးစာရေး ရုံးအလုပ်လုပ်နေတယ်ပေါ့။ ဖတ်ကြည့်ရင်တော့. .

"ပန်းကလန်းတယ်. .
ငါမလန်းဘူး. .
လန်းနေတဲ့ပန်း. .
မနမ်းဝံ့ဘူး. .
ဆူးစူးမှာတော့ စိုးမိတယ်"

ကဗျာတော့ ကဗျာပဲ။ ကဗျာတိုလေးပဲ။ ဒါပေမဲ့ ထိတယ်။ မိတယ်။ အရမ်းခိုက်တယ်။ အရမ်းမိုက်တယ်။ ရင်ဘတ်ကြီးနဲ့ ရေးထားတာကိုး။

ကဗျာရေးပြီး စားပွဲပေါ်မှာ စာရွက်တန်းလန်းရှိသေးတယ်။ အောင်မျိုးရောက်လာပြီး ကဗျာကို အသံကျယ်ကျယ်နဲ့ ဖတ်တယ်။

"ပန်းက လန်းတယ်၊ ငါမလန်းဘူး ဆိုပါလား နေလင်း။ ဘာအဓိပ္ပာယ်လဲ။ မင်းမလန်းရင် ပန်းလည်း မလန်းရဘူးလေ"

နေလင်း ဘာမှမပြောဘူး။ ရှက်သွားဟန်နဲ့ စာရွက်ကို လှမ်းလုတယ်။ မရဘူး။ အောင်မျိုးက နောက်ဆုတ်ပြီး ဆက်ဖတ်တယ်။

"လန်းတဲ့ပန်းလည်း၊ မနမ်းဝံ့ဘူး၊ ဆူးစူးမှာတော့ စိုးမိတယ်။ ဟုတ်ပြီ။ သိပြီ။ လန်းနေတဲ့ပန်း ဘယ်ပန်းဆိုတာ ငါသိတယ်"

အောင်မျိုးက ပြောလည်းပြော၊ ဖူးငုံနှင်းဆီကိုလည်း လှမ်းရှိုးတော့ ဟိုက သိတာပေါ့။

"ဒုန်း. ."

စားပွဲပေါ်ကို စာအုပ်ကြီးပစ်ချလိုက်တယ်။ သတိပေးတာပဲ။ အောင်မျိုး စာရွက်ကိုချပြီး သူ့နေရာပြန်ပြေးတယ်။

ထိုစဉ်မှာ ဦးဟန်ညွှန့်ဝင်ချလာတယ်။ နေလင်းကိုမြင်တော့ မေးတယ်။

"မောင်နေလင်း. . သက်သာသွားပြီလား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ဆရာ"

နေလင်း တကယ်သက်သာလို့ ပတ်တီးအစား ဂွမ်းနဲ့ တိပ်နဲ့ပဲ ကပ်ထားတာ။

ဦးဟန်ညွှန့်က ပြောရင်းဆိုရင်း နေလင်းစားပွဲနားရောက်လာတော့ ကဗျာစာရွက်လေးကို ဖတ်မိသွားတယ်။

"ဒီကဗျာ မင်းရေးထားတာလား"

ဦးဟန်ညွှန့်အမေးကြောင့် အားလုံးရင်မ,သွားကြတယ်။ သူ့တူမကို စောင်းရေးမှန်းသိလို့ ပြဿနာတက်ပြီလားပေ့ါ။

"ဟုတ်ကဲ့ပါ ဆရာ"

"ကောင်းတယ်ကွာ"

"ဗျာ. ."

"ထိမိတယ်။ ဒါ. . အချစ်သမားတွေအတွက် သတိပေးကြေညာစာတမ်းပဲ"

"ဟို. . ဟို. . ဆရာ. ."

"မင်းမပြောနဲ့။ ငါသိတယ်။ အဲဒီကဗျာကို ဂျာနယ်ထဲထည့်ဖို့ စီစဉ်လိုက်"

"ဟို. . ဆရာ. ."

"အေး. . ခေါင်းစီးလေးတော့ ပေးလိုက်"

"ဘယ်လိုပေးရမလဲဆရာ"

"ပန်းခူးလိုသူများသို့. . လို့ ပေးလိုက်"

"ဟုတ်. . ဟုတ်ကဲ့"

"ကဗျာရှင်ရဲ့ ကလောင်နာမည်လည်း တပ်လိုက်ဦး"

"ဟုတ်ကဲ့"

"ဖူးငုံ. . အဲဒီကဗျာအတွက် စာမူခသုံးထောင်ထုတ်ပေးလိုက်"

"ရှိန်. ."

ဖူးငုံနှင်းဆီ ရှုန်လို့မှ မဆုံးသေးဘူး။ ဦးဟန်ညွှန့်က မားမားမား



www.burmeseclassic.com

www.burmeseclassic.com


မားနဲ့ သူ့ရှုံးခန်းထဲဝင်သွားပြီ။

ဖူးငုံနှင်းဆီ ပါးစပ်အဟောင်းသားနဲ့ နေလင်းကို ကြောင်ကြည့်နေတယ်။ စိတ်ထဲက တွေးနေသေးတာ။

'ဒီလူ . . ငါ့ဦးလေးကို ဆေးများခတ်ထားသလား မသိဘူး။ အလကားနေရင်း ငွေပဲထုတ်ပေးခိုင်းနေတယ်'

ဆိုတဲ့ အတွေးနဲ့အတူ မြင်ယောင်နေတာက . .

"ဆရာ . . ဒီဖျော်ရည်လေး သောက်လိုက်နော်"

"ဆေးခတ်ထားလား"

"ခတ်ပါဘူး။ ပါးပါးလေးပါ"

နေလင်းပေးတဲ့ ဖျော်ရည်ခွက်ကို ဦးဟန်ညွှန့်မော့ချလိုက်တယ်။

"အား . . ကောင်းလိုက်တာ။ မင်းတော်တယ်။ ရော့ . . ဘောက်ဆူး"

ဆိုပြီး နေလင်းကို ငွေတွေထုတ်ပေးနေတယ်။ ပေးရင်းနဲ့ ပြောသေးတာ။

"ဘယ်ဘဝက ရေစက်လဲ မသိဘူး။ မင်းကိုမြင်ရင် ငွေပေးချင်တယ်။ ရော့ . . ထပ်ယူဦး"

ဆိုပြီး ထပ်ပေးပြန်တယ်။ နေလင်းကလည်း . .

"အားနာစရာ ဆရာရယ်"

ဆိုပြီး အိတ်ထဲ ထိုးထည့်နေတယ်။

"ဖျော်ရည်နည်းနည်းထပ်ပေးကွာ"

"ရပါတယ်ဆရာ"

"နည်းနည်းပဲ လုပ်ဟေ့။ များလို့ အီးပန်းနေဦးမယ်"

"စိတ်ချလက်ချ သုံးဆောင်ပါဆရာ။ ရော့ . . ဆရာ"

"ပေး . . ပေး . . ဂွတ်တယ်ကွာ။ ဖျော်ရည်ကတော့ ရှယ်ပဲ။ မင်းဆေးများခတ်ထားသေးလား"

"ခတ်ပါဘူးဆရာ။ ပါးပါးလေးပါ"


www.burmeseclassic.com

www.burmeseclassic.com


"အေးကွာ. . ။ ဖျော်ရည်သောက်ပြီးတိုင်း မင်းကို ငွေပေးချင်မြန်ရော။ ရော့. . သောက်ဆူးထပ်ယူ"

"အားနာစရာ ဆရာရယ်"

အားနာစရာပြောရင်း ငွေတွေကို အိတ်ထဲထည့်နေတဲ့ မြင်ကွင်းကို မြင်နေမိတဲ့ ဖူးငုံနှင်းဆီ ပေါက်ကွဲသွားတယ်။

"တောက်. . အတော်ယုတ်မာတယ်"

တောက်ခေါက်သံနဲ့အတူ နောက်ဆက်တွဲစကားသံ တကယ်ထွက်သွားလို့ အားလုံးဝိုင်းကြည့်ကြတယ်။

ဖူးငုံနှင်းဆီက သူ့အမှား သူသိပြီး လျှောချတယ်။

"တောက်. . အတော်ယုတ်မာတဲ့ ကြွက်တွေ။ ငါ့စာရွက်တွေပေါ် ချေးပါသွားတယ်"

ကြွက်ကယ်လို့။

အားလုံး ကိုယ့်အလုပ် ကိုယ်လုပ်ကြတယ်။

ဒါပေမဲ့. .

အောင်မျိုးနဲ့ နေလင်းက သိနေကြတယ်။ တစ်ယောက်မျက်နှာတစ်ယောက်ကြည့်မိကြတယ်။

ဘာမှတော့ မပြောဖြစ်ကြဘူး။

ကိုယ့်အလုပ် ကိုယ်ဆက်လုပ်နေကြလေရဲ့။ ကိုယ့်အတွေးနဲ့ကိုယ် လုပ်နေကြတာ။

***


www.burmeseclassic.com

www.burmeseclassic.com



ထမင်းစားချိန်နီးတော့ ဖူးငုံနှင်းဆီစဉ်းစားမိသွားတယ်။ ဖေဖေ သွန်သင်လိုက်တဲ့ကိစ္စ။

ကျေးဇူးရှင်ကို သူ့ပိုက်ဆံနဲ့ ထမင်းဝယ်ကျွေးရဦးမယ်လေ။

ဒါနဲ့ အင်ကြင်းခိုင်ကို ခေါ်လိုက်တယ်။ တိုးတိုးတိုးတိုးပြောပြီး ငွေထုတ်ပေးလိုက်တယ်။

အင်ကြင်းခိုင်က ရုံးအကူကောင်လေးကို ဒန်ပေါက်တစ်ပွဲ ဝယ်ခိုင်းလိုက်တယ်။

ကောင်လေးပြန်လာတော့ အင်ကြင်းခိုင်က အစီအစဉ်လုပ်တယ်။

ဝန်ထမ်းတွေတောင် ထမင်းစားနေကြပြီ။

"ကိုအောင်မျိုး . . ကိုနေလင်း . . ထမင်းစားမယ်"

အင်ကြင်းခိုင်က ခေါ်တာ။ နေလင်းက မလှုပ်ဘူး။ အောင်မျိုးက ခေါ်တယ်။

"လာပါဟ။ မင်းကိုပါ ခေါ်တာပဲဥစ္စာ"



www.burmeseclassic.com

www.burmeseclassic.com



နေလင်း လေးတွဲ့စွာပဲ ထလိုက်လာတယ်။ အခန်းထဲရောက်တော့ မြင်ကွင်းက အံ့အားသင့်စရာဖြစ်နေတယ်။

ထမင်းဝိုင်းမှာ ပုံမှန်ထမင်းဟင်းများအပြင် ဒန်ပေါက်တစ်ပွဲက နေရာယူထားတယ်။

အောင်မျိုးထိုင်နေကျ စားပွဲထိပ်မှာဆိုတော့ အောင်မျိုးက သူ့အတွက်မှတ်ပြီး ပျော်သွားတယ်။

ဒန်ပေါက်ပွဲတင်ထားတဲ့နေရာမှာ ဖူးငုံနှင်းဆီရပ်နေတယ်။ နေရာချထားရေးဆပ်ကော်မတီလုပ်နေတယ်။

"ကိုအောင်မျိုး . . ဟိုမှာပဲ ထိုင်လိုက်တော့နော်။ ကိုနေလင်းက ဒီကိုလာ"

နေလင်းကို ဒန်ပေါက်ပွဲရှေ့က ခုံမှာ ထိုင်ခိုင်းတယ်။ ပြောလည်း ပြောသေးတယ်။

"ဒါ . . ကိုနေလင်းအတွက် ကျွန်မပိုက်ဆံနဲ့ ဝယ်ကျွေးတဲ့ ဒန်ပေါက်ပါ"

"အားနာစရာ"

နေလင်းအသံက ညောင်နာနာ။

"အားမနာပါနဲ့။ စားပါ။ ဟိုနေ့က ကျွန်မကျူးလွန်ခဲ့တဲ့ အပြစ်တိုလည်း ခွင့်လွှတ်ပေးပါနော်"

"ဘာကိုပြောတာလဲ"

"ထမင်းစားအံ့ဆဲဆဲ ဟန့်တားမိတာလေ"

"ရပါတယ်ဗျာ"

နေလင်းအသံက ခပ်ယဲ့ယဲ့။ အောင်မျိုးအသံ ထွက်လာသေးတယ်။

"ဩော် . . ဖူးငုံနှင်းဆီက ဒီလိုလား။ မျက်နှာလိုက်တယ်ဗျာ"

"ဘာမှ မျက်နှာမလိုက်ဘူး။ ဧည့်သည်ကြီးမှာစိုးလို့ ပြဿနာဖြစ်မှာစိုးလို့ရှင့်"



www.burmeseclassic.com

www.burmeseclassic.com



ကဲ. . ဘာပြောဦးမလဲ။

နေလင်းခများ အဲဒီဒန်ပေါက်ကို မစားရခက်၊ စားရခက်နဲ့၊ တော်တော်ကြာကြာလေး တွေကြည့်နေသေးတာ။

နောက်မှ ခေါင်းငုံ့ပြီး တွယ်ထည့်လိုက်တာ လိုက်ပွဲပါ ပြောင်ပါလေရော။ လေချဉ်တောင် တက်လိုက်သေး။

"ကောင်းတယ်"

***



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁၅)

"သမီး. . အလုပ်ထဲမှာ အဆင်ပြေရဲ့လား"

"ပြေပါတယ်မေမေ"

"ဟိုသူငယ်ကိုရော ထမင်းဝယ်ကျွေးလိုက်ပြီလား"

"ဒန်ပေါက်ကို ကျွေးပစ်လိုက်တယ် မေမေ"

"ကျေကျေနပ်နပ်စားရဲ့လား"

"စားတယ်မေမေ။ ပထမတော့ မူနေသေးတာပေါ့နော်"

"ရှက်နေမှာပေါ့ကွယ်"

"နောက်တော့ နေနိုင်ပုံမရဘူး။ ခေါင်းငုံ့ပြီး တွယ်ထည့်လိုက်တာ လိုက်ပွဲပါပြောင်ရော့"

"အေး. . ကျေကျေနပ်နပ်စားတာကိုပဲ ကျေးဇူးတင်။ သူမစားချင်း သမီးမှာ ကြွေးတင်နေမှာ"

"ဒါဆို သမီးကြွေးကျေသွားပြီပေါ့နော်။ ပြိတ္တာမဖြစ်တော့ဘူး



www.burmeseclassic.com

www.burmeseclassic.com



ပေါ့နော်"

"မဖြစ်တော့ပါဘူး။ ဒါနဲ့ သူငယ်က စားပြီး ဆုတွေဘာတွေ မပေးဘူးလား။ ဘာများပြောလဲ"

"ပြောတယ်. . ပြောတယ်. . "

"ဘာပြောလဲ"

"ကောင်းတယ်တဲ့"

"ကော်ဖီမစ်ကြော်ငြာတာလား"

"မဟုတ်ဘူးအမေ။ ဒန်ပေါက်ကြော်ငြာတာပဲ ဖြစ်မယ်"

"အေးလေ. . ။ ကောင်းတယ်ပြောတာ ကျေနပ်လို့ပဲ"

"ကျေနပ်လို့ပဲ လေဖြတ်မတတ် အကုန်စားသွားတာပေါ့ အမေရယ်"

"ဟဲ့. . မပြောကောင်းဘူး။ စေတနာသန့်သန့်နဲ့ ကျွေးမွေးလှူဒါန်းရတာမှတ်။ ဘုရားရှိခိုးရင် အဲဒီဒါနကို အမျှဝေရမယ်။ ကြားလား"

"ဟုတ်ကဲ့ပါ မေမေ"

သားအမိနှစ်ယောက် ဒန်ပေါက်ရှင်းတမ်းထုတ်နေကြတာ။

ဘာပဲဖြစ်ဖြစ်. .

မကောင်းမြစ်တာ၊ ကောင်းရာညွှန်လတ်ဆိုသလိုပဲ သားသမီးကို တားမြစ်သင့်တာ တား၊ သွန်သင်ညွှန်ပြသင့်တာ ညွှန်ပြရမယ်လေ။

ဖူးငုံနှင်းဆီကလည်း တော်ရှာပါတယ်။

ညဘုရားရှိခိုးတော့ ကြေးစည်တနောင်နောင်ထုပြီး သူ့ဒါနကို ကြော်ငြာဝင်၊ အမျှဝေနေလိုက်တာများ ကြည့်. . ။

"မြတ်စွာဘုရား. . တပည့်တော်မသည် မိမိငွေဖြင့် ဒန်ပေါက်တစ်ပွဲကို လိုက်ပွဲပါဝယ်လျက် ပုဂ္ဂိုလ်ထူးတစ်ဦးအား လှူဒါန်းခဲ့ပါ၏။ သူစားနေတာ ထိုင်ကြည့်ပြီး သွားရည်ကျ. . ကန်တော့. . ကန်တော့. ပီတိဖြစ်ခဲ့ရပါ၏။ ဤသို့ ဒန်ပေါက်တစ်ပွဲလှူဒါန်းရသည့်အကျိုးကြောင့် နောင်ဘဝဆက်တိုင်း ဒန်ပေါက်ဆိုင်ပိုင်ရှင် ဖြစ်ရပါလို၏ဘုရား"



www.burmeseclassic.com

www.burmeseclassic.com



"နောင်..ဝေ..ဝေ.."

"ဤသို့ပြုရ မြတ်ဒါနအား၊ ရကြပါစေ၊ အမျှဝေ၏။ အထူးသဖြင့် ပြိတ္တာခေါင်းဆောင်၊ တစ္ဆေကောင်တို့ သိကြကြားကြ၊ မှတ်ထားကြစေ၊ အမျှဝေ၏။ ဖြစ်ဖြစ်သမျှ ဘယ်ဘဝမှာ၊ ပြိတ္တာငါကိုယ်၊ ဖြစ်ဖို့မလိုပြီ ဤမြေပံသု၊ သက်သေအမှု တည်စေသော်..။

"အားလုံးကြားကြသမျှ..အမျှ..အမျှ..အမျှ..။ သာဓု..သာဓု..သာဓု.."

"နောင်..ဝေ..ဝေ.."

ဆုတောင်းချက်နဲ့ အမျှဝေချက်က ညက်လွန်းလှလို့ သူ့အဖေ ဆောင် မျက်လုံးပြူးနေတယ်။ ပုတီးစိပ်ရင်း နားထောင်ရတဲ့အဖြစ်။ ဦးကျော်စွာတစ်ယောက် စိပ်ပုတီးနဲ့ ကျိတ်ညည်းမိတာကတော့..

"ငါ့သမီးကတော့ လုပ်ချလိုက်ပြန်ပြီ"

***



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁၆)

**အ**လုပ်ဆင်းရတာ နေလင်းအတော်ဟန်ကျသွားပြီ။ တစ်လအတွင်းမှာ အတော်ပြောင်းလဲသွားတာ။

အလုပ်လုပ်ရတာ သူပျော်နေတယ်။ ဖူးငုံနှင်းဆီရှိတော့ သူပိုပျော်သလိုပဲ။

ဖူးငုံနှင်းဆီကလည်း နည်းနည်းခင်စပြုလာပြီ။ ဂျစ်မတိုက်တော့ဘူး။ မနှိပ်ကွပ်တော့ဘူး။

နေလင်းကဲတာကိုတောင် မသိကျိုးကျွံပြုနေတယ်။ နေလင်းကဲပုံက ကြည့် . . ။

တစ်နေ့ . .

သူ့စားပွဲပေါ်မှာ ပန်းအိုးလေးနဲ့အတူ နှင်းဆီတစ်ပွင့် ထိုးဟောင်ထားတယ်။ နှင်းဆီက အပွင့်မဟုတ်ဘူး။ အဖူးလေး၊ အငုံလေး။

ဒါကို တစ်နေ့သုံးကြိမ်နမ်းတယ်။



www.burmeseclassic.com

www.burmeseclassic.com



လုပ်နေတာ. . လုပ်နေတာ. . ။

မနက်ရောက်ရင် တစ်ကြိမ်နမ်းတယ်။ နေ့လယ်ထမင်းစားခါနီး တစ်ကြိမ်နမ်းတယ်။ အလုပ်ဆင်းရင် တစ်ကြိမ်နမ်းတယ်။

နမ်းတိုင်းလည်း ဖူးငုံနှင်းဆီရှိမှ နမ်းတယ်။ နမ်းခါနီးတိုင်း ဖူးငုံနှင်းဆီကို ကြည့်လိုက်သေးတာ။

ရိုက်ပေါက်တော့ ရိုက်ပေါက်ပဲ။ ဒါပေမဲ့ ဥပဒေဘောင်ထဲက လုပ်နေတာဆိုတော့ မပြောသာကြဘူး။

ပြောဖို့နေနေသာသာ အဖြစ်ထူးကြောင့် အားလုံး ရူးချင်သလို တောင် ဖြစ်သွားကြရသေးတာ။

တစ်ရက်မနက်မှာ. .

ဖူးငုံနှင်းဆီကိုလှမ်းကြည့်ပြီး နှင်းဆီဖူးကို ကုန်းနမ်းနေခိုက်. .

"မောင်နေလင်း. . ဘာလုပ်နေတာလဲ"

ဦးဟန်ညွှန့်ရောက်လာပြီး မေးတယ်။ အားလုံးရင်မ,ကြရပြန် တယ်။ သူ့တူမ ဖူးငုံနှင်းဆီရှေ့မှာ နှင်းဆီဖူးငုံကို နမ်းပြနေတော့ ဓာတ် ပေါက်ပြီလို့ တွေးကြတယ်။

"ဟို. . ဟို. . ပန်းရနံ့ဓာတ် ရှူနေတာပါ"

"မင်းဆက်ပြောစမ်း။ ငါမသိဘူး"

"ဒီလိုပါ. . ။ ပန်းပွင့်လေးတွေရဲ့ မွှေးတဲ့ရနံ့ဓာတ်မှာ လူတွေရဲ့ အာရုံကြောတွေကို လန်းစေတဲ့ဓာတ်တွေ စုစည်းပါဝင်နေပါတယ်"

"ဟုတ်လား. . ။ ငါတောင်မသိဘူး။ ဆက်ပြောစမ်း"

"အဲဒီပန်းရနံ့ကို တစ်နေ့သုံးခါရှူရှိုက်မယ်ဆိုရင် လူတွေမှာ အာရုံတွေ သန်စွမ်းအားပြည့်စေပါတယ်"

"ဟုတ်မယ်ကွ။ ဒါကြောင့် ပန်းလေးတစ်ပွင့်ကို မွှေးရှိုက်လိုက် ရင် စိတ်ထဲကြည်နူးသွားသလို ခံစားကြရတာနေမှာ"

"အမှန်ပါပဲခင်ဗျ။ ဒီအချက်ကို သိထားကြတဲ့ အနောက်တိုင်း သားတွေက ပန်းပွင့်တွေကတစ်ဆင့် ရေမွှေးဆိုပြီး အထုတ်သုံးကြ

www.burmeseclassic.com

www.burmeseclassic.com



တယ်လေ"

"အေးကွ. .။ ဒါကြောင့် မြင်သစ်ရေမွေးဆိုပြီး နာမည်ကြီးတာ နေမှာ။ သုံးစွဲသူတိုင်းလည်း ရနံ့လေးရတာနဲ့ လန်းသွားတာ အမှန်ပဲ"

"မှန်ပါတယ်ဆရာ။ ဒီအချက်ကို လူတွေသိပ်မသိကြပါဘူး။ အမှတ်တမဲ့ဖြစ်နေကြတာပါ"

"အေးကွ. .။ ဒီလိုလုပ်ပါလား"

"ဘယ်လိုလုပ်ရမလဲ ဆရာ"

ဆရာတပည့်နှစ်ယောက် အတိုင်အဖောက်ညီနေကြလို့ အင်ကြင်းခိုင် ပြုံးနိုင်သွားတယ်။ မပြုံးနိုင်တာကတော့ ဖူးငုံနှင်းဆီပဲ။

'ငါ့ဦးလေးကို ရှီးပေးပြီး ငွေထုတ်ဦးမလားပဲ'

လို့တောင် တွေးနေသေးတာ။

"ဒီလိုလုပ်ကွာ. .။ အဲဒီအကြောင်းကို မင်းဆောင်းပါးရေး၊ တို့အမှတ်တမဲ့ဂျာနယ်ထဲ ထည့်လိုက်။ ဒါမှ လူတွေ အမှတ်တမဲ့မဖြစ်မှာ။ လူတိုင်း ပန်းရနံ့ကို တစ်နေ့သုံးခါရှူရှိုက်ဖို့လည်း ထည့်ရေးလိုက်ဦး"

"ဟုတ်ကဲ့ပါ ဆရာ"

"ဪ. . ဘယ်လိုပန်း ဘျိုး နမ်းရမယ်၊ မနမ်းရဘူးလည်း ထည့်ရေးဦး"

"ဟုတ်ကဲ့. .။ ရွှေပန်း၊ ငွေပန်းကလွဲရင် ပန်းတိုင်း ကြိုက်ရာ နမ်းလို့ ရပါတယ်"

"အေး. . ဟုတ်ပြီ။ မင်းကတော့ နှင်းဆီပန်းကြိုက်တယ်ပေါ့"

"ဟုတ်ကဲ့. . အကြိုက်ဆုံးပန်းမို့ပါ"

ပြောနေပုံများ ရိုက်ပေါက်ပဲ။ ဖူးငုံနှင်းဆီ အံကြိတ်ပြတယ်၊ နှုတ်ခမ်းကိုက်ပြတယ်။

သူ့ဦးလေးကတော့ မရိပ်မိတာလား၊ ပိန်းတာလားပဲ။ ဆက် ပြောနေတာ ကြည့်. .။

ဗဟုသုတပြည့်ဝလှပါပေတယ် မောင်နေလင်းရယ်။ မင်းကို



www.burmeseclassic.com

www.burmeseclassic.com


ဒီနေ့ကစပြီး တွဲဖက်အယ်ဒီတာခန့်လိုက်ပါပြီ။ ဆောင်းပါးလည်း ရေးထည့်လိုက်ဦး"

"စိတ်ချပါဆရာ"

"အေး. . အေး. . ဆက်လုပ်ကွာ"

ပြောဆိုရင်း ဦးဟန်ညွန့်လှည့်ထွက်သွားတော့ ဖူးငုံနှင်းဆီက လှမ်းပြောတယ်။

"ဦးလေး. . ဦးလေး. ."

"ဘာတုံးသမီး"

"သူ့ကို ဆောင်းပါးစာမူခ ဘယ်လောက်ထုတ်ပေးလိုက်ရမလဲ"

"ဪ. . မေ့လို့။ ငါးထောင်ထုတ်ပေးလိုက်. . ငါးထောင်။ နေဦး. . ။ ကျန်သေးတယ်"

ဆိုပြီး ပြန်လှည့်လာပြီး ပြောသေးတယ်။

"အားလုံး နားထောင်ကြ။ မနက်ဖြန်ကစပြီး ဝန်ထမ်းတိုင်း မိမိစားပွဲမှာ မိမိနှစ်သက်ရာပန်းအိုးနဲ့ ပန်းပွင့်တင်ထားကြရမယ်။ တစ်နေ့ သုံးခါ နမ်းရှိုက်ကြရမယ်။ ကြားကြလား"

"ဟုတ်. ."

"အေး. . ငါ့စားပွဲမှာလည်း စံပယ်ပန်းတွေကို ပန်းကန်လေးနဲ့ ထည့်ပြီး နေ့တိုင်းတင်ထား။ ကြားလား. ."

"ဟုတ်. ."

"စံပယ်ပန်းမရတဲ့နေ့ အင်ကြင်းပန်းရရင် ဝယ်လာပေးထား။ အင်ကြင်းပန်းလည်း ငါကြိုက်တယ်။ ကြားလား. ."

"ဟုတ်. ."

အားလုံးက 'ဟုတ်'ကြပေမယ့် အင်ကြင်းခိုင် မဟုတ်နိုင်ဘူး ဖြစ်နေတယ်။ သူ့ပါးလေးကို ပွတ်ရင်း တွေးမိတာက. .

'ဟင့်. . သူနမ်းရင် ယားမှာ'

အဲဒီနေ့ကစပြီး ဝန်ထမ်းတိုင်းရဲ့ စားပွဲမှာ ပန်းကိုယ်စီ ဝေ


www.burmeseclassic.com

www.burmeseclassic.com


လို့ရယ်။

ဦးဟန်ညွန့်ရဲ့ စားပွဲမှာကတော့ အင်ကြင်းပန်း အခိုင်လိုက်ချည်း အမြဲတွေ့ရတယ်။ အင်ကြင်းခိုင်ကိုယ်တိုင် ဝယ်လာပြီး ထိုးထားပေးတာ။

သူတို့တစ်ရုံးလုံး ပန်းပွင့်ကိုယ်စီနမ်းနေကြသလို နေလင်းကလည်း နှင်းဆီဖူးကို တရားဝင်နမ်းခွင့် ပါမစ်ရသွားတယ်လေ။ တကယ်. . ။

***


www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁၇)

"*တစ်နေကုန်ထိုင်ပြီး××တစိမ့်စိမ့်ကြည့်×××နဖူးက ခြေဖျားထိအောင် လှသူရေ××တစ်နေကုန်ထိုင်ပြီး တစိမ့်စိမ့်ကြည့်×××*"

အောက်က ပျံ့လွင့်တက်လာတဲ့ သီချင်းသံကြောင့် ဝန်ထမ်းတွေ မျက်ခုံးပင့်ကြတယ်။ နေလင်းကို လှမ်းကြည့်တယ်။

ဟုတ်ပ့ါ. . ။

နေလင်းက တစ်နေကုန်ထိုင်ပြီး ဖူးငုံနှင်းဆီကိုပဲ တစိမ့်စိမ့်ကြည့်နေတာ။

ကြာတော့လည်း ဖူးငုံနှင်းဆီရှိုးသွားပြီ။ မရှက်တော့ဘူး။ ကြည့်စေပေ့ါ။ လှလို့ ကြည့်တာပဲ။ သူ့အစ်မသင်ပေးထားတဲ့ လက်ဆင်နဲ့ပဲ ကြည့်တာကို ကြည်ဖြူစွာ ခံယူထားလိုက်တော့တယ်။

နေလင်းကတော့ လူအဖူးအငုံနှင်းဆီကိုကြည့်လိုက်၊ စားပွဲပေါ်က ပန်းနှင်းဆီကို ငုံ့နမ်းလိုက်နဲ့ အလုပ်ကိုရှုပ်နေတာပဲ။



www.burmeseclassic.com

www.burmeseclassic.com



ဒါတောင် ရာထူးက တိုးသေးတယ်။

ပြောမယ့်သာ ပြောရတာ။ လုပ်ငန်းမှာကျတော့ သူက စိတ်ချရတယ်။ ပီပြင်တယ်။ သေသပ်တယ်။ ဒါကြောင့်လည်း ဦးဟန်ညွန့်က သူ့ကို သဘောကျတာ။

"တစ်နေ့ကုန်ထိုင်ပြီး×××တစိမ့်စိမ့်ကြည့်×××နဖူးက ခြေဖျားထိအောင် လှသူရေ×××"

လာပြန်ပြီ ခုနတေးသွား။ အောက်ထပ်လမ်းမပေါ်က ထွက်လာတဲ့ အသံပဲ။

အောင်မျိုးက ပြတင်းပေါက်နား သွားကြည့်တယ်။ တွေ့ပြီ. . ။

ထီရောင်းတဲ့လှည်း။ ရုံးအောက်ကနေ ခေါက်ပြန်သံပေး ဖွင့်နေတာ။

အောင်မျိုးထွက်ကြည့်တာမြင်တော့ ထီလှည်းဆရာက လက်မထောင်ပြတယ်။ အောင်မျိုးကလည်း လက်မပြန်ထောင်ပြတယ်။

သိပ်မကြာဘူး။ နောက်တစ်ကျော့ထပ်လာပါလေရော။

ဖူးငုံမသက်သာလို့ ထွက်ကြည့်တော့ ထီလှည်းဆရာမော့အကြည့်နဲ့ ပက်ပင်းတိုးတယ်။

ထီလှည်းဆရာက ဘုမသိဘမသိနဲ့ လက်မထောင်ပြတော့ ဖူးငုံကလည်း ပြန်ပြလိုက်တာ ထီလှည်းဆရာ တစ်ချိုးတည်းပြေးရော။

ဩော်. . ဖူးငုံနှင်းဆီပြန်ပြလိုက်တာ လက်ဝါးပါ။ တကယ်. . ။

***



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁၈)

ဂျာနယ်တိုက်မှာ လူစိမ်းနှစ်ယောက်ရောက်နေကြတယ်။

လူငယ်ကောင်လေးနှစ်ယောက်ပဲ။ ဆံပင်လေးတွေ အရောင်သွင်းပြီး ထောင်ထားကြတယ်။ တီရှပ်နဲ့၊ ကွာတားပင်နဲ့၊ ဖားကပ်နဲ့၊ ဖိနပ်နဲ့။ ဖိနပ်က ဝေါ့ကင်းရှူးလိုမျိုး။

နေလင်းကတော့ ကြည့်မရဘူး။

ဒါပေမဲ့ ကြည့်ရသူ၊ ရွှန်းရွှန်းဝေနေသူတစ်ယောက်တော့ ရှိတယ်။

ဖူးငုံနှင်းဆီရယ်ပဲပေါ့။

ကောင်လေးနှစ်ယောက်နဲ့ လေပေးဖြောင့်နေကြတယ်။

သူတို့ပြောနေကြတာက လာမယ့်အပတ်ထဲမှာ ကျင်းပမယ့် ဇာနယ်ဇင်းမိတ်ဆက်ပွဲအကြောင်းပဲ။

အဲဒီပွဲက အေရိုးဗစ်နဲ့ မော်ဒယ်လ်သင်တန်းဆရာမ တင့်တင့်



www.burmeseclassic.com

www.burmeseclassic.com



မိုးခိုင် စီစဉ်တဲ့ပွဲတဲ့။

'ကိုကိုလူဆိုး' ဆိုတဲ့ စီးရီးသစ်ထုတ်ဖို့ တေးသရုပ်ဖော်သရုပ်ဆောင်သစ်ရွေးမယ့် အစီအစဉ်တဲ့။

အစီအစဉ်က တက်ရောက်လာတဲ့ လူငယ်ပရိသတ်ထဲက နှစ်ဦးရွေးမှာတဲ့။

အဲဒါ. . ဖူးငုံနှင်းဆီကို ပွဲလာတက်ဖို့ ပြောနေကြတာ။

ဒီပွဲကို ဂျာနယ်တိုက်က အောင်မျိုးတက်ရမှာ သေချာတယ်။ နေလင်းလည်း လိုက်လို့ရတယ်။

ဖူးငုံနှင်းဆီနဲ့တော့ သိပ်မဆိုင်လှဘူး။ ဒါပေမဲ့ ဖူးငုံနှင်းဆီလိုက်ချင်သလိုဖြစ်နေတယ်။

လာဖိတ်တဲ့ ကောင်လေးတွေက တင့်တင့်မိုးခိုင်ရဲ့ တူတွေဆိုတော့ အဆင်ပြေနေတယ်။

ဖူးငုံနှင်းဆီခေါင်းညိတ်လိုက်တာမြင်တော့ နေလင်း သက်ပြင်းချမိတယ်။ ဒါကိုမြင်တော့ ဖူးငုံနှင်းဆီက မဲ့ပြုံးလေး ပြုံးလေရဲ့။

ဖူးငုံနှင်းဆီလုပ်နေပုံက သူ့အသည်းကို ဆူးနဲ့ထိုးနေသလိုပဲ။ ဖူးငုံနှင်းဆီကလည်း တမင်လုပ်ပြနေတာ။ ရယ်လားမောလား၊ ပြုံးလားရွှင်လားနဲ့လေ။

ဒီအဖြစ်အပျက်တွေအားလုံး အောင်မျိုးမြင်တယ်။ စိတ်မချမ်းမြေ့စွာနဲ့ပဲ ကြည့်နေရတယ်။

နေလင်းအစား ခံစားနေမိတယ်။

ဖူးငုံနှင်းဆီက သူနဲ့သက်တူရွယ်တူကောင်လေးတွေကို ဦးစားပေးနေတယ်။ နေလင်းကိုတော့ ဖုတ်လေသည့်ငါးပိ ရှိုပ်ပင် မရတော့ဘူး။

'ငါဘာလုပ်ရမလဲ. . ။ နေလင်းအတွက် ငါဘာလုပ်ပေးရင်ကောင်းမလဲ'

အောင်မျိုးစဉ်းစားပြီ။ စဉ်စားရင်း အပြုံးတစ်ချက် လက်သွားတယ်။



www.burmeseclassic.com

www.burmeseclassic.com


သူအကြဲ့ရပြီလေ။

သည်ပွဲအကြောင်း သူသိတယ်။ ပွဲက ဆယ်ရက်လောက်လို သေးတယ်။

သည်ကြားထဲမှာ ပြင်ဆင်ချိန်တွေ ရသေးတယ်။

အောင်မျိုးက သူ့အတွေးနဲ့သူ နေလင်းကို လက်မထောင်ပြ လိုက်တယ်။ နေလင်းက ခေါင်းခါပြီး လက်မအောက်စိုက်ပြလိုက်တယ်။

ကိုယ့်အတွေးနဲ့ကိုယ် မတူကြသေးဘူး ဖြစ်သွားတယ်။

ဘာပဲဖြစ်ဖြစ် . .

သည်ပွဲကို အောင်မျိုးကစားတော့မှာ။ ကြည့် . . ။

***


www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁၉)

မြင်ကွင်းကတော့ လှတပတပဲ။

အောင်မျိုးက သူ့အစီအစဉ်တွေအားလုံး ပြောပြပြီး နေလင်းကို ခေါ်ထုတ်သွားတယ်။

အောင်မျိုးရဲ့အသိ အလှပြင်ဆိုင် မာမီရှိန်းဆီ သွားတာ။

ပထမဆုံး အောင်မျိုးဆံပင်တွေကို ထောင်ခိုင်းလိုက်တယ်။ အလယ်မှာ စုထောင်ထားခိုင်းလိုက်တာ။ ဆံပင်က မူလအတိုင်း ပြန်ထား လို့ရအောင် အရှင်လုပ်ခိုင်းထားတာ။

ပြီးတော့ အသင့်ဝယ်လာတဲ့ တီရှပ်နဲ့ ဂျင်းဘောင်းဘီကို ဝတ် ခိုင်းတယ်။

နားမဖောက်ချင်ဘူးဆိုတာနဲ့ ကပ်နားကပ်လေးကို ဝတ်ခိုင်း တယ်။

နှုတ်ခမ်းမွေးရိတ်၊ မျက်နှာပေါင်းတင်ပေးထားသေးတယ်။



www.burmeseclassic.com

www.burmeseclassic.com



နှုတ်ခမ်းမွှေးအတုသုံးစုံကိုလည်း လုပ်ပေးထားသေးတယ်။

"ရော့. . ဒီနှုတ်ခမ်းမွှေးပါးပါးက လောလောဆယ်သုံးဖို့ နည်းနည်းရှည်တာက တစ်လကြာရင် သုံးဖို့၊ ပိုရှည်တာက နှစ်လသုံးလကြာရင် သုံး"

လို့လည်း ခွဲခြားပေးထားသေးတာ။

ဟုတ်တယ်လေ။

နှုတ်ခမ်းမွှေးဆိုတာ အငြိမ်နေတာမှ မဟုတ်တာ။ ရှည်ရှည်ထွက်နေတဲ့အမျိုး။ သဏ္ဍာန်လုပ် သရုပ်တူရမယ်လေ။

အားလုံးပြင်ဆင်ပြီးတော့ နေလင်းကို မှန်ရှေ့မှာ ရပ်ကြည့်ခိုင်းလိုက်တယ်။

"ဟိုက်. . ငါမှဟုတ်ရဲ့လား"

နေလင်း အဲဒီလိုကို အံ့ဩသွားတယ်။ သူ့ပုံစံက ဆယ်ကျော်သက်လေးအတိုင်း ဖြစ်နေတာကိုး။

ဒါပေမဲ့ ခါးကိုင်းနေလို့ အောင်မျိုးက သတိပေးတယ်။

"နေလင်း. . ခါးမတ်၊ ရင်ကော့၊ မြောက်ကြွမြောက်ကြွနဲ့ လမ်းလျှောက်ကြည့်"

နေလင်းလျှောက်ကြည့်တယ်။ သိပ်အဆင်မပြေချင်သေးဘူး။ ဘောင်းဘီလျှောကျတာကိုလည်း ဆွဲဆွဲတင်နေရတယ်။

"နေလင်း. . ဘောင်းဘီကျတာ တင်မနေနဲ့။ အဲဒါ စတိုင်လ်"

"ဟုတ်လား"

ဆိုပြီး ဘောင်းဘီကို ထပ်ဆွဲချလို့ အောင်မျိုးပြန်အော်ရသေးတယ်။

"ဟေ့ကောင်. . စတိုင်လ်များသွားပြီ။ ပြန်တင်။ မင်းဆွဲချစရာမလိုဘူး။ ဘူ့ဟာသူ အော်တိုကျမှ စတိုင်လ်"

နေလင်း ဘောင်းဘီကျတာကို ဂရုမစိုက်တော့ဘူး။ မိုက်ပေးကြမ်းကြမ်းနဲ့ လျှောက်လိုက်တာ အိပ်နေတဲ့ကြောင် အမြီးတက်နင်းမိတာ



www.burmeseclassic.com

www.burmeseclassic.com



ကံကောင်းလို့ ကြောင်ကိုက်ခံရတော့မလို့။

"ဒီလိုကျတော့လည်း သားသားက လူငယ်လေးလိုပါပဲ။ မာမီရှိန်းတောင် စိတ်ဝင်စားလာပြီ။ ဂလု. . "

အရေးထဲ မာမီရှိန်းက နေလင်းကို မျက်စိကျနေသေးတယ်။

နေလင်းကလည်း မဆိုးပါဘူး။ အခုလို ပြင်လိုက်တော့လည်း ငယ်ရုပ်ထွက်လာတယ်။ ချောတာ၊ ညက်တာလေးတွေ ပေါ်လာတယ်။

မင်းမော်ကွန်းနဲ့တောင် ခပ်ဆင်ဆင်ရယ်။ မင်းမော်ကွန်းမြင်ရင်တောင် ဖျားသွားလောက်ပေရဲ့။

မာမီရှိန်းက နေလင်းကို နေကာမျက်မှန်တစ်လက် ဆင်ပေးလိုက်သေးတယ်။

"ဟိုက်ရှားဘား. . မင်းမော်ကွန်းနဲ့ နင်လားငါလားပဲ။ မာမီရှိန်းတောင် အူတွေယားလာပြီနော်"

မာမီရှိန်းတို့ကလည်း ဇွတ်။ မာမီရှိန်းက ကိုယ်မွေးတဲ့ကြက် ကိုယ်ရိုက်ချက်မယ့်ပုံမျိုး ဖြစ်နေတယ်။

အားလုံးအိုကေလောက်ပြီမို့ အောင်မျိုးနဲ့ နေလင်းတို့ မာမီရှိန်းဆိုင်က ထွက်လာခဲ့ကြတယ်။

သူတို့ဦးတည်ရာအရပ်က ကာရာအိုကေနဲ့ ကပွဲခန်းမ။

***



www.burmeseclassic.com

www.burmeseclassic.com



တီးလုံးလေးတွေက မြူးကြွနေတယ်။ မှိန့်ပျပျမီးရောင်စုံနဲ့ ဆလိုက်မီးအောက်မှာတော့ တီးလုံးနဲ့အလိုက် ကနေကြတယ်။

ကနေကြတာ လူငယ်တွေများတယ်။ လူငယ်တွေကြားမှာ နေလင်းလည်း လူငယ်ဖြစ်နေပြီလေ။ နာမည်တောင် ပြောင်းထားသေးတာ။ 'သူရိန်မင်း'. . ။

အအေးကိုယ်စီသောက်ရင်း သူများကတာ ကြည့်နေတဲ့ နေလင်းကို အောင်မျိုးက တွန်းပို့တယ်။

"နေလင်း. . မင်းကို ကဖို့ခေါ်လာတာ။ ဝင်ကလေ"

"မင်း. . ငါ့ကို နေလင်းလို့ မခေါ်နဲ့လေကွာ။ ငါ့နာမည် သူရိန်မင်းလေ"

"အေးကွာ. . ဆောရီးပဲ သူရိန်မင်း။ တို့ တစ်ပွဲလောက် ဝင်နွဲလိုက်ကြရအောင်"

"လုပ်လိုက်လေ ကြာသလားလို့"

ပြောပြောဆိုဆို နှစ်ယောက်သား ကပွဲခွင်ထဲ ရောက်သွားကြ



www.burmeseclassic.com

www.burmeseclassic.com



တယ်။ တွဲတစရာ မိန်းကလေးအဖော်မရှိတော့ သူတို့နှစ်ယောက်ပဲ တွဲတကြရတော့တာပေါ့။

မဆိုးပါဘူး။ ရွာမှာ ပြဇာတ်ဒါရိုက်တာလုပ်လာတာပဲဟာ။

မုဝင်သွားလို့လား မသိ။ ကလိုက်တာများ ညက်လို့။ ဘယ်လောက်ထိ ညက်လဲဆိုတော့ တချို့ဆို အကရပ်ပြီး ငေးကြည့်ကြရတယ်။ ဘေးမှာကနေကြတဲ့ ကောင်မလေးနှစ်ယောက်က အောင်မျိုးနဲ့ သိကြတယ်။

အောင်မျိုးဓာတ်ပုံရိုက်ပေးဖူးတဲ့ ကောင်မလေးတွေ။ အောင်မျိုးက ကောင်မလေးတွေနားသွားပြီး တိုးတိုးလေးကပ်ပြောလိုက်တယ်။

ကောင်မလေးက ခေါင်းညိတ်ပြီး နေလင်းရှေ့ လာရပ်တယ်။ သူတို့ ကဖြစ်သွားကြတယ်။

အောင်မျိုးလည်း ကျန်ကောင်မလေးနဲ့ပဲ ကဖြစ်ရတော့တာပေါ့။

သူများအကျိုးဆောင် ကိုယ့်အကျိုးအောင်ဆိုတာမျိုး။

အဲဒီညက အောင်မျိုးရော၊ နေလင်းပါ မသောက်ဘဲ မူးလာကြတယ်။ ကရင်း ကမူး မူးကြတာ။

အမယ်. . အဆင်ပြေချင်တော့ ကောင်မလေးနှစ်ယောက် နောက်နေ့တွေ လာကကြဖို့ သူတို့ကို ဒိတ်လိုက်ကြသေးတယ်။

ကောင်းလေစွ. . ကောင်းလေစွ။

***



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၂၀)

နေလင်းအဖြစ်က သိပ်တော့မသက်သာလှဘူး။ မနက်ကျတော့ အလုပ်သွားဖို့အတွက် ကိုယ်လက်သုတ်သင်ပြီး ဆံပင်ကို ပြန်ဖွရတယ်။

နဂိုပုံစံအတိုင်း ပြန်ဝတ်၊ မျက်မှန်တပ်၊ နှုတ်ခမ်းမွေးတပ်၊ လွယ်အိတ်ကြီးလွယ်၊ မှန်သေချာကြည့်ပြီးမှ အလုပ်သွားရတယ်။

အလုပ်ထဲရောက်ပြန်တော့လည်း ပြဿနာပဲ။ သူ့မှာ ဆံပင်ကယားသလိုလို၊ နှုတ်ခမ်းမွေးက ယားသလိုလိုနဲ့ မောင်မနေတတ်ဘူး ဖြစ်နေတယ်။

ခေါင်းကုတ်လိုက်၊ နှုတ်ခမ်းမွေးလေးကို ဖိကပ်လိုက်နဲ့ ဂနာမငြိမ်တဲ့ သူ့ကို ဖူးငုံနှင်းဆီက မျက်စိစပါးမွေးစူးဟန်တူတယ်။

"ခေါင်းကိုနှောက်နေတာပဲ။ ဇယားတော်တော်ရှုပ်တယ်"

တစ်ယောက်တည်းပြောသလိုလိုနဲ့ နေလင်းကို အသာကြည့်



www.burmeseclassic.com

www.burmeseclassic.com



လိုက်တော့ နေလင်းမလုံမလဲဖြစ်သွားတယ်။ ခေါင်းကုတ်နေတဲ့လက်ကို ရုတ်လိုက်ပြီး နှုတ်ခမ်းမွှေးဆီ ယောင်ကိုင်လိုက်တယ်။

အဲဒီမှာတင် ပြဿနာပဲ။ လက်နဲ့ထိမိလို့ နှုတ်ခမ်းမွှေးက နည်းနည်းစောင်းသွားတယ်။ ဒါကို နေလင်းမသိဘူး။ အောင်မျိုးက မြင်တော့ မျက်လုံးပြူးသွားတယ်။

ဖူးငုံနှင်းဆီကလည်း တစ်ချက်မော့အကြည့်မှာ နှုတ်ခမ်းမွှေးစောင်းကြီးမြင်လို့ မျက်လုံးဝိုင်းသွားတယ်။

အောင်မျိုးက ထလာပြီး နှင်းဆီရှေ့က ကွယ်ရပ်ရင်း သတိပေးလိုက်တယ်။

"ဟော့ကောင်. . နှုတ်ခမ်းမွှေးစောင်းနေတယ်။ ပြန်တည့်လိုက်"

နေလင်းက နှုတ်ခမ်းမွှေးကို ပြန်တည့်လိုက်တယ်။ အောင်မျိုးက နေလင်းစားပွဲက စာရွက်တစ်ရွက်ယူပြီး ပြန်ထွက်သွားတယ်။

အောင်မျိုးကွယ်ရာက လွတ်သွားချိန်မှာပဲ ဖူးငုံနှင်းဆီက ချက်ချင်းထပ်ကြည့်တယ်။

နေလင်းနှုတ်ခမ်းမွှေးကို အတည့်အတိုင်းမြင်တော့ ဇဝေဇဝါဖြစ်သွားတယ်။ နေလင်းကတော့ စာငုံ့ဖတ်လို့။

'ငါမျက်စိမှောက်သွားတာ နေမှာပါ'

လို့ တွေးပြီး ကိုယ့်အလုပ် ကိုယ်ဆက်လုပ်နေတော့တယ်။

ထုံးစံအတိုင်း နေလင်းကတော့ ဖူးငုံနှင်းဆီကို မျက်လုံးရွဲကြီးတွေနဲ့ ကြည့်နေဆဲ။

ဒါကိုများ ရာထူးပေး၊ လစာတိုးပေးသတဲ့။ အံ့ရော. . ။

***



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၂၁)

စာနယ်ဇင်းမိတ်ဆက်ပွဲလေးတစ်ခု. . ။

တင့်တင့်မိုးခိုင်စီစဉ်တဲ့ပွဲ. . ။

'ကိုကိုလူဆိုး' တေးစီးရီးသစ်ထုတ်ဖို့အတွက် တေးသရုပ်ဖော်ဖို့ သရုပ်ဆောင်သစ်နှစ်ဦး ရွေးမယ့်ပွဲပဲ။

ရွေးမယ့်အစီအစဉ်ကလည်း လန်းတယ်။ ကြွရောက်လာတဲ့ ဧည့်ပရိသတ်ထဲကရော၊ ကြိုတင်စာရင်းပေးထားသူတွေရော မဲနှိုက်ရတယ်။

မဲက ယောကျ်ားလေးအုပ်စုက မဲဖလားတစ်ခု၊ မိန်းကလေး အုပ်စုက မဲဖလားတစ်ခု။ နံပါတ်ချင်းတူတဲ့ ယောကျ်ားလေးနဲ့ မိန်းကလေးတို့ တွဲပြီး သရုပ်ဆောင်ရမယ့်ပွဲ။

တက်ရောက်လာကြတဲ့ ဧည့်သည်တွေထဲမှာ ဘယ်သူတွေပါ တယ်မှတ်လဲ။



www.burmeseclassic.com

www.burmeseclassic.com



ဖူးငုံနှင်းဆီနဲ့ အင်ကြင်းခိုင်။

အောင်မျိုးနဲ့ နေလင်း (ခ) သူရိန်မင်း..။

အောင်မျိုးက ဓာတ်ပုံရိုက်ရမှာ။ ရွေးမယ့်အထဲ မပါဘူး။

ရွေးမယ့်အထဲ ပါမှာက ဖူးငုံနှင်းဆီနဲ့ အင်ကြင်းခိုင်။

နောက်..သူရိန်မင်း။

ဒီပွဲမှာ နေလင်းဟာ သူရိန်မင်းလေ။

ပုံစံကိုက ကြည့်ဦး..။

တီရှပ်အနက်နဲ့၊ ဂျင်းဘောင်းဘီအပြာနဲ့။

နှုတ်ခမ်းမွေး၊ ပါးသိုင်းမွေး လုံးဝမရှိ။ ကေကလည်း လန်းနေတယ်။ ပန်းများ ရေတောက်ထားသလိုပ။

လမ်းလျှောက်လာပုံကလည်း ကြည့်။ မြောက်ကြွမြောက်ကြွနဲ့။ ရင်ကော့ပြီး ပခုံးမြှင့်ထားလိုက်သေးတယ်။

သူ့ဘေးမှာ အောင်မျိုးရှိတယ်။ ဘေးကနေ သတိပေး၊ အကြံပေးနေတာ။ လိုတာ ဖြည့်ပေးနေတာ။

တကယ်တော့ ဘာမှမလိုဘူး။

ပိုတောင်ပိုနေသေးတာ။ ဘောင်းဘီချောင်လို့ လျှောကျရင် ဆွဲမတင်ရ။ အဲဒါ စတိုင်လ်ဆိုလို့ လျှောကျနေတဲ့ ဘောင်းဘီကို ဒီအတိုင်းထားတာ ခါးအောက်ရောက်နေပြီ။ တင်ပါးမှာ ချိတ်နေလို့ တော်သေး။

ပွဲမစမီ နေလင်းတို့ထိုင်ခုံရှိရာ လျှောက်သွားချိန်မှာတော့ ဖူးငုံနှင်းဆီနှင့် အင်ကြင်းခိုင်တို့ ခုံဘေးက ကပ်လျှောက်သွားရတယ်။

"ကိုအောင်မျိုး"

အင်ကြင်းခိုင်က ခေါ်တာ။ အောင်မျိုးက ပြန်ထူးတယ်။

"ဪ..ဖူးငုံနှင်းဆီတို့ပါလား"

"ခေါ်တာက ကျွန်မခေါ်တာ။ ဘာဖူးငုံနှင်းဆီလဲ။ ဟင်း..

အင်ကြင်းခိုင်က 'ဟင်း' ဆိုပြီး အောင်မျိုးဘေးက လူ[illegible]ကို ရှိုးလိုက်တယ်။ ဖူးငုံနှင်းဆီကလည်း ရှိုးနေတယ်။



www.burmeseclassic.com

www.burmeseclassic.com



နေလင်းကတော့ မှင်အပြည့်ပဲ။ တကယ့်လူငယ်လေးစတိုင်လ် ဖမ်းနေတာ။

"ဩော်. . မိတ်ဆက်ပေးရဦးမယ်။ ဒါ. . ငါ့သူငယ်ချင်း သူရိန်မင်း"

"ရှင်. . စူပါမင်း"

အင်ကြင်းခိုင် လှောင်တာမဟုတ်ဘူး။ နားကြားလွဲတာ။ နေလင်းက ဝင်ပြောတယ်။

"သူရိန်မင်းပါဗျာ။ တစ်နည်းအားဖြင့် နေမင်းပေါ့။ ရောင်ဝါထိန်တဲ့ နေမင်းကို တင်စားမှည့်ထားတာ"

နေလင်းက အကြောဆွဲသလို၊ ခတ်လိုက်သလိုမျိုး တွန့်တွန့်ပြီး ပြောနေတာ။ သူ့ကိုစူးစိုက်ကြည့်နေသူကတော့ ဖူးငုံနှင်းဆီပဲ။

ဟုတ်. . ။

ဖူးငုံနှင်းဆီက နေလင်းကို သိသလိုလို၊ မြင်ဖူးသလိုလိုရှိလို့ ကြည့်နေတာ။

'ငါတို့ရုံးက နေလင်းနဲ့ ခပ်ဆင်ဆင်ပဲ။ ဒါပေမဲ့. . ဒီက နုပျို သွက်လက်တယ်။ လန်းတယ်။ ဟိုက အဘိုးကြီးဒိုဇိုင်း'

လို့လည်း တွေးနေသေးတာ။ တွေးရင်း နေလင်းကို စူးစိုက်ကြည့်နေမိတော့ အင်ကြင်းခိုင်ရော၊ အောင်မျိုးပါ တစ်ဦးမျက်နှာ တစ်ဦး ကြည့်ပြီး ပြုံးတယ်။

အောင်မျိုးက တိတ်ဆိတ်မှုကို ဝမ်းခေါင်းသံနဲ့ ဖောက်ခွဲလိုက်တယ်။

"ကဲ. . ရပ်ကြည့်နေလို့ အမြတ်မရှိဘူး။ တစ်ယောက်နဲ့တစ်ယောက် မိတ်ဆွေဖြစ်ပြီအမှတ်နဲ့ လက်ဆွဲနှုတ်ဆက်လိုက်ကြ"

"ကျွန်တော် သူရိန်မင်းပါ"

"ဟုတ်. . ကျွန်မ ဖူးငုံနှင်းဆီပါ"

အောင်မျိုးပေးတဲ့လမ်းကြောထဲ ဝင်မိကြပြီး လက်ဆွဲနှုတ်ဆက်



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သွားကြတယ်။

အောင်မျိုးကလည်း အားကျမခံ အင်ကြင်းခိုင်ကို ကြည့်ပြီး ပြောလည်းပြော၊ လက်လည်းကမ်းပေးတယ်။

"ကျွန်တော် အောင်မျိုးပါ။ ဒီက အင်ကြင်းခိုင်ထင်တယ်နော်၊ ရှဲ့ . ရှဲ့ . "

"ဟုတ်ကဲ့ပါ။ ကျွန်မ အင်ကြင်းပင် . . အဲ . . အင်ကြင်းခိုင်ပါရှင်။ တွေ့ရတာ ဘာမှမဖြစ်ပါဘူး။ ရုံးမှာ တွေ့နေကျကြီးဟာ"

"ဟင်း . . ဟင်း . . "

"ခစ် . . ခစ် . . "

"ဟား . . ဟား . . ဟား . . "

အားလုံး ရယ်မောဖြစ်ကြတယ်။ ရယ်ရယ်မောမော၊ ပျော်ပျော်ရွှင်ရွှင်၊ လန်းလန်းဆန်းဆန်း၊ တက်တက်ကြွကြွ။ မြောက်ဆွမြောက်ဆွနဲ့ နှုတ်ဆက်ထွက်ခွာသွားတဲ့ ကိုလူပျိုနှစ်ဦးကို . .

မဒီပျိုနှစ်ဦး ငေးမောကြည့်ရင်း မှတ်ချက်ချလိုက်ပုံက . .

"အူကြောင်ကြားတွေ . . "

***



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၂၂)

No- 8. . ။ မြန်မာလို နံပါတ်ရှစ်။

'ဒါ. . ငါ့ရဲ့ လပ်ကီးဂဏန်းပဲ'

လို့ တွေးရင်း နေလင်းတစ်ယောက် (၈)ဂဏန်းရေးထားတဲ့ ဘတ်ပြားလေးကို စိုက်ကြည့်နေမိတယ်။

ကဖို့အတွက် သူမဲပေါက်တာက No- 8။ သူနဲ့တွဲရမယ့် No- 8 ကိုင်ထားမယ့် မိန်းကလေးက ဘယ်သူလဲ။

'ဘူလေးလဲ. . ဘူလေးလဲ'

တွေးရင်း နေလင်း ရင်ခုန်စွာပဲ ရှာဖွေနေမိတယ်။

ကပွဲပြုလုပ်မယ့် ကွင်းလယ်မှာတော့ နံပါတ်ပြားလေးတွေ ဆောင်ပြပြီး တွဲဖက်ကို ရှာနေကြလေရဲ့။

လူတွေကြားထဲက နံပါတ်ပြားတွေကြားထဲက ဖြူဖွေးနုညက်တဲ့ လက်လေးတစ်စုံနဲ့အတူ နေလင်းတွေ့မိတာက No- 8။



www.burmeseclassic.com

www.burmeseclassic.com


"ဒိန်း. ."

ကားဘီးပေါက်တာ မဟုတ်။ နေလင်း ရင်ခုန်သွားတာ။

ရင်ခုန်စေတဲ့ No- 8 ပိုင်ရှင်ကို လက်ဖျားလေးကတစ်ဆင့် မျက်လွှာနိမ့်ကြည့်မိတယ်။

"အို. . ဟင်. . တ. ."

အာမေဋိတ်သံနဲ့အတူ နေလင်း မျက်လုံးကျယ်၊ ပါးစပ်ပြူးသွားတယ်။

"ဒိန်း. . ဒိန်း. . ဒိန်း. ."

သေနတ်သံမဟုတ်။ နေလင်းရင်ခုန်သံ။ ရင်ခုန်သံမှ စက်ကြီးအတွဲလိုက်ပစ်သလိုကို ရင်ခုန်တာ။

"ဒုန်း. ."

ဒါက မော်တာထုလိုက်သလို ရင်တုန်သွားတာ။

ဖြစ်ရမယ်လေ။

No- 8 ကိုင်ထားတဲ့ ကောင်မလေးက ဖူးငုံနှင်းဆီရယ်။

အဲဒီက စတာပါပဲလေ။ ပြဿနာက. .။

အစီအစဉ်အရ နေလင်းက No- 8 ပိုင်ရှင်ထံ လူတွေကြားထဲက တိုးဝှေ့သွားတယ်။ သူ့နံပါတ်ပြားကိုတော့ ဝှက်ကိုင်ထားတယ်။

ဖူးငုံနှင်းဆီရှေ့ သွားရပ်ပြီး နှုတ်ဆက်တယ်။

"ဟောင်း. . အာ. . ယူ"

"ခေါင်းကိုက်နေတယ်"

"လန်းဆန်းသောက်လိုက်လေ"

ဘာတွေဖြစ်ကုန်တာလဲ။ ဟုတ်ပ။ နေကောင်းလားမေးတယ်မှတ်ပြီး ခံစားနေရတဲ့ဝေဒနာကို ပြောမိလိုက်တာ။ အဲဒါကို နေလင်းက ဆေးကြော်ငြာဖြတ်ဝင်တယ်။ MRTV နဲ့ ဘာတော်သလဲပဲ။

"မလိုပါဘူး။ ကျွန်မကို နံပါတ်အိတ်ရှာပေးပါလား။ ရှာရတာ မူးနေပြီ"


www.burmeseclassic.com

www.burmeseclassic.com



"တွေ့ရင် ဘာလုပ်မှာလဲ"

"တွဲကာ၊ သရုပ်ဆောင်ရမှာပေါ့ရှင်"

"ဒါဆို မရှာနဲ့တော့"

"ဘယ်ဖြစ်မလဲရှင့်။ ဖယ်. . ကိုယ့်ဟာကိုယ် ရှာမယ်"

ဖူးငုံနှင်းဆီက နေလင်းအပါးမှ ခွာမယ်လုပ်တယ်။ နေလင်းတာ လက်ကိုလှမ်းဆွဲထားလိုက်တယ်။

ရုတ်တရက်မို့ ဖူးငုံနှင်းဆီအံ့ဩသွားတယ်။ ကြက်ငှက်တုပ် တွေးမိသလို ဖြစ်သွားတယ်။

ကြက်သေ၊ ဘဲသေ၊ ဝက်သေ အကုန်ဖြစ်ကုန်တာ။

"လွှတ်ပါရှင်. ."

"လွှတ်ဖို့မလိုပါဘူး။ ဒီမှာကြည့်. ."

နေလင်းက လက်ထဲဝှက်ထားတဲ့ နံပါတ်ပြားကို ပြလိုက်တယ်။

"ဟင်. . ရှင်. . ရှင်. ."

"ဟုတ်ပ. .။ နံပါတ်အိတ်ဟာ ကိုယ်ပါပဲ။ မင်းရှာနေတဲ့ မင်း သားလေးဟာ ကိုယ်ပါပဲ"

"သွား. . လူဆိုး"

"သရုပ်ဆောင်ရမှာကလည်း ကိုကိုလူဆိုးတဲ့လေ"

ပြောလည်းပြော၊ ရောလည်းရော၊ ဖောလည်းဖောရင်း. .

သူတို့နှစ်ယောက် အတွဲညီညီ ကဖြစ်၊ သရုပ်ဆောင်ဖြစ်သွားကြ တော။

"ကိုကိုလူဆိုးရယ်××သိပ်သိပ်ပိုပါတယ်××ကိုကိုလူဆိုးရယ်××သိပ် သိပ်ခတဲနဲ့ကွယ်×××ချွဲလည်းချွဲတယ်×××ကဲလည်းတဲတယ်××တဲ. . တဲ. . တဲ. ."

မြူးကြွတဲ့တေးသွားနဲ့အတူ ပျံ့လွင့်လာတဲ့ သီချင်းသံက အူတူ ရော။

"တဲ. . ကဲ. . ကဲ"နဲ့ ဟန်တာလား၊ ကဲခိုင်းတာလား ရေရေရာ

www.burmeseclassic.com

www.burmeseclassic.com



ရာ မသိရဘူးရယ်။

သချောတာကတော့. .

သူရိန်မင်းရော၊ ဖူးငုံနှင်းဆီတို့ပါ မျက်လုံးချင်းလည်းကဲ၊ နှလုံးသားချင်းလည်းကဲ၊ အပြုံးအားချင်းလည်း ကဲဖြစ်ကြတယ်။

ကဲလို့ရတာ အကုန်ကဲမိတော့တယ်။ တကယ်. . ။

အောင်မျိုးကတော့ ကင်မရာတစ်လုံးနဲ့ ကဲနေလိုက်တာများ။

နေလင်းနဲ့ ဖူးငုံနှင်းဆီတို့ရဲ့ ကဲပုံများကို တဖျပ်ဖျပ်ရိုက်ထားလေရဲ့။

ကဲ. . ဘာပြောနိုင်ပါဦးမည်နည်း။

***



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၂၃)

ခူတင်ပေါ်မှာ ပြန့်ကျဲနေတဲ့ ဓာတ်ပုံတွေကိုကြည့်ပြီး နေလင်း ပျော်နေတယ်။ အောင်မျိုးကိုလည်း ချီးကျူးနေတယ်။

"သိပ်တော်တာပဲ။ ထိထိရောက်ရောက်ရှိလှတဲ့ ဒီပုံတွေ မင်း ဘယ်လိုရိုက်လိုက်တာလဲ"

"တတ်သည့်ပညာ မနေသာပေါ့ကွာ"

"အသက်ပါတယ်ကွာ။ ကြည့်စမ်း. . ။ မင်းရိုက်ထားတဲ့ တို့နှစ်ဦးမျက်နှာပေါ်က မျက်လုံးတွေက အရောင်တူတွေ လက်နေသလိုပဲ နော်"

"အဲဒါ. . ငါရဲ့ သမ္ဘာလေကွာ။ ဒီလိုအနေအထားမှာ အမိအရ လျှပ်တစ်ပြက်ရိုက်နိုင်မှကွ။ လျှပ်တစ်ပြက်ရိုက်ချက်ပေါ့ကွာ"

"ဂျာနယ်ကြော်ငြာဝင်တာလား"

"ကြော်ငြာချင်းကြော်ငြာ ကိုယ့်ဂျာနယ် ကိုယ်ကြော်ငြာတာပေါ့။ ဒါက တကယ့်ကို လျှပ်တစ်ပြက်ရိုက်ရတဲ့ ရိုက်ကွက်မို့ ပြောတာ"



www.burmeseclassic.com

www.burmeseclassic.com



"ထားပါတော့. . ရှိပါစေတော့. . ။ ဒီပုံတွေကို ဖူးငုံနှင်းဆီမြင်စေချင်တယ်"

"မဝူနဲ့။ ပုံတွေပေးလိုက်ပြီ"

"တာ. . တတယ်. ."

"နှစ်တယ်ပေါ့. . ။ အခုလောက်ဆို သူလည်း ပုံတွေကြည့်ပြီး သရိုးသအီ ဖြစ်နေလောက်ပြီ"

"ဘာလဲဗျာ. . သရိုးသအီ. ."

"သရိုးသအီဆိုတာ ရင်ပြည့်သလိုလို၊ ရင်ကယ်သလိုလို၊ အင်အင်းပါချင်သလိုလို၊ ရှူးရှူးပေါက်ချင်သလိုမျိုး ဖြစ်တာကွာ"

"အဲဒါ အချစ်လား"

"တင့်အင်း. . အဲဒါ ရောဂါ။ ဆေးခန်းပြ ဆေးသောက်ရမယ့်ရောဂါ"

"အဟုတ်မှတ်လို့ နားထောင်နေတာ"

ဒအောင်မျိုးနောက်နေမှန်းသိလို့ နေလင်းဆက်မပြောတော့ဘူး။

ဖူးငုံနှင်းဆီနဲ့ သူနဲ့ တနေ့တုန်း ရိုက်ထားတဲ့ပုံတွေပဲ ကြည့်နေမိတော့တယ်။

ဒါလည်း ရောဂါပဲ။

အဲဒီရောဂါက နေလင်းဆီမှာတင် ဖြစ်နေတာမဟုတ်ဘူး။

ဖူးငုံနှင်းဆီကလည်း ဘာထူးမှာလဲ။

ကြည့်လိုက်စမ်းပါ။

"ရှင်. . တော်တော်အတင့်ရဲပါလား"

"လူကို စိုက်ကြည့်မနေနဲ့"

"ကိုကိုလူဆိုး. . သိပ်သိပ်ဆိုး. . သိပ်သိပ်ကဲ. . နှာဘူး"

ရူးဆေးဘူးတောင်းတာ မဟုတ်ဘူး။ ဖူးငုံနှင်းဆီတစ်ယောက်တည်း ပြောနေတာ။

သူ့ရှေ့က ဓာတ်ပုံကို ကြည့်ပြောနေတာ။ ဓာတ်ပုံက နေဒအောင်မျိုး



www.burmeseclassic.com

www.burmeseclassic.com



မြွေဖမ်းပြီး ရိုက်ထားတဲ့ပုံ။ အခု မြွေလွှတ်ထားတာ။

ဖူးငုံနှင်းဆီကို မြွေပတ်နေပြီ။ ဖူးငုံနှင်းဆီဘစ်သောက် ဓာတ်ပုံတွေကြည့်ပြီး ရူးသွပ်နေတာ။

အဲဒီညက ဖူးငုံနှင်းဆီတစ်သောက် ဓာတ်ပုံတွေ ဘေးမှာချပြီး အိပ်ပျော်သွားခဲ့တယ်။ အိပ်မက်တွေတောင် မက်သို့။

အိပ်မက်ကလည်း လှတယ်။

ဒီလို. . ။

လင်းလက်နေတဲ့ကြယ်ပွင့်လေးတွေ နောက်ခံနဲ့ လတွေးတွေးပေါ်မှာ ခြေထောက်နှစ်ချောင်း တွဲလောင်းချထိုင်နေတဲ့ နတ်သမီးလေး တစ်ပါး ရှိနေတယ်။

ဘူလေးလဲ မတွေးနဲ့။ နတ်သမီးလေးက ဖူးငုံနှင်းဆီပဲလေ။ ဝန်းနုရောင်ဂါဝန်ဖားဖားကြီးနဲ့ရယ်။ (မယုံမရှိနှင့်။ အဲဒါ အနောက်တိုင်း နတ်ဟုမှတ်။ စာရေးသူ)

နတ်သမီးဖူးငုံက လတွေးတွေးပေါ် ထိုင်ပြီး ဘာလုပ်နေတယ် မှတ်လဲ။

ငါးမျှားနေတာ။ စတီးမျှားတံနဲ့ အတျအန ငါးထိုင်မျှားနေတာ ရယ်။ ငါးမျှာချိတ်က ငါးစာကို ကြည့်ဦး။ အသည်းပုံလေး၊ ဓာတ်မီးလေး တောင် ပါသေး။

ဘိုလိုရေးထားတာ။ မြန်မာလိုပြန်ရရင်တော့ 'ချစ်ရင်တပ်' တဲ့။

ငါးစာအသည်းလေးတလည်း ပန်းသီးရောင်ပြေးပြီး တဖျပ်ဖျပ် ဆွပ်နေတယ်။ မြူဆွယ်နေတာ။

ငါးစာအနီးတစ်ပိုက် အာကာသတင်းလင်းပြင်မှာတော့ ငါးနတ်သားတွေ ပလူပျံသလို ရှိနေကြတယ်၊ ငါးနတ်သားဆိုတာ ငါးကိုယ်နဲ့ လူခေါင်း ရှိတဲ့နတ်။

အဲဒီလို နတ်တစ်ပိုင်း၊ ငါးတစ်ပိုင်း ဖြစ်ရခြင်းကတော့ အလှူခံရာမှာ ငါးခေါင်းတွေ ထုသတ်ပြီး မုန့်ဟင်းခါးချက်ကျွေးခဲ့လို့တဲ့။



www.burmeseclassic.com

www.burmeseclassic.com



ဟင့်.. ကြောက်စရာ။ (မယုံမရှိနှင့်။ အဲဒီလိုမျိုး တကယ်ဖြစ်တတ်ပါသည်၊ ဝက်သတ်၍ အလှူလုပ်သူများလည်း ဝက်ခေါင်းနှင့်နတ်ကိုယ်.. စသည် ဖြစ်တတ်ပါသည်။ ယုံ.. စာရေးသူ)

ငါးနတ်သားတွေထဲမှာ ထူးခြားတဲ့နတ်သားတစ်ပါး ပါနေတယ်၊ ဘယ်သူရှိရမလဲ။

သူရိန်မင်းနတ်။ နေနတ်သားကို ပြောတာမဟုတ်။ နေလင်းနတ်.. နတ်နေလင်းကို ပြောတာ။

သူလည်း သူ့ရွာက အလှူမှာ မုန့်ဟင်းခါးချက်တော့ ငါးခေါင်းဝိုင်းထုသတ်ပေးတဲ့ အကုသိုလ်နဲ့ နတ်ဖြစ်လာတာ။

အခုလည်း ငါးက အသည်းပုံလေးနားမှာ ရစ်သီရစ်သီလုပ်နေတယ်။ ငါးစာပေါ်က စာကို ဖတ်နေသေးတယ်။

"ချစ်ရင်ဟပ်တဲ့..။ ဟပ်ပြီကွ။

ဟိုက်.. သွားပြီ။ အာရိုးရိုး.. စူးတယ်.. စူးတယ်"

အော်ရင်း နေလင်းနတ် ငါးမျှားချိတ်မှာ ဟပ်ကော့ကြီးဖြစ်သွားတယ်။

လကွေးကွေးပေါ်က ငါးမျှားနေတဲ့ နတ်သမီးဖူးငုံလက်ထဲက ဟန်းဖုန်းဆီက အသံထွက်လာတယ်။

"သတိ.. ဖိုင်ကုန်း.. ဖိုင်ကုန်း"

ဖူးငုံနတ်သမီးက ဖုန်းကိုဖွင့်ပြီး နားထောင်လိုက်တယ်။ ဖုန်းထဲက အသံထွက်လာတယ်။

"ကျေးဇူးပြု၍ နားဆင်ပါရှင်။ နတ်ကြီးမင်း၏ ငါးမျှားချိတ်၌ ငါးနှာဘူးတစ်ကောင် မိနေပါတယ်။ ဆွဲတင်လိုက်ပါရှင်။ ကျေးဇူးတင်ပါတယ်ရှင်"

ငါးမိနေတဲ့ အကုသိုလ်အလုပ်ကိုများ ကျေးဇူးတင်တယ် လုပ်နေသေး။ မိတဲ့ငါးနာမည်ကလည်း ငါးနှာဘူးတဲ့။ လူ့ပြည်မှာတော့ မကြားဖူးသေးဘူး။



www.burmeseclassic.com

www.burmeseclassic.com



နတ်သမီးက ဟန်းဖုန်းကိုချပြီး ကိုင်းတံက ခလုတ်ကို နှိပ်လိုက်တယ်။ ကိုင်းတံက အော်တိုစနစ်နဲ့ ရစ်တင်နေပြီ။

"သားမှားပြီ××မှားပါပြီ မာ့မီရဲ့××ချစ်ဇောတွေကြွယ်××× အချစ်ရေးကို ဦးစားပေးဟပ်မိတယ်×××ဟပ်မိလို့ ကော့နေရပြီ×××"

အံ့မယ်. . ငါးနှာဘူးက ငိုချင်းလေးကို ညည်းလာသေးတာ။ အပေါ်ရောက်တော့ ပိုခံစားသွားရတယ်။ သူ့ကို အသည်းနဲ့မျှားသူက တခြားသူမဟုတ်။ ဖူးငုံနှင်းဆီကိုယ်တိုင် ဖြစ်နေတာကိုး။

"အိုး. . မိုင်ဂေါ့။ ရက်စက်လှချည်လား ချစ်သူ"

"အို. . အိုင်ဖဲရီးဆောရီး။ ယူမှန်းမသိလို့ အိုင်မျှားမိတာ ခွင့်လွှတ်ပါ"

"ရှိပါစေတော့ ဖူးငုံ။ အချစ်ဆိုတာ ပေးဆပ်ခြင်းတဲ့လေ။ မင်းအတွက် ကိုယ့်ဘဝတစ်ခုလုံး. . အဲ. . တစ်ကောင်လုံးကို ပေးဆပ်လိုက်ပါပြီ။ ယူချင်တာ အကုန်လုံးယူတော့ ချစ်သူ"

ငါးနှာဘူးကလည်း အလာကြီး။ ငါးမျှားချိတ်တန်းလန်းကြီးနဲ့ ဒိုင်ယာလော့ခ်တွေ ပစ်သွင်းနေတယ်။ ကြွေပြတာ. . ။

နတ်သမီးဖူးငုံ စဉ်းစားနေတာသာ သူသိရင် 'သေပြီ နတ်မင်း' ဖြစ်ဦးမှာ။

နတ်သမီးလေးဖူးငုံ တွေးနေတာက. .

'အင်း. . ဒီငါးနှာဘူးကြီးကို ခေါင်းဖြတ်ထားပြီး ကိုယ်ထည်ကို ဘဲလီဈေးသွားသွင်းရရင် ငါတော့ ပွမှာပဲ'

တွေးရုံပဲရှိသေး။ အိပ်မက်က လန့်နိုးလို့ ငါးဒိုင်သွားမသွင်းဖြစ်ဘူး ဖြစ်သွားတယ်။

အဲဒါကို ဘယ်လိုရေရွတ်တယ်မှတ်လဲ။

"တောက်. . လက်ထဲ ငွေရောက်ခါနီးမှ အိပ်မက်က ပျောက်သွားတယ်။ နာတာပဲ"

အဲဒီလို သံယောဇဉ်ထားတာ။

***

ဝိသနာဇာယ

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၂၄)

"ဖူးငုံ . . ထမင်းစားလို့ရပြီ"

အင်ကြင်းခိုင် အနားလာရပ်ပြောမှ ဖူးငုံနှင်းဆီ ထမင်းစားဖို့ သတိရတော့တယ်။ နာရီမော့ကြည့်တော့ ဆယ့်နှစ်နာရီခွဲနေပြီ။

အလုပ်ထဲမှာ အာရုံနစ်နေလို့ ထမင်းမေ့ဟင်းမေ့ ဖြစ်နေတာ၊ တစ်ခါတလေ ဒီလိုမျိုးလည်း ဖြစ်တတ်ပါတယ်။

သူနဲ့အင်ကြင်းခိုင် ထမင်းစားစားပွဲရောက်တော့ အောင်မျိုးနဲ့ နေလင်းတို့က စားနေပြီ။

ဖူးငုံနှင်းဆီက နေလင်းနဲ့ မျက်နှာချင်းဆိုင်မှာ ထိုင်လိုက်တယ်။

"ဖူးငုံ . . ထမင်းစားနောက်ကျတယ်နော်"

အောင်မျိုးက ရောတာ။ ဖူးငုံက ခေါင်းညိတ်ပြပြီး အမှင်ပြုံး လိုက်တယ်။

"အလုပ်ထဲ အာရုံရောက်နေလို့ပါ။ အလုပ်လုပ်နေရရင် ထမင်း



www.burmeseclassic.com

www.burmeseclassic.com



မေ့ ကင်းမေ့ပါပဲရှင်"

ပြောပြောဆိုဆိုပဲ နေလင်းကို အကဲခတ်သလို ကြည့်လိုက်တယ်။ နေလင်းကတော့ ဘာမှမပြောဘဲ အသိအမှတ်ပြု ပြုံးပြပြီး ထမင်းဆက်စားနေတယ်။

ထမင်းစားရင်း ဖူးငုံ နေလင်းကို ကြည့်ကြည့်နေမိတယ်။ အမှန်တကယ့် စူးစမ်းတာ။

နေလင်းကတော့ အေးဆေးပါပဲ။ နှုတ်ခမ်းမွေးရော၊ ဆံပင်ရော ပုံမှန်ပဲ။ လည်ကတုံးရှပ်လက်ရှည် အဖြူနဲ့ပဲလေ။

သူ့ကိုကြည့်ရင်း သူရိန်မင်းမျက်နှာက ကွက်ခနဲပေါ်လာတယ်။ နှစ်ပုံ နှစ်ရုပ် ယှဉ်ကြည့်နေမိတယ်။

ဖူးငုံရဲ့အာရုံထဲမှာတော့. .

သူရိန်မင်းဓာတ်ပုံနဲ့ နေလင်းပုံက ယှဉ်ပြထားတယ်။ စာလည်းရေးထားတယ်။

'မှားမှန်ရောထွေး အမှန်ရွေး'

'ချစ်သူရွေးမယ် ချစ်ဝဲလယ်'

ပုံတွေရဲ့ ရှေ့ခုံမှာ မြေဖြူခဲက အဆင်သင့်။

ဖူးငုံနှင်းဆီက မြေဖြူကိုယူပြီး သူရိန်မင်းပုံအောက်မှာ အမှတ်ခြစ်ချလိုက်တယ်။

အဲဒီအချိန်မှာ နေလင်း ပုံထဲက ခေါင်းထွက်လာပြီး စောင်းကြည့်တယ်။ မဲ့တယ်။

ဖူးငုံနှင်းဆီက ကြည့်တော့ ပုံထဲ ခေါင်းပြန်ဝင်သွားတယ်။ အရင်လို ပြန်နေလိုက်တယ်။ ဒါပေမဲ့ ဂနာမငြိမ်သလို မျက်လုံးက စွေကြည့်နေလို့ ဖူးငုံက ဟောက်လိုက်တယ်။

"ဘာဖြစ်နေတာလဲ။ ဂနာကို မငြိမ်ဘူး"

"ဗျာ. ."

ဖူးငုံနှင်းဆီယောင်အော်တဲ့အသံကြောင့် နေလင်း 'ဗျာ' တ



www.burmeseclassic.com

www.burmeseclassic.com



သွားတယ်။ အောင်မျိုးကလည်း လှမ်းကြည့်တယ်။

ဖူးငုံနှင်းဆီက သွားလေးဖြဲပြပြီး ထမင်းပန်းကန်ကို ပြတယ်။ ပြောသေးတယ်။

“ဟီး. . ယင်ကောင်လေး ဂနာမငြိမ်လို့ ဟောက်နေရတာ”

ယင်ကောင်ကယ်လို့ပဲ။

ဘာပဲဖြစ်ဖြစ်. .

အဲဒီနေ့က ဖြစ်ရပ်ဟာ ဖူးငုံတစ်ယောက် နေလင်းနဲ့ သူရိန်မင်း ဘယ်သူ့ကိုယိုင်နေတယ်ဆိုတာ သိလို့ရပြီပဲလေ။

***



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၂၉)

"ကိုကိုလူဆိုးရယ်××သိပ်သိပ်ပိုပါတယ်×××ကိုကိုလူဆိုးရယ်××သိပ်သိပ်မကဲနဲ့ကွယ်××ချွဲလည်းချွဲတယ်××ကဲလည်းကဲတယ်××တဲ. . ကဲ. . ကဲ. ."

ကိုကိုလူဆိုး စီးရီးတေးသွားလေးက ပျံ့လွင့်နေတယ်။ ဒီနေ့မှာ ဗီဒီယိုရိုက်မယ်လေ။

သရုပ်ဆောင်နှစ်ဦးကလည်း ရွေးပြီးသား။ အကြောင်းကြားပြီးသား။ 'မ No-8' ဖူးငုံနှင်းဆီနဲ့ 'ကျား No-8' သူရိန်မင်းတို့လေ။

သရုပ်ဆောင်ရမှာက စင်မြင့်ထက်မှာ။ ရိုက်ကူးရေးအဖွဲ့တွေက ထောင့်စုံမှာ ရှိနေကြတယ်။

ဒီတေးသွားအလာမှာ မင်းသမီးက စင်ရဲ့ညာဘက်က ထွက်လာ။ သရုပ်ဆောင်နေ။ နောက်. . မင်းသားက စင်ရဲ့ဘယ်ဘက်က ထွက်လာ။ မင်းသမီးကို လက်ကမ်းပေး။ ဆက်ကကြရမှာ။



www.burmeseclassic.com

www.burmeseclassic.com



ခက်တာက သူရိန်မင်း။

အခုထိ မရောက်သေးဘူး။ အောင်မျိုးက ရှေ့ကသွားပြီး တတ်ပုံရိုက်နေပြီ။ နောက်. . သူရိန်မင်းလိုက်လာတာကိုလည်း အောင်မျိုးသိတယ်။

ဒါကြောင့် တာဝန်ရှိသူတွေထံ သူရိန်မင်းနောက်မှာလာနေပြီလို့ သတင်းပို့လိုက်တယ်။

သပာင်းမှန်တော့ သတင်းမှန်ပါပဲ။

နေလင်း တကယ်ပဲ နောက်ကနေ ကားနဲ့လိုက်လာတယ်။ ဒီဗိုင်းကတော့ နေလင်းဒီဗိုင်းပဲ။ မပြောင်းရသေးဘူး။ ရောက်မှ ပြောင်းဖို့ အိတ်ထဲမှာ အကုန်ပါတယ်။

ဖြစ်ချင်တော့ သူစီးတဲ့ကားက ပျက်လို့ နောက်ကျသွားရတယ်။

အမြန်မောင်းခိုင်းရတော့တာပေါ့။ သူ့ကားရောက်တော့ ပွဲက စနေပြီ။

စင်ပေါ်မှာ တေးသွားနဲ့အတူ ဖူးငုံနှင်းဆီသရုပ်ဆောင်နေပြီ။ မကြာခင် သူရိန်မင်းဝင်ရတော့မှာ။

သူရိန်မင်းရဲ့ အရိပ်အယောင်ကို မတွေ့ရလို့ ဖူးငုံနှင်းဆီ စိတ်တွေပူလာပြီ။

မန်နေဂျာကလည်း အောင်မျိုးကို လှမ်းကြည့်နေပြီ။

တေးသံတစ်ခေါက်ပြန်ကျော့ချိန်မှာတော့ ဖူးငုံနှင်းဆီက ဝါးနပ်စွာပဲ ဖြည့်ဆိုလိုက်တယ်။

"ကိုကိုလူဆိုးရယ်×× သိပ်သိပ်ပိုပါတယ်×× ကိုကိုလူဆိုးရယ်×× သိပ်သိပ်နောက်ကျတယ်×××"

"ကျဘူး. . ကျဘူး. . ။ လာပြီ. . လာပြီ. . ကိုကိုလာပါပြီဗျ"

ဆိုတဲ့ ဝမ်းခေါင်းသံကြီးနဲ့အတူ စင်ထောင့်က ပြေးထွက်လာတာ ဘယ်သူမှတ်လဲ။

သူရိန်မင်း. . အဲ. . နေလင်းရယ်။



www.burmeseclassic.com

www.burmeseclassic.com



ဆံပင်ပွယောင်းယောင်း၊ ရှပ်ဖြူလည်ကတုံး၊ ယောလုံချည်အညို နဲ့ လွယ်အိတ်ကြီးလွယ်ထားတဲ့ နေလင်းမှနေလင်းအစစ်။

ပထမတော့ ပရိသတ်ရော၊ ဖူးငုံနှင်းဆီပါ အံ့အားသင့်နေကြ တယ်။ ကြောင်ကြည့်၊ ကြက်ကြည့် ဖြစ်နေကြတယ်။

နေလင်းကတော့ ဘာကိုမှ ဂရုစိုက်ဟန်မပြဘူး။ မှင်သေသေ နဲ့ သူကရမယ့် ဇာတ်ဝင်ခန်းထဲကို ဝင်ရောက်သွားတယ်။

ဖူးငုံနှင်းဆီကို တစ်ချက်ကြည့်ပြီး သူသရုပ်ဆောင်ရမယ့် အတွက်တွေကို ပီပြင်စွာပဲ သရုပ်ဆောင်နေတော့တယ်။

ဖူးငုံနှင်းဆီလည်း နေလို့မရတော့ဘူး။ စည်းချက်တချက်တချက် ပါဝင် သရုပ်ဆောင်ရတော့တယ်။

ပြောင်မြောက်လှတဲ့ နေလင်းရဲ့ သရုပ်ဆောင်ချက်တွေကြောင့် ပရိသတ်သဘောကျနေကြတယ်။

ဖူးငုံနှင်းဆီကတော့ သရုပ်ဆောင်ရင်းပဲ အတွေးတွေနဲ့ နေ လင်းကို ပြုံးပြုံးကြည့်နေမိတယ်။

ပြုံးကြည့်နေတဲ့ ဖူးငုံနှင်းဆီကို နေလင်းက မျက်စိတောင် မှိတ် ပြလိုက်ပါသေး။

ဘာပဲဖြစ်ဖြစ် . .

သည်ပွဲမှာ သဏ္ဍာန်လုပ်သရုပ်တူခဲ့တာမို့ လက်ခုပ်သံတဖြောင်း ဖြောင်း ဖြစ်ခဲ့ရတယ်။

ပရိသတ်အဖို့ သဘောကျသွားကြတာကတော့ ကနေရင်း နေ လင်းရဲ့နှုတ်ခမ်းမွေး ပြုတ်ကျသွားတဲ့အခန်းပဲ။

ဒီအကွက်ဟာ ပရိသတ်သဘောကျပေမယ့် ဖူးငုံနှင်းဆီအတွက် ပေါ်သလိုင်းထဖို့ ဖြစ်ခဲ့ရတယ်။

နေလင်းဟာ ဘာလဲ၊ ဘယ်သူလဲဆိုတာ သူသိလိုက်ပြီတဲ့။

'တောက် . . လူလိမ် . . လူညာ။ ငါ့အချစ်ကို လှည့်စားဖို့ ကြံတယ်၊ သိမယ်'



www.burmeseclassic.com

www.burmeseclassic.com



ဖူးငုံနှင်းဆီရင်ထဲက ကြိမ်းမောင်းနေတဲ့ ကြိမ်းဝါးချက်ပဲလေ။

တကယ်လည်း ဖူးငုံနှင်းဆီရက်စက်ခဲ့တယ်။

နောက်ဆုံးခန်းမှာ လက်ချင်းချိတ်ပြီး ပရိသတ်ကိုဦးညွှတ်လို့ ကန့်လန့်ကာအချမှာ ကန့်လန့်ကာနောက်ကွယ်မှာပဲ ဖူးငုံနှင်းဆီက ရက်စက်ပြလိုက်တယ်။

"လူယုတ်မာ. . အခုထွက်သွား"

ဆိုပြီး ပါးကိုလှမ်းရိုက်တော့ နေလင်းက ဖူးငုံရဲ့လက်ကို အတင်းဆွဲထားလိုက်တယ်။

ထပ်ရိုက်မလို့ အတင်းရုန်းနေတဲ့ ဖူးငုံနှင်းဆီကိုကြည့်ပြီး နေလင်းသက်ပြင်းချလိုက်တယ်။ လက်ကို ဖြေလျှော့ပေးလိုက်တယ်။

"ကိုယ့်ပါးကို ရိုက်ချင်လှရင် ရိုက်လိုက်ပါတော့ ဖူးငုံရယ်"

လို့ ပါးလေးထိုးပေးတော့ ဘာပြောကောင်းမလဲ။ ဖူးငုံက တွယ်ထည့်လိုက်တာ မီးကိုပွင့်ရော။

"မှားပဟ. . တကယ်တွယ်တယ်"

လို့ ရေရွတ်ရင်း နေလင်း ပါးလေးကို ပွတ်ကျန်ရစ်တယ်။

ဖူးငုံနှင်းဆီကတော့ ဆောင့်ဆောင့်ဆို ပြေးထွက်သွားပြီလေ။

"ဩော်. . မုန်းသွားပြီလား ချစ်သူရယ်"

***



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၂၆)

"ရှင့်ကို ကျွန်မမုန်းတယ်. . မုန်းတယ်. . မုန်းတယ်. ."

ဖူးငုံနှင်းဆီရဲ့ အသံက ဟိန်းထွက်နေတဲ့အသံ။ မီးဝင်းဝင်းတောက်နေတဲ့ မျက်လုံး။

နေလင်း မြင်ယောင်၊ ကြားယောင်နေတယ်။ ဘယ်လိုမှ ရှင်းပြခွင့်မပေးဘဲ တစ်ဖွတ်ထိုး မုန်းတယ်အော်နေတဲ့ ဖူးငုံကို ဘယ်လိုရှင်းပြရမှန်းမသိ ဖြစ်နေတယ်။

ကျာနယ်တိုက်ထဲကနေ အတင်းခေါ်ခိုင်းလိုက်လို့ စားလတ်စသောကြော်သုပ်ပန်းကန်ကိုချပြီး လိုက်ခဲ့မိတာ မှားပြီလား။

သန်လျင်တံတားအနီးက မြစ်ကမ်းနံဘေးမှာ အသင့်စောင့်နေတဲ့ ဖူးငုံနှင်းဆီက စွတ်ကောာ်၊ စွတ်တင်တော့တာ။

နေလင်း ဘယ်လိုမှ မခံစားနိုင်တော့လို့ အိမ်သာပြေးရတဲ့အခါ။



www.burmeseclassic.com

www.burmeseclassic.com



ဖူးငုံနှင်းဆီကလည်း ဘာထူးမှာလဲ။ ညက အိမ်မှာ ကိုရီးယား အကင်စုံကို အချဉ်ရည်ကောင်းကောင်းနဲ့ စားထားတဲ့စနက်ကြောင့် သူလည်း မခံစားနိုင်ဘဲ 'မ,အိမ်သာ' ကို ပြေးခဲ့ရတာပ။

ဖူးငုံပြန်ထွက်လာတော့ နေလင်းကို မတွေ့တော့ဘူး။ အိမ်သာ ထဲကများ မထွက်သေးတာလား စဉ်းစားရင်း၊ စောင့်ရင်း စိတ်မရှည်လို့ ဝင်ကြည့်မယ်လုပ်သေးတာ။

"ကလေးမ. . အဲဒါ ကျားအိမ်သာလေ"

"သိတယ်"

မှားနေလို့ အကောင်းပြောတာကို ဆောင့်ခနဲပြန်ဖြေလို့ ပြောမိသူမှာ သူ့ပါးသူရိုက်ချင်သလို ဖြစ်သွားတယ်။ ပေစောင်းပေစောင်းနဲ့ ကြည့်ပြီး ပြောသွားသေးတာ။

"ဟင်း. . ငါမပြောရင် ဝင်တော့မလို့များ။ သိသလေးဘာလေး နဲ့။ စာများ မတတ်လို့ပဲလား"

ဖူးငုံနှင်းဆီကတော့ ဘာမှပြောမနေတော့ဘူး။

လှိုက်ဖိုနေတဲ့ ရင်အစုံကို မနှိပ်ရဘဲ ရစ်တစ်တစ်ဖြစ်နေတဲ့ ဗိုက်ကို နှိပ်ရင်း အိမ်ပြန်ခဲ့ရတော့တယ်။

အိမ်ရောက်ရောက်ချင်းပဲ အိမ်သာထဲ တန်းဝင်သွားရသေး တယ်။

အိမ်သာထဲမှာ အကျအနထိုင်ရင်း ကြိမ်းဝါးနေသေးတာ။

"ဟင်း. . အိမ်သာကိစ္စ၊ ရစ်တဲ့ကိစ္စကြောင့် မျက်ခြည်ပြတ်သွား တာ။ မနက်ဖြန် ရုံးကျ တွေ့မယ်"

***



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၂၇)

တစ်ရုံးလုံး တိတ်ဆိတ်နေတယ်။

ဖူးငုံနှင်းဆီ ရုံးရောက်တော့ တစ်ရုံးလုံး မျက်နှာမကောင်းကြဘူး။

'ဘာအထာလဲ။ ဘာဖြစ်နေကြတာလဲ'

လို့ ဖူးငုံနှင်းဆီတွေးရင်း သူ့စားပွဲမှာ ဝင်ထိုင်လိုက်တယ်။

အားလုံး မျက်နှာမကောင်းကြဘဲ ခေါင်းတွေငုံ့ပြီး ကိုယ့်အလုပ်ကိုယ်လုပ်နေကြတယ်။

ဖူးငုံနှင်းဆီကိုတော့ ကွက်ကြည့်ကွက်ကြည့် လုပ်နေကြသေးတာ။

ဖူးငုံနှင်းဆီရင်ထဲမှာ ပဟေဠိဖြစ်တယ်။ ရုံးထဲမှာ ကိုအောင်မျိုးလည်း မတွေ့ဘူး။ နေလင်းကိုလည်း မမြင်ဘူး။ မနေနိုင်တဲ့အဆုံး အင်ကြင်းခိုင်ဆီ ထသွားပြီး တီးတိုးမေးလိုက်တယ်။



www.burmeseclassic.com

www.burmeseclassic.com



"ရုံးက လူတွေ ဘာဖြစ်နေကြတာလဲ"

"ဖူးငုံမသိသေးဘူးလား"

"ဟင့်အင်း. .။ ဘာဖြစ်လို့လဲ"

"ကိုနေလင်း ကားတိုက်ခံရလို့"

"ဘာ. ."

ဖူးငုံနှင်းဆီ ခေါင်းနပန်းကြီးသွားတယ်။ မသေချာလို့ ပြန်မေးတယ်။

"ဘာပြောတယ်. .။ ပြန်ပြောစမ်းပါ အင်ကြင်းခိုင်"

"ကိုနေလင်း ကားတိုက်ခံရလို့ ဆေးရုံရောက်နေတယ်"

"ဘာဖြစ်သွားသေးလဲ"

"ဒဏ်ရာမပြင်းပေမယ့် သတိလစ်နေတယ်"

"အင်းလေ. . ဘာမှမဖြစ် ပြီးတာပဲ။ ဖြစ်လည်း ကိုယ်နဲ့မဆိုင်ပါဘူး"

ဖူးငုံနှင်းဆီ တိုးတိုးလေးပြောတော့ အင်ကြင်းခိုင်က ခေါင်းခါတယ်။

"မဟုတ်သေးဘူး နှင်းဆီ။ မင်းမှားနေပြီ"

"ဘာမှမမှားပါဘူးကွာ။ ကိုယ့်ကိုလှည့်စားတာကို လက်ဆုပ်လက်ကိုင်မိထားတာပဲဟာ"

"မဟုတ်သေးဘူး။ ကိုယ်ပြောတာကို နားထောင်ဦး။ မနက်က အစောကြီးပဲ ကိုနေလင်းရောက်လာတယ်။ ဆရာလည်း ရောက်နေလို့ ဆရာ့ကိုဝင်တွေ့ပြီး သူ့ အလုပ်က ထွက်ခွင့်တောင်းတယ်"

"တကယ်ပြောတာလား"

"ကိုယ်မညာပါဘူး။ ရုံးမှာ လူမစုံသေးလို့ ကိုယ်လည်း သူနဲ့ ဆရာပြောတာတွေ ချောင်းနားထောင်လို့ အကုန်ကြားရတယ်။ ဒီပုံ နှင်းဆီရဲ့. ."

***



www.burmeseclassic.com

www.burmeseclassic.com



"မောင်နေလင်း. . စော့စောစီးစီး ဘာကိစ္စများ ရှိနေပါလိမ့်"

"ဆရာ့ကို တောင်းပန်ချင်လို့ပါ ဆရာ"

"အာ. . ဘာများလဲကွာ"

"ဒီလိုပါ ဆရာ။ ဆရာ့ကို ကျွန်တော် မကွယ်မထောက် မှန်ရာကို ဝန်ခံပြောပြခဲ့ပါရစေ"

"မင်းဟာ အဆန်းပါလား။ ပြောကွာ. . ပြော. . "

"ဖူးငုံနှင်းဆီဟာ ဆရာ့တူမပါနော်"

"ဟုတ်ပါတယ်ကွ။ လူတိုင်းသိ၊ မင်းလည်းသိသားနဲ့"

"သိပါတယ်ဆရာ။ သိသိကြီးနဲ့ပဲ နှင်းဆီအပေါ် ကျွန်တော် မေတ္တာရှိခဲ့မိပါတယ်"

"ဒါ. . မဆန်းပါဘူးကွာ။ လူပျို၊ အပျိုတွေပဲ။ ပြဿနာမရှိပါဘူး"

"ပြဿနာရှိပါတယ် ဆရာ။ အကြီးအကျယ်ကို ရှိပါတယ်။ သူဟာ ကျွန်တော့်ရဲ့ ရိုးရှင်းတဲ့ဒီဂိုင်းကို မကြိုက်ဘဲ ခေတ်မီမှုငယ်စတိုင်လ်



www.burmeseclassic.com

www.burmeseclassic.com



မိုးကိုသာ စိတ်ဝင်စားမှန်းသိလို့ ကျွန်တော် သူ့ကို လှည့်စားမိပါတယ်"

နေလင်းက အစအဆုံးပြောပြလေတော့ ဦးဟန်ညွန့် မျက်ခုံး ပင့်မိတယ်။ မျက်မှောင်လည်း ကြုတ်မိတယ်။ ရိုးသားဖြောင့်စင်းတဲ့ နေလင်းကိုကြည့်ရင်း ခေါင်းလေးညိတ်လို့ အားပေးစကားဆိုမိတယ်။

"အင်း . . မောင်နေလင်းရဲ့ လုပ်ဆောင်ချက်ဟာ အပြစ်လို့ ပြောလို့ရတယ်လည်း ဆိုလို့ရသလို အပြစ်မဟုတ်ဘူးလို့လည်း ဆိုလို့မရ ဘူး။ အဲ . . သေချာတာတစ်ခုကတော့ မောင်နေလင်းရဲ့မေတ္တာဟာ စစ် မှန်တယ်ဆိုတာပါပဲ။ စိတ်မကောင်းဖြစ်မနေပါနဲ့"

"ဆရာ . . ကျွန်တော့်ကို စိတ်ခုသွားပြီလား ဆရာ။ ကျွန်တော် တောင်းပန်ခဲ့ပါရစေ"

"တောင်းပန်စရာ မလိုပါဘူးကွာ။ မောင်နေလင်း ဒီရက်မှာ ခွင့်ယူချင်ယူနော်။ နားနားနေနေ နေဦးပေါ့"

"ကျေးဇူးတင်ပါတယ်ဆရာ။ ကျွန်တော့်ကို အလုပ်က ထွက်ခွင့် ပြုပါဆရာ"

"ဘယ်လို မောင်နေလင်း. . "

"ကျွန်တော်အလုပ်ထွက်ပါရစေဆရာ။

ဟုတ်ပါတယ်ဆရာ။ ဒီတစ်သက်မှာ ဖူးငုံနှင်းဆီရဲ့ အမုန်းတွေ ဟာ ပြေလိမ့်မယ် ကျွန်တော်မထင်ဝံ့ပါဘူး"

"မဟုတ်သေးပါဘူးကွာ။ အချိန်စောင့်ပြီး စိတ်ပြေအောင် ရှင်း ပြပေါ့"

"ဟင့်အင်း. . သူ့ကို ကျွန်တော်ကြောက်တယ်ဆရာ။ ပါးတစ် ဖက် အရိုက်ခံရရုံနဲ့ အကြောက်ကြီးကြောက်နေမိပါတယ်ဆရာ"

"ဟာ. . အဲဒီလို ပုံသေမတွက်နဲ့ကွာ။ ငါ့မိန်းမ ငါနဲ့မရခင်က ငါ့ကိုလည်း ဆော်ထည့်ဖူးတာပဲ။ နှစ်ဖက်လုံးရိုက်ပြီးမှ အဆင်ပြေသွား တာဟ။ နောက်ပိုင်းများ ရိုက်မိလို့ မျက်ရည်လေးစမ်းစမ်းစမ်းစမ်းနဲ့ တဖွဖွတောင်းပန်နေတော့တာမောင်။ ဖီးလ်ပဲ"



www.burmeseclassic.com

www.burmeseclassic.com


ဦးဟန်ညွန့်ပြောပုံအရဆို ကျွန်သည့်ပါးတစ်ဖက်အား ထပ်ရိုက်ခိုင်းရမလို ဖြစ်နေလေရဲ့။

"ဟင့်အင်းဆရာ. . ။ ဖိုးလိကနောက်၊ အတီးခံရမှာက အရင်၊ ကြောက်တယ် ဆရာရယ်။ ကျွန်တော့်ကို အခုပဲ အလုပ်ထွက်ခွင့်ပြုပါ။ သူမလာခင် ကျွန်တော်ပြန်မယ်ဆရာ။ ဆရာ့ကို ကန်တော့ခဲ့ပါတယ်ဗျာ"

***

"သူ ဆရာ့ကိုထိုင်ကန်တော့ပြီး ဆရားတားနေတဲ့ကြားက ထွက်သွားတာပဲကွာ။ ခဏနေတော့ ကိုအောင်မျိုးပြေးတက်လာပြီး ရုံးအောက်က လမ်းပေါ်မှာ နေလင်းဂျားတိုက်ခံရလို့လို့ လာပြောတာပဲ"

အင်ကြင်းခိုင်စကားကြောင့် ဖူးငုံနှင်းဆီ တွေသွားတယ်။ ငိုင်သွားတယ်။ ဟပ်ထိသွားပုံပဲ။

"အထဲမှာ ဦးလေးရှိလား"

"ဟင့်အင်း. . ဆေးရုံလိုက်သွားတာ ပြန်မလာသေးဘူး"

"အင်ကြင်းခိုင်. . ကိုယ်နဲ့ ခဏလိုက်ခဲ့"

"ဘယ်ကိုလဲ"

"ဆေးရုံကို. . "

***


www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၂၈)

မြင်ကွင်းက မလှပဘူး။

ခုတင်ထက်မှာ နေလင်းတစ်ယောက် မျက်လုံးမှိတ်ပြီး အိပ်ကြည့်နေတာမဟုတ်ဘူး။ သတိကို လစ်နေတာ။

သူ့ဘေးမှာတော့ ဆရာဝန်၊ နပ်စ်မလေးတစ်ယောက်၊ ဦးဟန်ညွှန့်နဲ့ အောင်မျိုးတို့ ရှိနေကြတယ်။

ဖူးငုံနှင်းဆီနဲ့ အင်ကြင်းခိုင်တို့ ဝင်လာတာမြင်တော့ ဦးဟန်ညွှန့်က လှမ်းခေါ်တယ်။

"ဖူးငုံနှင်းဆီ. . တူမကြီး. . လာ. . လာ. ."

တူမကြီးကိုခေါ်တာ ချွေးခေါ်တာ ကျနေတာပဲ။

ထူးခြားတာက ဆရာဝန်က နေလင်းရဲ့မျက်လုံးကိုဖြဲပြီး ဓာတ်မီးလေးနဲ့ ထိုးကြည့်နေတုန်း. .

ဦးဟန်ညွှန့်ရဲ့ခေါ်သံကြောင့် နေလင်းရဲ့မျက်လုံးလေးနှစ်ဖက် အထက်တက်ကပ်သလိုမျိုး လှုပ်သွားတယ်။

ဆရာဝန် နားလည်လိုက်တယ်။ ထူးခြားတဲ့ခံစားမှုနဲ့ အကြားအာရုံအရ အာရုံ (နှာ) ကြောလေးတွေ လှုပ်ခတ်သွားတယ်ဆိုတာ သိလိုက်တယ်။ ဆရာဝန်က ဦးဟန်ညွှန့်ကို လှည့်ပြောတယ်။

"လူကြီးမင်း. . ခုနခေါ်သလို နောက်ထပ်ခေါ်လိုက်ပါဦး"



www.burmeseclassic.com

www.burmeseclassic.com



ဖုန်းခေါ်ခိုင်းတယ်မှတ်ပြီး ဦးဟန်ညွန့်က ခါးမှာချိတ်ထားတဲ့ ဟန်းဖုန်းကို ကိုင်လိုက်တယ်။

"ဘယ်နံပါတ်ကို ခေါ်ရမှာလဲ ဆရာ"

"နိုး. . နိုး. . ဖူးငုံနှင်းဆီ ခေါ်ခိုင်းတာ"

"သူ့မှာ ဖုန်းမပါဘူး။ လိုလည်း မလိုဘူးလေ။ ဒီမှာ ရောက်နေပြီ"

"သိတယ်. . ။ ထပ်ခေါ်ပါ။ နှင်းဆီဖူးငုံလို့ ထပ်ခေါ်ပါ"

"ဖူးငုံနှင်းဆီပါ ဆရာ"

"သိတယ်။ ဘာငုံတဲ့ နှင်းဆီပဲဖြစ်ဖြစ်. . ခေါ်ပါ. . ထပ်ခေါ်ပါ"

"ဟုတ်ကဲ့. . ခေါ်ပါ့မယ်။ ဖူးငုံနှင်းဆီ"

"ရှင်. ."

"နိုးနိုး. . ကလေးမ မထူးနဲ့"

"ခေါ်ရင် ထူးရမှာပေါ့"

"ထူးစရာမလိုဘူး။ ခေါ်ဖို့ပဲ လိုတယ်။ ထပ်ခေါ်ပါ။ ဒါ. . ဆေးကုနေတာ"

"တစ်မျိုးပဲဟ"

လို့ ရင်ထဲက ရေရွတ်မိတာက အောင်မျိုးပါပဲ။

"ဖူးငုံနှင်းဆီ. ."

"ရှင်. . အဲ. . မရှင်. ."

"ကလေးမ ပါးစပ်ပိတ်ထားပါ။ တိပ်နဲ့ အကပ်ခံချင်လို့လား။ လူကြီးမင်း. . ထပ်ခေါ်ပါ"

"ဖူးငုံနှင်းဆီ. ."

"ဟုတ်ပြီ. . ။ ခေါ်ဦး"

ဖူးငုံနှင်းဆီလို့ တစ်ခါခေါ်တိုင်း လူနာရဲ့ အာရုံ(နှာ)ကြောလေးတွေ လှုပ်ရှားလာပြီး ပွစိပွစိဖြစ်လာတာ ဆရာဝန်သိနေတယ် သာမန်လူ မသိဘူးရယ်။



www.burmeseclassic.com

www.burmeseclassic.com



ဒီလိုလူနာမျိုးကို ဒီလိုကုထုံးမျိုးနဲ့ ကုရမယ်ဆိုတာလည်း သိနေတယ်။ သူ့ရောဂါက အာရုံကြော (နှာ) ထိခိုက်သွားတာ။

နှာခေါင်းသံလေးပေးလိုက်ရင် ချက်ချင်းပြန်ကောင်းသွားနိုင်တယ်ဆိုတာ ဆရာဝန်သိနေတယ်။ ဆရာဝန်က ကုထုံးကို မြှင့်လိုက်တယ်။

"ကလေးမနာမည်က ဖူးငုံနှင်းဆီနော်"

"ဟုတ်. ."

"လူနာရဲ့ ချစ်သူလား"

ဖူးငုံမဖြေဘူး။ ခေါင်းငုံ့သွားတယ်။ ဦးဟန်ညွှန့်က အားပေးတယ်။

"ရှက်မနေနဲ့ ဖူးငုံ။ အရှက်ထက် အသက်က အရေးကြီးတယ်။ ပြောစရာရှိ ပြော။ ရဲရဲပြော"

"ဖူးငုံမပြောတတ်ဘူး"

"ဒါဆို ဦးလေးမေးမယ်။ ဖူးငုံ သူ့ကိုမုန်းနေလား"

"ဘယ်လိုပြောရမလဲ။ ဟင့်အင်း. .။ မမုန်းပါဘူး"

"အေး. . မမုန်းရင် ချစ်လို့ပဲ။ ကိုယ့်ကိုယ်ကိုယ် မညာနဲ့။ ဦးလေးမကြိုက်ဘူး"

"ဆရာကြိုက်လို့လည်း မဖြစ်ဘူးလေ"

အောင်မျိုးက ဝင်နောက်တာ။ သူတို့ပြောဆိုနေတုန်း နေလင်းလက်ကလေးတွေ လှုပ်လာတာကို အင်ကြင်းခိုင်မြင်တော့ အော်တယ်။

"ဟယ်. . လှုပ်တယ်တော့"

"ဘာလှုပ်တာလဲ'

"လက်. . လက်. . ဟိုမှာ လက်လှုပ်တယ်"

ဆရာဝန်က သေချာကြည့်ပြီး မှတ်ချက်ချတယ်။

"အင်း. . အာရုံကြော (နှာ)တွေပွင့်လာပြီး မကြာခင် ကျိုထွက်လာလိမ့်မယ်။ ကလေးမ. . လူနာအတွက် ဆရာ့ကို ကူညီနော်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်. . ဟုတ်ကဲ့"

"ကဲ. . မဆိုင်တဲ့လူတွေ ခေတ္တအပြင်ထွက်ပေးပါ"

အသီးသီးအပြင်ထွက်သွားတော့မှ ဆရာဝန်က ဖူးငုံနှင်းဆီကို တိုးတိုးလေးမှာကြားပြီး သူပါ အပြင်ထွက်သွားတယ်။ တံခါးကိုလည်း ဆွဲပိတ်သွားသေးတာ။

အခန်းထဲမှာတော့ နေလင်းပက်လက်နဲ့ ဖူးငုံနှင်းဆီမတ်တတ် နှစ်ယောက်တည်း။

ဆရာဝန်မှာသွားတဲ့အတိုင်း လုပ်ဖို့ ဖူးငုံနှင်းဆီ ခုတင်ဘေးမှာ ထိုင်လိုက်တယ်။

"ကိုနေလင်းရယ်. . သတိရပါတော့။ ရှင့်ကို ကျွန်မ ချစ်လွန်းလို့ မုန်းမိတာပါ။ ရှင့်ကို ကျွန်မချစ်ပါတယ်"

ဟုတ်ပ့ါ. . ။

စွမ်းပ့ါ. . ။

နှစ်ခါမပြောရဘူး။ နေလင်း ဆတ်ဆို မျက်လုံးဖွင့်ကြည့်တယ်။ စကားတော့ မပြောဘူး။

"ကိုသတိရပြီနော်"

သတိရတာများ ကိုယ်တွေ၊ ခေါင်းတွေ ခွဲခြားမေးသလို လုပ် နေသေးတယ်။ ဟိုက ခေါင်းတော့ညိတ်ပြရှာပါတယ်။ ခေါင်းသတိရပြီး ကိုယ်သတိမရသေးတဲ့ ပုံပါပဲ။

ဟုတ်ပ့ါ. . ။

ကိုယ်က မလှုပ်။ စကားမပြော။ တွေကြည့်နေရုံပဲ ရှိသေးတယ်။ ဆက်ဝါးနှစ်ဖက်ကတော့ ဆုပ်လိုက်၊ ဖြန့်လိုက်နဲ့။ တစ်ခုခုကို ညစ်ချင် နေပုံ။

သတိရပြီဆိုပေမယ့် မျက်လုံးဖွင့်ပြီးအိပ်သလိုဖြစ်နေတဲ့ လူနာ ကြောင့် ဖူးငုံနှင်းဆီစိတ်လေသွားတယ်။

ဘယ်လိုလုပ်ရပ့ါမလဲလို့ မေးပွတ်စဉ်းစားမိတယ်။ အေးအားလည်း



www.burmeseclassic.com

www.burmeseclassic.com



သိပ်မကပ်ရဲတော့ဘူး။ လက်နှစ်ဖက်က ဆုပ်လိုက်၊ ဖြန့်လိုက် လုပ်နေတုန်းကိုး။

ဖူးငုံနှင်းဆီက အကြွေရသွားဟန်နဲ့ နေလင်းရဲ့နားနားကပ်ပြီး တစ်စုံတစ်ရာကို တိုးတိုးလေးပြောလိုက်တယ်။

ဒီတော့မှ နေလင်း ဆတ်ဆို ထထိုင်တယ်။ အရေးတကြီး စကားတစ်ခွန်းပြောတယ်။

"ဆေးရုံက အခုပဲ ဆင်းတော့မယ်"

ချက်ချင်းကိုဆင်းမယ်ချည်းလုပ်နေလို့ ဦးဟန်ညွန့်တို့ ပြေးဝင်လာပြီး မေးတော့တယ်။

"မောင်နေလင်း. . သတိထား။ သတိရပြီနော်"

"ဟုတ်ကဲ့ဆရာ"

"ဖူးငုံက ဘာပြောလို့လဲ။ မုန်းတယ် ပြောလို့လား"

"မဟုတ်ပါဘူးဆရာ"

"ဒါဆို ဘာပြောမိလို့လဲ"

"သူပြောတယ်ဆရာ။ သူပြောတာ ကျွန်တော်ဟပ်ထိသွားသလို ခံစားရတယ်ဆရာ"

"သူက ဘာပြောလို့လဲကွာ"

"သူကလေ. . ကျွန်တော့်နားနားကပ်ပြီး 'ကိုနေလင်း. . အမြန်သတိရပါတော့။ ဒီအခန်းက အထူးခန်း။ တစ်ရက်ရှစ်ထောင်' လို့ ပြောတယ်ဆရာ"

နေလင်းစကားကြောင့် အားလုံး ပါးစပ်အဟောင်းသား။

စာရှုသူများဆိုရင်ရော ဘယ်လိုဖြစ်မည်နည်း. . ။

ခံစားကြည့်လိုက်ကြစမ်းပါ။ ။

❖

(ဤတွင်ပြီး၏တည်း)

လူသားအားလုံးကို ရယ်မောစေလိုတဲ့

အငြှာင်တော်



www.burmeseclassic.com